# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၇၇ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၀ ရက်　၂၀၁၅ ခုနှစ်၊ ဇွန် ၁၁ ရက်၊ ကြာသပတေးနေ့၊　အတွဲ [၅၄]၊ အမှတ် [၂၄၉]


အရိယ သစ္စာန ဒဿနံ
တော်မဂ်လ မုတ္တမံ
သစ္စာလေးပါးကိုသိခြင်းသည်
မြတ်သော မင်္ဂလာမည်၏။

# အင်းလေးဒေသကို မြန်မာနိုင်ငံ၏ ပထမဆုံးဇီဝအဝန်းနယ်မြေအဖြစ် အသိအမှတ်ပြုသတ်မှတ်နိုင်ခဲ့သဖြင့် နောင်တွင် ကူညီပံ့ပိုးမှုများစွာရရှိလာမည်




**နေပြည်တော်　ဇွန်　၁၀**

နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် တောင်ကြီးခရိုင်၊ လွိုင်လင်ခရိုင်၊ လင်းခေးခရိုင်တို့မှ စီမံခန့်ခွဲမှုကော်မတီဝင်များ၊ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဝင်များ၊ စည်ပင်သာယာရေးကော်မတီဝင်များနှင့် ယနေ့နံနက် ၉ နာရီတွင် ရှမ်းပြည်နယ် တောင်ကြီးမြို့ မြို့တော်ခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံပွဲ အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ ဦးသိန်းညွန့်၊ ဦးစိုးသိန်း၊ ဦးအုန်းမြင့်၊ ဦးဝင်းထွန်း၊ ဦးခင်မောင်စိုး၊ ဒေါက်တာကိုကိုဦး၊

*စာမျက်နှာ ၈ ကော်လံ ၁* ✻

နိုင်ငံတော်သမ္မတဦးသိန်းစိန် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

(ဓာတ်ပုံ-ပြန်/ဆက်)

## မားစ်ရောဂါအခြေအနေကြောင့် တောင်ကိုရီးယားသမ္မတ အမေရိကန်ခရီးစဉ်ရွှေ့ဆိုင်း

စာ » ၄

## အာရှတိုက်က သက်ကြီးရွယ်အိုများပြီး မွေးဖွားနှုန်းကျနေတဲ့ပြဿနာ

ဆောင်းပါး

စာ » ၆

## လာမည့်ဆယ်စုနှစ်အတွင်း ရေသယံဇာတလိုအပ်မှု မြင့်တက်လာနိုင်ဟု ပညာရှင်များဆို

စာ » ၁၄




# အထွေထွေရွေးကောက်ပွဲကို ၂၀၁၅ ခုနှစ် အောက်တိုဘာလကုန် / နိုဝင်ဘာလဆန်းတွင် ကျင်းပမည်

## သင့်မဲဖြင့် အနာဂတ်အား ပုံဖော်ဖို့ မဲစာရင်းကိုကြည့်ကြစို့

## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

### ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ တိုးတက်လာမည်

ရန်ကုန်မြို့၏ အဓိကဆေးရုံကြီးများဖြစ်သည့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးအပါအဝင် ဆေးရုံများကို အဆင့်မြှင့်တင်တည်ဆောက်ခြင်း၊ အကြီးစားပြုပြင်မွမ်းမံခြင်း၊ အဆောင်သစ်များထပ်မံတိုးချဲ့တည်ဆောက်ခြင်း၊ ဆေးနှင့်ဆေးပစ္စည်းများကို ပိုမိုဖြည့်ဆည်းပေးခြင်းတို့ဖြင့် ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုကို ထိရောက်စွာ ဆောင်ရွက်လျက်ရှိပါသည်။ ယခုအခါ ဆေးရုံကြီးအများစုတို့၌ အခမဲ့ဆေးကုသပေးလာနိုင်ပြီဖြစ်သည့်အလျောက် ဆေးရုံကြီးများအပေါ် ပြည်သူများ၏ ယုံကြည်ကိုးစားမှုများ ရရှိနေပြီဖြစ်ပါသည်။

ထပ်မံ၍လည်း ကျန်းမာရေးအသုံးစရိတ် တိုးလာသည့်အလျောက် ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုသည် ပိုမိုတိုးတက်လာဦးမည်ဖြစ်ပါသည်။ ထို့ကြောင့်လည်း ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းက ဇွန်လ ၈ ရက်နေ့တွင် ရန်ကုန်မြို့ အရိုးရောဂါ အထူးကုဆေးရုံကြီးသို့ရောက်ရှိစဉ် တာဝန်ရှိသူများအား မိမိတို့အစိုးရသစ်ကာလတွင် ကျန်းမာရေးဆိုင်ရာ အသုံးစရိတ်များကို လေးဆ၊ ငါးဆအထိ တိုးမြှင့်သုံးစွဲလျက်ရှိရာ ယခုဆိုလျှင် ငွေကျပ် ၇၈၃ ဘီလီယံအထိ ကျခံသုံးစွဲလျက်ရှိကြောင်း၊ သို့သော်လိုအပ်ချက်များလည်း ရှိနေဦးမည်ဖြစ်ကြောင်း၊ ယင်းလိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရန်အတွက် ပြည်သူများနှင့် စေတနာရှင်အလှူရှင်များ၏ ပံ့ပိုးမှုအားကိုလည်း ရယူဆောင်ရွက်သွားရန် လိုအပ်ပါကြောင်းဖြင့် ပြောကြားခဲ့ပါသည်။

မှန်ပါသည်။ ကျန်းမာရေးအသုံးစရိတ်များ သိသိသာသာ တိုးမြှင့်ပေးသော်လည်း စေတနာရှင်ပြည်သူများ၏ လှူဒါန်းမှုများ လိုအပ်နေပါသည်။ ကျွန်ုပ်တို့မြန်မာလူမျိုးများသည် အလှူအတန်းဘက်တွင် ရက်ရောကြသူများဖြစ်ကြသော်လည်း လူမှုရေးအလှူဘက်တွင် သတိမမူမိဘဲဖြစ်တတ်ကြပါသည်။ အထူးသဖြင့် ဆေးရုံဆေးခန်းများ၌ ဆေးဝါးအလှူ၊ ဆေးပစ္စည်းအလှူနှင့် အာဟာရအလှူများ လိုအပ်လျက်ရှိပါသည်။ မိမိတို့ တတ်စွမ်းသမျှ ဆေးရုံဆေးခန်းများ၌ ဆေးဝါးအလှူနှင့် အာဟာရအလှူများ လှူဒါန်းသွားနိုင်မည်ဆိုပါက ပိုမိုပြည့်စုံသော ကျန်းမာရေးစောင့်ရှောက်မှုများ ရရှိလာမည်ဖြစ်ပါသည်။

နိုင်ငံတော်အနေဖြင့် ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုတိုးတက်လာစေရန် ဆေးနှင့်ဆေးပစ္စည်းများကို ဆေးရုံကြီးများ၌ ပိုမိုဖြည့်ဆည်းပေးနေသကဲ့သို့ ဆေးရုံများအဆင့်မြှင့်တင်ခြင်းနှင့် အသစ်တည်ဆောက်မှုများကိုလည်း အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိရာ ကြည့်မြင်တိုင်မြို့နယ်ရှိ ခုတင် ၃၀၀ ဆံ့ ရန်ကုန်အရိုးအထူးကုဆေးရုံကြီးသည် အရိုးနှင့်ပတ်သက်သော ရောဂါများကို ထိရောက်စွာကုသနိုင်သော ဆေးရုံကြီးအဖြစ်သို့ရောက်ရှိလာရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ဤဆေးရုံကြီးသည် အရိုးရောဂါကုသရေးနှင့် သင်ကြားရေးဆေးရုံကြီးအဖြစ် အရိုးရောဂါဆိုင်ရာ Doctorate ဘွဲ့၊ မဟာသိပ္ပံဘွဲ့၊ အရိုးရောဂါသူနာပြု ဒီပလိုမာနှင့်ဘွဲ့ကြိုသင်တန်းများအား စာတွေ့ လက်တွေ့ ပုံမှန်သင်ကြားလျက်ရှိပြီး နေ့စဉ်ပျမ်းမျှပြင်ပလူနာ ၁၅၀ မှ ၂၅၀ နှင့် တစ်လလျှင် ခွဲစိတ် လူနာ ၃၀၀မှ ၅၀၀ အထိကိုလည်း လက်ခံကုသပေးလျက်ရှိကြောင်း သိရသည်။ ဤသို့အထူးကုဆေးရုံကြီးများနှင့် ဆေးရုံကြီးများ၌ အဆင့်မြှင့်တင်မှုများဆောင်ရွက်လာမှုအပေါ် စေတနာရှင်ပြည်သူများ၏ ပူးပေါင်းအားနှင့် ဆောင်ရွက်သွားနိုင်မည်ဆိုပါက ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများမှာ ပိုမိုတိုးတက်ကောင်းမွန်လာမည်ဖြစ်ပါကြောင်း။ ။

### ထင်သာမြင်သာပြုပြင်စရာ



### ရေဆိုးမြောင်းအား အမြန်ဆုံးတူးဖော်ပေးစေလို

တောင်သာမြို့ မြို့မစည်ပင်သာယာဈေးနှင့် ဘုရားကြီးဈေးသွားလမ်းမတစ်လျှောက်တွင် မိုးရွာချိန်များ၌ ရေပုပ် ရေဆိုးများ လမ်းမပေါ်သို့ လျှံထွက်လာပြီးလမ်းပျက်စီးမှုများ ဖြစ်ပေါ်နေသည့်အပြင် မိုးတွင်းကာလများ၌ သွားလာရေးပါ အဆင်မပြေဖြစ်လျက်ရှိရာ နှစ်ကာလကြာမြင့်နေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါလမ်းမ၏ဘေးတွင် အုတ်ရိုးရေသွယ်မြောင်း ရှိနေသော်လည်း အနီးဝန်းကျင်ရှိ ဈေးဆိုင်များ၏ စွန့်ပစ်ပစ္စည်းများအပါအဝင် နှစ်စဉ်တူးဖော်ခြင်းမရှိ၍ ပိတ်ဆို့နေရာ မြောင်းမရှိတော့သည့် အနေအထားဖြစ်လာပြီး ရေလျှံထွက်လာခြင်းဖြစ်ကြောင်း၊ ယခုအဆိုပါ စီးဆင်းရေ၏ အနံ့ဆိုးများကြောင့် သွားလာသူများနှင့် ပတ်ဝန်းကျင်ရှိ လူနေအိမ်များပါ မိုးရွာချိန်တိုင်း စိတ်ဆင်းရဲနေရသည့်အတွက် စနစ်တကျတူးဖော်ပြုပြင်ပေးရန် ဒေသနေပြည်သူများ လိုအပ်လျက်ရှိကြောင်း သိရသည်။

လင်းလက်ကြယ်(တောင်သာ)




### ပဲခူးတိုင်းဒေသကြီး၌ ရွေးကောက်ပွဲဆိုင်ရာဆွေးနွေး

ပဲခူး ဇွန် ၁၀

ပဲခူးတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲနှင့် အမေရိကန်နိုင်ငံ ဝါရှင်တန်မြို့အခြေစိုက်သည့် Bureau of Comflict and Stabilization Operations မှ Senior Policy Advisor Mr. Patrick Quirk သည် ဇွန် ၈ ရက်က ရောက်ရှိလာပြီး တိုင်းဒေသကြီးကော်မရှင်အဖွဲ့ခွဲဝင်များနှင့်တွေ့ဆုံကာ ရွေးကောက်ပွဲအတွက် ကြိုတင်ပြင်ဆင်ထားရှိမှု၊ မဲစာရင်းကပ်ထားပြီး ပြည်သူများအား အသိပေးကြေညာထားရှိမှု၊ ရွေးကောက်ပွဲလုံခြုံရေးဆိုင်ရာ ဆောင်ရွက်ထားရှိမှု၊ ပါတီများ၊ စောင့်ကြည့်လူမှုရေးအသင်းအဖွဲ့များ၊ မီဒီယာများနှင့် ပူးပေါင်းဆောင်ရွက်မှု အခြေအနေများကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

(တိုင်းဒေသကြီး ပြန်/ဆက်)



### မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

လက်ပံတန်း ဇွန် ၁၀

ပဲခူးတိုင်းဒေသကြီးသာယာဝတီခရိုင် လက်ပံတန်းမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းရှေ့ ကွင်းပြင်တွင် ဇွန်ပထမပတ်က ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ သစ်ပင်စိုက်ပျိုးပွဲကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများမှကျွန်း၊ မဟော်ဂနီ၊ ခရေ၊ သပြေ၊ ပျဉ်းကတိုး၊ မန်ကျည်းရှား၊ ပျိုးပင် ၅၀၀ အားပေးအပ်ရာ တက်ရောက်သူများက သတ်မှတ်နေရာများတွင် စိုက်ပျိုးကြကြောင်း သိရသည်။

(ဝ၉၈)

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၁၀-၆-၂၀၁၅

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၇၀၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၁၁၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၅၅၀၀၀ |

**စက်သုံးဆီဈေးနှုန်း(စက်သုံးဆီအသင်း)**

| | | |
|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် ၇၁၀ |
| ဒီဇယ် | တစ်လီတာ | ကျပ် ၆၉၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် ၇၃၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် ၈၀၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် ၇၃၀ |

**သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | | |
|---|---|---|---|
| ၁။ | ငါးကြင်း | တစ်ပိဿာ | ၄၅၀၀-၆၀၀၀ |
| ၂။ | ငါးမြစ်ချင်း | တစ်ပိဿာ | ၃၀၀၀-၄၅၀၀ |
| ၃။ | ငါးရံ့ | တစ်ပိဿာ | ၆၀၀၀-၈၀၀၀ |
| ၄။ | ငါးဖယ် | တစ်ပိဿာ | ၇၀၀၀-၁၂၀၀၀ |
| ၅။ | ပုစွန် (ကျော့) | တစ်ပိဿာ | ၆၀၀၀-၁၂၀၀၀ |
| ၆။ | ပုစွန်တုပ် | တစ်ပိဿာ | ၈၀၀၀-၂၅၀၀၀ |
| ၇။ | ငါးသလောက် | တစ်ပိဿာ | ၇၀၀၀-၁၈၀၀၀ |
| ၈။ | ကြက် | တစ်ပိဿာ | ၆၀၀၀-၁၂၀၀၀ |
| ၉။ | ဝက် | တစ်ပိဿာ | ၆၀၀၀-၉၀၀၀ |
| ၁၀။ | အမဲ | တစ်ပိဿာ | ၇၀၀၀-၉၀၀၀ |
| ၁၁။ | ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၈၀၀၀ |
| ၁၂။ | ဘဲ | တစ်ပိဿာ | ၆၀၀၀-၁၃၀၀၀ |

**နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၁၀၅ |
| ဥရောပ | တစ်ယူရို | ၁၂၂၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၁၃.၆၁ |
| ထိုင်း | တစ်ဘတ် | ၃၂.၅၇၇ |
| အိန္ဒိယ | တစ်ရူပီး | ၁၇.၃၂၈ |
| တရုတ် | တစ်ယွမ် | ၁၇၈.၁၃ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၄.၃၉ |

**ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း**

| | | |
|---|---|---|
| နှမ်းဆန် (အသစ်) | တစ်အိတ် | ၂၀၀၀၀-၂၀၅၀၀ |
| ပေါ်ကျွဲ | တစ်အိတ် | ၂၆၅၀၀-၂၈၀၀၀ |
| ပေါ်ဆန်း (အသစ်) | တစ်အိတ် | ၃၀၀၀၀-၃၅၀၀၀ |
| မြေပဲဆီ | တစ်ပိဿာ | ၅၁၀၀ |
| စားအုန်းဆီ | တစ်ပိဿာ | ၁၆၂၀ |
| ဆိပ်ဖြူကြက်သွန်နီ (အသစ်) | တစ်ပိဿာ | ၄၁၀-၅၁၀ |
| ရှမ်းကြက်သွန်ဖြူ (အသစ်) | တစ်ပိဿာ | ၂၂၅၀-၂၆၅၀ |
| ကြက်သွန်ဖြူ(ကြူကုတ်သစ်) | တစ်ပိဿာ | ၂၂၀၀ |
| အာလူး(ဟဲဟိုး) | တစ်ပိဿာ | ၅၉၀-၈၂၀ |
| ငရုတ်ရှည် (မိုးထောင်) | တစ်ပိဿာ | ၂၈၅၀ |
| ငရုတ်ပွ (မြစ်ဝ) | တစ်ပိဿာ | ၆၀၀၀-၇၅၀၀ |
| သကြား | တစ်ပိဿာ | ၁၁၆၀-၁၂၀၀ |

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ-စုစည်းသည်။ ခင်ဆိုင်-ဓာတ်ပုံနှင့်တင်ပြသည်။

# လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် မွေးမြူရေးကဏ္ဍ ရင်းနှီးမြှုပ်နှံရေးဆိုင်ရာကိစ္စရပ်များဆွေးနွေး

**နေပြည်တော် ဇွန် ၁၀**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် စီပီကုမ္ပဏီဥက္ကဋ္ဌ မစ္စတာဒါနင်ချရာဗန်နော့ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ညနေ ၃ နာရီတွင်နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော်ဧည့်ခန်းမဆောင်၌လက်ခံတွေ့ဆုံသည်။

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးစိုးသိန်း၊ ဦးအုန်းမြင့်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် မွေးမြူရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် စီပီကုမ္ပဏီဥက္ကဋ္ဌ မစ္စတာဒါနင်ချရာဗန်နော့ အား လက်ခံတွေ့ဆုံစဉ်။**

(သတင်းစဉ်)

# နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာ၌ နိုင်ငံရေးပါတီများအချင်းချင်း ချစ်ခင်စည်းလုံး၍ ပူးပေါင်းဆောင်ရွက်ခြင်းသည်အရေးကြီး

**နေပြည်တော် ဇွန် ၁၀**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် NIMD & DEMO FINLAND တို့က ဖွင့်လှစ်သည့် မြန်မာ့နိုင်ငံရေး သင်တန်းကျောင်း (Myanmar School of Politics) သို့ တက်ရောက်ခဲ့သည့် သင်တန်းသားဟောင်းများ တွေ့ဆုံပွဲကို နေပြည်တော်ရှိ တော်ဝင်နေပြည်တော် ဟိုတယ်၌ ယနေ့နံနက် ၈ နာရီခွဲက ကျင်းပရာ ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး တက်ရောက်၍ အမှာစကား ပြောကြားသည်။

တွေ့ဆုံပွဲတွင် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရာ၌ နိုင်ငံရေးပါတီများ အချင်းချင်း ချစ်ခင်စည်းလုံး၍ ပူးပေါင်းဆောင်ရွက်ခြင်းသည် အရေးကြီးကြောင်း၊ နိုင်ငံတော်အကျိုးအတွက် ပါတီများအချင်းချင်း နားလည်မှုရှိပြီး ပူးပေါင်းဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ သင်တန်းကို ဖွင့်လှစ်ခွင့်ပြုခဲ့ခြင်းဖြစ်ကြောင်း၊ ပထမဦးဆုံးသင်တန်းကို ထားဝယ်မြို့တွင် ၁၅-၁၂-၂၀၁၄ ရက်၌ ဖွင့်လှစ်ခဲ့ပြီး ဒုတိယသင်တန်းကို မော်လမြိုင်မြို့တွင် ၂၇-၄-၂၀၁၅ ရက်၌ ဖွင့်လှစ်ခဲ့ကြောင်း၊ လူငယ်များအနေဖြင့် ပညာတတ်မှ ကျန်းမာမှ နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်ရေးတာဝန်များကို ထမ်းဆောင်နိုင်မည်ဖြစ်ကြောင်း၊ ယနေ့တာဝန်ရှိသူများအနေဖြင့် လူငယ်များကို ပြုစုပျိုးထောင်ရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ရွေးကောက်ပွဲအတွေ့အကြုံ ဗဟုသုတပိုင်း အားနည်းကြောင်း၊ လွတ်လပ်ရေးရပြီး ၆၇ နှစ် အတွင်းတွင် ရွေးကောက်ပွဲအတွေ့အကြုံ ငါးကြိမ်သာရှိကြောင်း၊ ၂၀၁၀ ပြည့်နှစ် ရွေးကောက်ပွဲ ကျင်းပခဲ့သော်လည်း ကော်မရှင်၊ နိုင်ငံရေးပါတီများနှင့် လူထုမှာ ရွေးကောက်ပွဲအရေးကြီးပုံနှင့် အနှစ်သာရကို တိတိကျကျ သိရှိနားလည်ခြင်းမရှိခဲ့ကြောင်း၊ ရွေးကောက်ပွဲဆိုသည်မှာ လူထု၏ အချုပ်အခြာအာဏာကို နိုင်ငံတစ်ဝန်းပျံ့နှံ့စေရန်အတွက် ပြည်သူလူထုမှ ကိုယ်စားလှယ်များကို ရွေးကောက်တင်မြှောက်၍ လွှတ်တော်တွင် အာဏာသုံးရပ်ကို ဆောင်ရွက်စေခြင်းဖြစ်ကြောင်း၊ လူထုက လွှတ်တော်ကိုယ်စားလှယ်များကို ရွေးကောက်တင်မြှောက်ရာတွင် လူတော်လူကောင်းများ ရွေးချယ်ရန်လိုကြောင်း၊ သို့မှသာ လွှတ်တော်အတွင်းသို့ အရည်အချင်းပြည့်ဝသော ကိုယ်စားလှယ်များ ရောက်ရှိပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် စွမ်းစွမ်းတမံ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း။

အစိုးရဆိုသည်မှာ တစ်ဦးတစ်ယောက်၏ အစိုးရမဟုတ်ဘဲ အာဏာရ ပါတီသာလျှင်ဖြစ်ကြောင်း၊ ပါတီများအနေဖြင့် မိမိပါတီအာဏာရှိပါက နိုင်ငံတော်တည်ဆောက်ရေးအတွက် မူဝါဒများချမှတ်ပြီး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန်လိုကြောင်း၊ အတိုက်အခံပါတီအနေဖြင့် အာဏာရပါတီ၏ လုပ်ဆောင်ချက်ကို စောင့်ကြည့်ပြီး လိုအပ်ချက်ကို ထောက်ပြတည့်မတ်ပူးပေါင်း ဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ အာဏာရပါတီ၏ လုပ်ဆောင်ချက်ကို အဆိုးမြင်ဆန့်ကျင်ပြီး ပူးပေါင်းဆောင်ရွက်မှုမရှိပါက နိုင်ငံဖွံ့ဖြိုးတိုးတက်မှုရှိမည် မဟုတ်ကြောင်း၊ ပါတီဝင်များအနေဖြင့် နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေး၊ လုံခြုံရေးနှင့် နိုင်ငံတကာရေးရာ အမြင်စသည့် အမြင် ငါးမြင်ရှိရန် လိုကြောင်း၊ နိုင်ငံရေးပါတီများအနေဖြင့် မိမိပါတီဝင်များ၏ စွမ်းဆောင်မှုအရည်အသွေးကို တိုးတက်အောင် အစဉ်မြှင့်တင်နေရမည် ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ဖင်လန်နိုင်ငံ Green Party မှ လွှတ်တော်ကိုယ်စားလှယ် Ms. Helli Jarvinen က လွှတ်တော်အတွင်း အမျိုးသမီးကိုယ်စားလှယ်များ ပါဝင်မှုမြင့်မားစေရန်ဆန္ဒရှိကြောင်း၊ မိမိပါတီ သို့မဟုတ် အခြားပါတီမှ အမျိုးသမီးများ ပိုမိုပါဝင်ရေးကို ဆောင်ရွက်ကြရန်လိုကြောင်း၊ နယ်သာလန်နိုင်ငံ Labour Party မှ လွှတ်တော်ကိုယ်စားလှယ် Mr. Michiel Servaes က နိုင်ငံရေးဆိုသည်မှာ ပွင့်လင်းသည့် စကားစစ်ထိုးပွဲဖြစ်ကြောင်း၊ တက်ရောက်လာသည့် ပါတီဝင်များအနေဖြင့် ကော်မရှင်၏ တာဝန်ယူရမှုများကို သိရှိရန်လိုကြောင်း၊ သင်တန်းသားများအနေဖြင့် အနာဂတ်၏ ကြယ်ပွင့်များဖြစ်သဖြင့် ကြိုးစား လေ့လာရန်လိုကြောင်း ပြောကြားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# မဲဆန္ဒရှင် ပညာပေးဆင့်ပွား သင်တန်းဖွင့်

**မိုးမိတ် ဇွန် ၁၀**

မိုးမိတ်ခရိုင် မိုးမိတ်မြို့တွင် ရွေးကောက်ပွဲဆိုင်ရာ မဲဆန္ဒရှင် ပညာပေးဆင့်ပွားသင်တန်းကို ဇွန် ၁၀ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် မိုးမိတ်ခရိုင် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌ ဒေါ်မြမြက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားခဲ့ပြီး ခရိုင်ဥပဒေအရာရှိ ဦးဝေလင်းက ရွေးကောက်ပွဲဆိုင်ရာ ဥပဒေနှင့် နည်းဥပဒေများ၊ အမိန့်ညွှန်ကြားချက်များကို ရှင်းလင်းပြောကြားသည်။

**ခရိုင်(ပြန်/ဆက်)**

# ညောင်ရွှေအထက(၂)၌ မူးယစ်ဆေးဝါးပညာပေးဟောပြော

**ညောင်ရွှေ ဇွန် ၁၀**

ရှမ်းပြည်နယ် (တောင်ပိုင်း) ညောင်ရွှေမြို့ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း၌ နံနက် ၉ နာရီခွဲက ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် ပညာပေးဟောပြောပွဲကျင်းပရာ တောင်ကြီးမူးယစ်အထူးတပ်ဖွဲ့၊ တပ်ဖွဲ့စု-၂၅၊ ရဲအုပ်အောင်စိုးမိုး၊ ညောင်ရွှေမြို့နယ် ရဲတပ်ဖွဲ့မှူးရဲမှူးကြီးမြင့်နှင့် ညောင်ရွှေ မြို့နယ်ပြန်/ဆက်ဦးစီးမှူး ဦးနေမျိုးသူရိန်တို့က ပညာပေးဟောပြောသည်။

အဆိုပါဟောပြောပွဲတွင်မူးယစ်ဆေးလက်ကမ်းစာစောင်များအခမဲ့ဝေငှခြင်းနှင့် မူးယစ်ဆေးနံရံကပ်စာစောင်ပြခန်းကိုခင်းကျင်းပြသရာ ဆရာ ဆရာမများနှင့်ကျောင်းသားကျောင်းသူများ ကြည့်ရှုလေ့လာကြကြောင်းသိရသည်။

**(၀၅၄)**

# ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်အတွင်း ရွေးကောက်ပွဲအတွက် ဆန္ဒမဲပေးခွင့်ရှိသူစာရင်းများ ထုတ်ပြန်ကြေညာ

**ဟိုပုံး ဇွန် ၁၀**

၂၀၁၅ ခုနှစ် နှစ်ကုန်ပိုင်းတွင် ကျင်းပတော့မည့် ရွေးကောက်ပွဲတွင် အသက် ၁၈ နှစ် ပြည့်မီသူတိုင်း ဆန္ဒမဲပေးနိုင်ရေးအတွက် မဲပေးပိုင်ခွင့်ရှိသူ လူဦးရေစာရင်းကို ရှမ်းပြည်နယ် (တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်ရှိ ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးများတွင် ဇွန် ၈ ရက် နံနက်ပိုင်းက ထုတ်ပြန်ကြေညာကြောင်း သိရသည်။

ဟိုပုံးမြို့နယ်တွင် ရပ်ကွက် ၆ ရပ်ကွက်၊ ကျေးရွာအုပ်စု ၂၂ အုပ်စု စုစုပေါင်း ၂၈ စုရှိပြီး မဲပေးခွင့်ရှိသူစာရင်းများကို ရပ်ကွက်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးများတွင် ထုတ်ပြန်ကြေညာသကဲ့သို့ ရပ်ကွက်၊ ကျေးရွာ အုပ်စုအတွင်းရှိ သက်ဆိုင်ရာရွာအလိုက်၊ မိမိနယ်မြေအလိုက် ထုတ်ပြန်ကြေညာထားကြောင်း သိရသည်။

အဆိုပါ မဲစာရင်းများကို ဇွန် ၈ ရက် မှ ၂၁ ရက်အထိထုတ်ပြန်ကြေညာထားမည်ဖြစ်ကြောင်း သိရသည်။

**နန်းဦးခမ်း(ဟိုပုံး)**

သစ်ပင်စိုက်လျှင် တို့ဝန်းကျင် စိမ်းစိုလှပ ကြည်နူးရ

# အိုင်အက်စ်စစ်သွေးကြွခေါင်းဆောင် ဟစ်ဇ်ဘိုလာတို့၏ လက်ချက်ဖြင့်သေဆုံး

**ဘေရွတ် ဇွန် ၁၀**

ဟစ်ဇ်ဘိုလာအဖွဲ့က ဆီးရီးယားနယ်စပ်အနီးရှိ အရှေ့ပိုင်း ကွာလာမွန်အရပ်၌ အင်္ဂါနေ့က ထင်ရှားသော စစ်သွေးကြွ ခေါင်းဆောင်တစ်ဦးအား သုတ်သင် ရှင်းလင်းနိုင်ခဲ့ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

ဆော်ဒီအမျိုးသား အယ်လ်အိုမန်အား ဟစ်ဇ်ဘိုလာတို့က ဂျီဟတ် စခန်းတစ်ခုကို ရှင်းလင်းစဉ်သုတ်သင်ခဲ့ကြောင်း လက်ဘနွန်စစ်သွေးကြွ ပါတီရုပ်မြင်သံကြားကကြေညာသည်။

အဆိုပါစခန်းကို ရှင်းလင်းစဉ် အယ်လ်အိုမန်အပါအဝင် ဂျီဟတ်အချို့လည်း သေဆုံးခဲ့ကြောင်း သတင်းတွင် ဆက်လက်ဖော်ပြသည်။ အိုင်အက်စ်စစ်သွေးကြွများသည် ဆီးရီးယားနယ်စပ်မြို့များဖြစ်သည့် ကွာယာ၊ ရက်စ်ဘာဘက်မြို့များကို လာရောက်တိုက်ခိုက်စဉ် ဟစ်ဇ်ဘိုလာတို့က အင်္ဂါနေ့တွင် ပြန်လည်တိုက်ထုတ်ခဲ့ကြောင်း ဖော်ပြထားသည်။ အိုင်အက်စ်စစ်သွေးကြွများသည် ဟစ်ဇ်ဘိုလာတို့၏ စခန်းများကို ပစ်မှတ်ထားတိုက်ခိုက်လာရာ ဟစ်ဇ်ဘိုလာတို့က ပြန်လည်ခုခံ တိုက်ခိုက်မှုများကြောင့် တပ်ဖွဲ့ဝင်အချို့ သေဆုံးခဲ့ရသည်ဟု ဆိုသည်။

ယင်းတိုက်ခိုက်မှုကြောင့် အိုင်အက်စ်တို့၏ စစ်ယာဉ် ၁၀ စီးခန့် ပျက်စီးသွားသည်ဟု ဆိုသည်။

(ဆင်ဟွာ)

# မိုးကြီးမှုကြောင့် တရုတ်ရေချိုကန် ကျိုးပေါက်နိုင်ဖွယ်ရှိ

**နန်ချန်း ဇွန် ၁၀**

လွန်ခဲ့သော သီတင်းပတ်နှစ်ပတ်ကျော်ကြာ မရပ်မနားရွာသွန်းခဲ့သောမိုးကြောင့် တရုတ်နိုင်ငံ၏ အကြီးဆုံးရေချိုကန်ရှိ ရေပမာဏ သုံးဆနီးပါး မြင့်တက်လာခဲ့ကြောင်း ဒေသအာဏာပိုင်များက ပြောဆိုခဲ့သည်။ ဗုဒ္ဓဟူးနေ့ နံနက် ၈ နာရီက တရုတ်နိုင်ငံအရှေ့ပိုင်း ကျန်ဇီပြည်နယ်ရှိ ပိုယန်းရေချိုကန်၌ ရေမျက်နှာ ပြင်သည် စိုးရိမ်ရေမှတ်အောက် ၁ ဒသမ ၅ မီတာ လျော့လျက် ၁၇ ဒသမ ၅ မီတာ၌ ရှိခဲ့သည်ဟု ပြည်နယ် မိုးရေချိန်အမှတ်လေ့လာမှုဆိုင်ရာ ဗျူရိုမှ အချက်အလက်များအရ သိရသည်။ ကန်ရေမျက်နှာပြင်သည် မိုးများသည့် ကာလမရောက်မီ ဧပြီလမှစတင်ကာ ၃၂၆၀ စတုရန်းကီလိုမီတာထိ သုံးဆခန့်နီးပါးရှိလာခဲ့သည်။

နောက်ထပ် ငါးရက်ကျော်အထိ မိုးဆက်လက်ရွာဖွယ်ရှိပြီး ရေမျက်နှာပြင်မှာ ၁၈ ဒသမ ၅ မီတာထိ မြင့်တက်နိုင်သည်ဟု ဒေသမိုးလေဝသ အဖွဲ့အစည်းက ခန့်မှန်းထားသည်။

ပြီးခဲ့သည့် ရက်သတ္တပတ်က မိုးသည်းထန်စွာရွာသွန်းမှုသည် စီရင်စု ၄၈ ခုရှိ လူ ၈၃၁၀၀၀ ကို ထိခိုက်စေခဲ့ပြီး နှစ်ဦးမှာ မိုးကြိုးထိမှန်သေဆုံးခဲ့သည်။ မိသားစုနေအိမ် ၆၇၇ လုံး ရေဘေးအန္တရာယ် ကျရောက်ခဲ့ပြီး စိုက်ပျိုးမြေဧက ၇၁၄၀၀ ကို ပျက်စီးစေခဲ့ရာ ယွမ်ငွေသန်းပေါင်း ၆၁၀ တန်ဖိုးပမာဏ ပျက်စီးဆုံးရှုံးခဲ့သည်။ လူပေါင်း ၄၃၀၀၀ ကို ပြန်လည်နေရာချထားမှုများ လုပ်ဆောင်ခဲ့ရသည်။

(ဆင်ဟွာ)



# အိမ်ဖြူတော် သတင်းခန်းမကို ပုံးဖောက်ခွဲမည်ဟု ခြိမ်းခြောက်

**ဝါရှင်တန် ဇွန် ၁၀**

ပုံးဖောက်ခွဲမှုတစ်ခုဖြစ်ပွားနိုင်ကြောင်း မြို့တော်ရဲဌာနက ဖုန်းဖြင့် သတိပေးပြောကြားခဲ့ပြီးနောက် အိမ်ဖြူတော်သတင်းခန်းမကို နေရာရွှေ့ပြောင်းခဲ့ရကြောင်း သမ္မတအိမ်တော် ပြောခွင့်ရပုဂ္ဂိုလ် ဂျိုး(စ်) အားနက်က အင်္ဂါနေ့တွင် ပြောကြားခဲ့သည်။

မွန်းလွဲ ၂ နာရီနောက်ပိုင်း ဂျိုး(စ်)အားနက်က ရုပ်မြင်သံကြားပြောကြားစဉ် ထောက်လှမ်းရေး ကြားဖြတ်သတိပေးခဲ့ခြင်းဖြစ်ပြီး အဆောက်အအုံအပြင်ဘက်၌ အစောင့်အကြပ်များ ချထားခဲ့ကြောင်း သိရသည်။

သတင်းထောက်များ သတင်းခန်းမအတွင်းမှထွက်ခွာစဉ်အတွင်း ထောက်လှမ်းရေးအရာရှိများက ခန်းမအတွင်း၌ ပေါက်ကွဲစေနိုင်သောပစ္စည်း ရှိ မရှိ အနံ့ခံခွေးများ အကူအညီဖြင့် ပိုက်စိပ်တိုက်ရှာဖွေခဲ့သည်။

နာရီဝက်ကျော်အကြာတွင် အခြေအနေအားလုံး ရှင်းလင်းပြီးနောက် သတင်းထောက်များ ပြန်လည်ရောက်ရှိလာခဲ့ကြသည်။ အားနက်၏ပြောစကားအရ အိုဘားမားနှင့် ၎င်း၏မိသားစုများ နေရာပြောင်းရွှေ့ခြင်းမရှိခဲ့ကြောင်း သိရသည်။

သမ္မတအိမ်တော်တွင် နေရာရွှေ့ပြောင်းခြင်းကိစ္စဖြစ်ပွားပြီး နာရီပိုင်းအတွင်း အမေရိကန်ကွန်ဂရက်လွှတ်တော် အရှေ့မြောက်ဘက်ရှိ ဒေါ့(က်)ဆန် လွှတ်တော်အဆောက်အအုံ၌လည်း နေရာရွှေ့ပြောင်းမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါကိစ္စတွင်လည်း လွှတ်တော်ဆိုင်ရာ ရဲအရာရှိများက အဆောက်အအုံအခန်းတစ်ခုအတွင်း၌ အထုပ်တစ်ထုပ်တွေ့ရှိရကြောင်း ဖုန်းလက်ခံရရှိခဲ့သည်။

ယင်းကဲ့သို့ နှောင့်ယှက်ခံရပြီးနောက် လွှတ်တော်အဆောက်အအုံအတွင်း၌ ကြိုတင်ကာကွယ်မှုများ ပြုလုပ်ခဲ့သည်။

နောက်ပိုင်းတွင် ရဲများက စုံစမ်းစစ်ဆေးခဲ့သော်လည်း သံသယဖြစ်ဖွယ်ရာတစ်စုံတစ်ရာ မတွေ့ရကြောင်း သိရသည်။

(ဆင်ဟွာ)

# အင်ဒိုနီးရှားသမ္မတက တပ်မတော် အစဉ်အလာကိုချိုးဖောက်ပြီး ကာကွယ်ရေးဦးစီးချုပ်ခန့်အပ်

**ဂျကာတာ ဇွန် ၁၀**

အင်ဒိုနီးရှားသမ္မတ ဂျိုကိုဝီဒိုဒိုသည် တပ်မတော်ကို ဦးဆောင်ရန် ကာကွယ်ရေးဦးစီးချုပ်ကို ရွေးချယ်ခဲ့ကြောင်း သမ္မတအိမ်တော် ပြောရေးဆိုခွင့်ရှိသူက ဗုဒ္ဓဟူးနေ့တွင် ပြောခဲ့သည်။ ထိုသို့ရွေးချယ်လိုက်ခြင်းသည် တပ်မတော်အကြီးအကဲကို ကြည်း၊ ရေ၊ လေ အလှည့်ကျ ဦးစားပေးခန့်အပ်သည့် အစဉ်အလာကို ချိုးဖောက်လိုက်ခြင်းဖြစ်သည်။

လက်ရှိ ကာကွယ်ရေးဦးစီးချုပ်က ဩဂုတ် ၁ ရက်တွင် အနားယူသောအခါ လေတပ်ဦးစီးချုပ်သည် ကာကွယ်ရေးဦးစီးချုပ် ဖြစ်လာရန် မျှော်မှန်းထားသည်။

သမ္မတက ဗိုလ်ချုပ်ဂါတော့နာမန်ရိုကို ကာကွယ်ရေးဦးစီးချုပ် ခန့်အပ်ရန် ဆုံးဖြတ်ချက်သည် တပ်မတော်အတွင်း အစဉ်အလာမပျက် ရာထူးအန္တယ်ဆက်ခံမှုကို ကစဉ့်ကလျားဖြစ်စေကြောင်း စောင့်ကြည့်လေ့လာသူများက ဆိုသည်။

ယခုတစ်ကြိမ် ကာကွယ်ရေးဦးစီးချုပ်ရာထူးကို လက်ခံရန်မှာ လေတပ်ဦးစီးချုပ်အလှည့် ဖြစ်ကြောင်း၊ သမ္မတ၏ ဆုံးဖြတ်



ချက်ကြောင့် စိတ်ပျက်လျက်ရှိကြောင်း တပ်မတော်ဆိုင်ရာ စောင့်ကြည့်လေ့လာသူတစ်ဦးက ဆိုသည်။

အင်္ဂါနေ့တွင် လွှတ်တော်သို့ အတည်ပြုရန် အမည်စာရင်း တင်သွင်းခဲ့သော ကာကွယ်ရေးဦးစီးချုပ် ရွေးချယ်မှုနှင့် ပတ်သက်ပြီး သမ္မတပြောရေးဆိုခွင့်ရှိသူက ခုံကာကွယ် ပြောကြားခဲ့သည်။ ထို့ပြင် ထုံးတမ်းအစဉ်အလာကိုစွဲလမ်းမှုမထားရန်လည်း ပြောခဲ့သည်။

လွှတ်တော်အတည်ပြုချက်ဖြင့် ကာကွယ်ရေးဦးစီးချုပ်ကို ခန့်ထားရန် သမ္မတတွင် လုပ်ပိုင်ခွင့်အာဏာ အပြည့်အဝရှိကြောင်း သမ္မတပြောရေးဆိုခွင့်ရှိသူက ပြောခဲ့သည်။

နာမန်ရိုကို ရွေးချယ်ခဲ့ခြင်းမှာ သူသည် ဒေသတွင်းနိုင်ငံရေး နည်းဗျူဟာပြောင်းလဲမှုများနှင့် ပတ်သက်ပြီး စစ်ရေးအရ အားဖြည့်လုပ်ဆောင်နိုင်မည်ဟု ယုံကြည်သောကြောင့် ဖြစ်သည်။

ထိုကဲ့သို့ တပ်မတော်ကို ပဲ့ကိုင်အဖြစ် ဆက်လက်ထားရှိရန် ဆုံးဖြတ်ရခြင်းမှာ တပ်မတော်သားများသည် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးကိစ္စများနှင့် အကြမ်းဖက်မှုတန်ပြန်ချေမှုန်းရေးစသည့် နိုင်ငံသားများ၏ အရေးကိစ္စများကို ဝင်ရောက်ဖြေရှင်းနိုင်ရန် ဖြစ်သည်။ **(ရိုက်တာ)**

# မားစ်ရောဂါအခြေအနေကြောင့် တောင်ကိုရီးယားသမ္မတ အမေရိကန်ခရီးစဉ်ရွှေ့ဆိုင်း



**ဆိုးလ် ဇွန် ၁၀**

တောင်ကိုရီးယားသမ္မတ ပတ်ဂွန်ဟေးသည် နိုင်ငံအတွင်း မားစ်ရောဂါကူးစက်ပြန့်ပွားမှုများ ဖြစ်ပေါ်နေသည့်အတွက် အမေရိကန်ပြည်ထောင်စုသို့ သွားရောက်လည်ပတ်ရန် အစီအစဉ်ကို ရွှေ့ဆိုင်းလိုက်ကြောင်း သမ္မတရုံးက ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။

မားစ်ရောဂါ ပျံ့နှံ့ဖြစ်ပွားမှုကို အမြန်ဆုံး ထိန်းချုပ်နိုင်ရန်အတွက် အမေရိကန်နိုင်ငံသို့ သွားရောက်ရန် ခရီးစဉ်ကို လာမည့်သီတင်းပတ်သို့ ရွှေ့ဆိုင်းလိုက်ကြောင်း သမ္မတရုံး ထိပ်တန်းတာဝန်ရှိသူ ကင်ဆမ်ဝူးက ပြောကြားလိုက်သည်။

သမ္မတပတ်ဂွန်ဟေး အနေဖြင့် တနင်္ဂနွေနေ့တွင် အမေရိကန်နိုင်ငံသို့ ငါးရက်ကြာခရီးအဖြစ် သွားရောက် လည်ပတ်ရန် စီစဉ်ထားခဲ့ကြောင်း၊ ခရီးစဉ်အတွင်း ဇွန် ၁၆ ရက်တွင် သမ္မတအိုဘားမားနှင့် ထိပ်သီးအစည်းအဝေးကျင်းပရန် စီစဉ်ထားကြောင်း ၎င်းကပြောသည်။

အဆိုပါခရီးစဉ် ရွှေ့ဆိုင်းရခြင်းမှာ မေ ၂၀ ရက်က ပထမဆုံး အတည်ပြုနိုင်ခဲ့သော မားစ်ရောဂါ ထိန်းချုပ်ရန်အတွက် ဖြစ်ကြောင်း သမ္မတရုံး ကြေညာချက်တွင် ဖော်ပြသည်။ ယင်းရောဂါကြောင့် သေဆုံးသူအချို့ရှိပြီး ရောဂါကူးစက်ခံရသူ ၁၀၈ ဦးအထိ ရှိလာသည်ဟု ဆိုသည်။

အမေရိကန်နှင့် တောင်ကိုရီးယားနိုင်ငံတို့သည် သမ္မတ ပတ်ဂွန်ဟေး၏ ခရီးစဉ်ကို စောနိုင်သမျှစောအောင် ပြန်လည်စီစဉ်သွားမည်ဖြစ်ကြောင်း သိရသည်။

တောင်ကိုရီးယားနိုင်ငံ၌ မားစ်ရောဂါဖြစ်ပွားမှုကြောင့် ကျောင်းပေါင်း ၂၄၇၄ ကျောင်းနှင့် တက္ကသိုလ် ၂၂ ခု ပိတ်ထားရပြီး လူအများစုမှာ လမ်းပေါ်ထွက်သည့်အခါ နှာခေါင်းစည်းများစည်း၍ သွားလာနေကြရသည်ဟု ဆိုသည်။

(ဆင်ဟွာ)

# စားနပ်ရိက္ခာထောက်ပံ့ဖြန့်ဝေရေး စီမံကိန်းဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေး

**နေပြည်တော် ဇွန် ၁၀**

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်းသည် ယနေ့မွန်းလွဲ ၂ နာရီတွင် ကုလသမဂ္ဂကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP)မှ Country Director and Representative, Mr. Domenico Scalpelli အား ပြည်ထောင်စုဝန်ကြီး၏ အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံခဲ့သည်။ **(ယာပုံ)**



ထိုသို့တွေ့ဆုံရာတွင် နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် WFP တို့ ပူးပေါင်း၍ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် ဆောင်ရွက်လျက်ရှိသည့် စားနပ်ရိက္ခာထောက်ပံ့ဖြန့်ဝေရေး စီမံကိန်းဆိုင်ရာကိစ္စရပ်များနှင့် ရှေ့ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများအား ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## မဟာသကျရုံသီရုပ်ရှင်တော်မြတ်ကြီးအား ကိန်းဝပ်စံပယ်တော်မူမည့် အောင်မောဠိတောင်ညွန့်အထက်သို့ အမြန်ဆုံးပင့်ဆောင်ပူဇော်နိုင်ရန် စီစဉ်လျက်ရှိ

**နေပြည်တော် ဇွန် ၁၀**

နေပြည်တော်၌ တည်ထားကိုးကွယ်မည့် ပုဂံရွှေဟောင်းနယ်မြေ အာနန္ဒာဘုရား လိုဏ်တော်အတွင်းရှိ ပြီးဟန်သုံးမျိုးရှိ ကဿပဘုရားပုံစံတူ မဟာသကျရုံသီ ရုပ်ရှင်တော်မြတ်ကြီးအား ကျောက်ဆစ်ပညာရှင်များနှင့် သုံးဖက်မြင်ပုံဖော်စက်နည်းပညာရှင်များ ပူးပေါင်း၍ ထုဆစ်ပူဇော်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့်ထုဆစ်ပြီးစီးနေပြီဖြစ်သည့်အတွက် ကိန်းဝပ်စံပယ်တော်မူမည့် နေပြည်တော် ဥတ္တရသီရိမြို့နယ်ရှိ အောင်မောဠိတောင်ညွန့်ထက်သို့ ဇွန် ၄ ရက်တွင် ပင့်ဆောင်ပူဇော်နိုင်ရန် လျာထားစီစဉ်ခဲ့သော်လည်း အခက်အခဲအမျိုးမျိုးကြောင့် မူလသတ်မှတ်ထားသည့်နေ့ရက်တွင် ပင့်ဆောင်ပူဇော်နိုင်ခဲ့ခြင်းမရှိခဲ့သဖြင့် အမြန်ဆုံး ပင့်ဆောင်ပူဇော်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

# ရုပ်ရှင်ရိုက်ကူးမှုအပိုင်းက တိုးတက်လာသလို ရုပ်ရှင်ရုံတွေလည်း တိုးတက်လာပြီဖြစ် ပြသရေးစနစ်ပြောင်းလဲနိုင်လျှင် အနာဂတ်ရုပ်ရှင်လောက အလားအလာကောင်းများ မဝေးတော့

သတင်း - ရီရီမြင့်၊ ဥမ္မာသန့်
ဓာတ်ပုံ - ရဲထွဋ်

ရန်ကုန် ဇွန် ၁၀

**လက်ရှိ မြန်မာရုပ်ရှင်ဇာတ်ကားများ ရုံတင်ပြသရန် ကာလကြာမြင့်စွာ တန်းစီစောင့်ဆိုင်းနေရသော ပြသရေးစနစ်မှ ရုံတွဲ အပြိုင်ပြသနိုင်သည့် စနစ်သစ်တစ်ခုကို အများသဘောတူဆုံးဖြတ်အတည်ပြုနိုင်ခဲ့ပြီး ယင်းအတည်ပြုချက်ကို ၂၀၁၆ ခုနှစ် ဇန်နဝါရီလ ၁ ရက်မှ စတင်၍ စမ်းသပ်ကျင့်သုံးသွားမည်ဖြစ်ကြောင်း သိရသည်။**

ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ်နှင့် မြန်မာနိုင်ငံရုပ်ရှင် အစည်းအရုံးမှ တာဝန်ရှိသူများ၊ ရုပ်ရှင်ထုတ်လုပ်သူများ၊ ရုံပိုင်ရှင်များ ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေး လုပ်ငန်း အစည်းအဝေးခန်းမ၌ တွေ့ဆုံပြီး မြန်မာရုပ်ရှင်ဇာတ်ကားများ ရုံတင်ပြသမှုစနစ် ပြောင်းလဲနိုင်ရေးနှင့် စပ်လျဉ်း၍ ဒုတိယအကြိမ် ဆွေးနွေးပွဲတွင် အထက်ပါအတိုင်း အတည်ပြုနိုင်ခဲ့ခြင်းဖြစ်သည်။



ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ်နှင့် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ တာဝန်ရှိသူများ၊ ရုပ်ရှင်ထုတ်လုပ်သူများ၊ ရုံပိုင်ရှင်များ တွေ့ဆုံဆွေးနွေးစဉ်။

ယနေ့ ဆွေးနွေးပွဲသို့ တက်ရောက်လာသည့် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးမှ တာဝန်ရှိသူ အချို့အား မြန်မာ့သတင်းစဉ် သတင်းအဖွဲ့မှ တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြလိုက်ပါသည်-

**ဒါရိုက်တာပန်းချီစိုးမိုး (နာယက၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး)**

ဒီဆွေးနွေးပွဲက ရုပ်ရှင်ရုံနဲ့ ပြသရေးစနစ်၊ ရိုက်ကူးရေးနဲ့လည်း ပတ်သက်တာပေါ့။ အထူးသဖြင့်ပြသရေး စနစ်ပေါ့၊ ဇာတ်ကားတွေက အခုအချိန်မှာ ရိုက်တာ များလာပြီ။ ဇာတ်ကား ရိုက်တာများလာတော့ ရုံများဖို့လိုတယ်။ ရုံများတော့ ရုံပိုင်ရှင်နဲ့ထုတ်လုပ်သူမျှတတဲ့ အချိုးအစားဖြစ်မှ ရုံပိုင်ရှင်လည်းအဆင်ပြေမယ်၊ ထုတ်လုပ်သူလည်း အဆင်ပြေမယ်။ ထုတ်လုပ်သူနဲ့ ရုံပိုင်ရှင်မျှတအောင် ပြန်ကြားရေးဝန်ကြီးက အတတ်နိုင်ဆုံး ညှိနှိုင်းပေးတာ ကျေးဇူးတင်တယ်။ ဒီအတိုင်းဆက်သွားနေရင် ရိုက်ကူးရေး ပြန်ကျသွားမယ်။ အခုဆို ရိုက်ကူးရေးက တိုးတက်လာတယ်။ တိုးတက်လာတော့ ဇာတ်ကားတွေက ရိုက်ပြီးပြီ။ ပြဖို့ရုံက ရုံပြိုင်စနစ် မဟုတ်ခဲ့ဘူး။ တစ်ကားပြီးမှ တစ်ကားပြသရတဲ့ အတွက် ဇာတ်ကားတွေက နှစ်နဲ့ချီ စောင့်ရတယ်။ စောင့်ရတဲ့အတွက် ထုတ်လုပ်သူတွေက ငွေရေးကြေးရေး ကျန်သင့်သလောက် မကျန်ဘူး။ ကုန်ကျစရိတ်များတယ်။ တစ်နှစ်ကြာမှ ပြရတယ်။ နောက်တစ်ကား ထပ်မရိုက်နိုင်ဘူး။ အဲဒီ အခက်အခဲရှိတယ်။ ရုံပြိုင်စနစ်က A Group, B Group နှစ်ခုခွဲလိုက်တဲ့ အတွက် တစ်ချိန်တည်းမှာ ကား နှစ်ကားစုံပြတာဖြစ်တယ်။ စုံပြတဲ့အခါမှာ ရုံပိုင်ရှင်ဘက်ကလည်း လိုချင်တဲ့ အချိုးအစား ပြောတယ်။ ထုတ်လုပ်သူဘက်ကလည်းပြောမယ်။ အဲဒီ အချိုးအစားနှစ်ခု ညီမျှအောင် ချိန်ပေးတယ်။ ဒီပွဲက အဆင်ပြေဖို့များပါတယ်။ အဆင်ပြေရင် ရုပ်ရှင်လောကလည်း တိုးတက်လာမယ်။ ပရိသတ်လည်း ရုပ်ရှင်ဇာတ်ကားများများ ကြည့်ရမယ်။ ရုပ်ရှင်လောကလည်း ရှင်သန်မယ်။ ဝန်ကြီးကလည်း ကြိုးစားပြီး ညှိနှိုင်းပေးတဲ့အတွက် ဝမ်းသာပါတယ်။ ရုပ်ရှင် လောက တစ်ခုလုံး တိုးတက်အောင် လုပ်ရတာ မလွယ်ဘူး။ စိတ်ပေါင်းများစွာကို တစ်စိတ်တည်းဖြစ်ဖို့ ညီမျှအောင်လုပ်ရတယ်။ တစ်ယောက်နဲ့တစ်ယောက် နားလည်မှုရှိမှ၊ လုပ်ငန်းတိုင်း လုပ်ငန်းတိုင်း နားလည်မှုမရှိရင် အဲဒီလုပ်ငန်း ပျက်စီးမှာ၊ နားလည်မှုရှိမှ နှစ်ဦးနှစ်ဖက် အကျိုးရှိမှာ၊ နိုင်ငံအတွက်လည်း ကောင်းမှာပါ။ ရုပ်ရှင်လောကအတွက်လည်း ကောင်းမယ်လို့ ယုံကြည်ပါတယ်။

**ဦးလူမင်း (ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး)**

မြန်မာနိုင်ငံမှာ ရုပ်ရှင်ရုံတွေ ရုံတင်ပြသရေးစနစ် နှစ်ပေါင်းများစွာ ဒီတစ်မျိုးတည်း ကျင့်သုံးလာရာကနေ ပြသရေးစနစ်ပြောင်းလဲနိုင်ဖို့အတွက် ထုတ်လုပ်သူတွေ၊ ရုံပိုင်ရှင်တွေ၊ ရုပ်ရှင်အစည်းအရုံးက တာဝန်ရှိသူတွေ၊ ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ကိုယ်တိုင် ပြီးခဲ့တဲ့ မေ ၁၆ ရက်က ဆွေးနွေးခဲ့ပြီး ၂၆ ရက်က ရုပ်ရှင်အစည်းအရုံးမှာ အသေးစိတ်ဆွေးနွေးခဲ့တယ်။ ပထမအကြိမ်ဆွေးနွေးပွဲက ရလဒ်ကို ဒီဆွေးနွေးပွဲမှာ အတည်ပြုဖို့။ ရုပ်ရှင်အနာဂတ်က လက်ရှိအခြေအနေထက် ကောင်းမွန်တဲ့ အလားအလာကောင်းတွေရှိနေပြီ။ အမိအရဆုပ်ကိုင်နိုင်ဖို့ ကျွန်တော်တို့ လောကသားတွေ တာဝန်ဖြစ်တယ်။ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးအနေနဲ့ ဒီအလားအလာ ကောင်းတွေကို အမိအရ ဆုပ်ကိုင်ပြီး ရုပ်ရှင်လောက တိုးတက်အောင် ဖော်ဆောင်နိုင်ဖို့အတွက် အဓိက တာဝန်ရှိတဲ့ NGO အဖွဲ့တစ်ခုဖြစ်တယ်။ အခုရုပ်ရှင်ရုံ အသစ်တွေ တစ်ရုံပြီးတစ်ရုံ နယ်တွေမှာက အစ ဖွင့်နိုင်ပြီဆိုတော့ တိုးတက်တဲ့ လက္ခဏာတွေအဖြစ် သာဓကပြလို့ရပြီ။ လက်ရှိ ရုပ်ရှင်ကို ဖလင်ကနေ ဒစ်ဂျစ်တယ်ကို ပြောင်းလိုက်တဲ့အတွက် ရုပ်ရှင်ရိုက်ကူးမှုက နှစ်ဆသုံးဆတိုးတက်လာတယ်။ ရိုက်ကူးမှုအပိုင်းက တိုးတက်လာသလို ရုပ်ရှင်ရုံတွေလည်း တိုးတက်လာပြီဖြစ်တဲ့အတွက် အဲဒီလိုပဲ ပြသရေးစနစ်ကို ပြောင်းလဲ နိုင်မယ်ဆိုရင် အနာဂတ်ရုပ်ရှင်လောကရဲ့ အလားအလာကောင်းတွေဟာ လက်တစ်ကမ်းမှာ မဝေးတော့ဘူးလို့ ပြောလို့ရတယ်။ နိုင်ငံတကာကို ထိုးဖောက်ဖို့အတွက် နိုင်ငံတကာ အဖွဲ့အစည်းတွေနဲ့ ချိတ်ဆက် ဆက်သွယ်နေပါတယ်။ နိုင်ငံတကာအသိုင်းအဝိုင်းထဲဝင်ဆံ့နိုင်အောင် တစ်ဆင့်ပြီး တစ်ဆင့် သွားရမှာပါ။

**ကိုသက် (ရွှေမင်းသမီးရုပ်ရှင်ထုတ်လုပ်ရေး၊ ရွှေမန်းရုပ်ရှင်ရုံ)**

ရုပ်ရှင် ထုတ်လုပ်သူရော ရုံပိုင်ရှင်ပါ နှစ်ခုလုံး လုပ်ခဲ့ဖူးတော့ ခံစားမှုလေးတွေ သိတယ်။ ထုတ်လုပ်သူတွေ၊ ရုံပိုင်ရှင်တွေရဲ့ အခက်အခဲလေးတွေနဲ့ အတွေ့အကြုံလေးတွေကို ဆွေးနွေးခဲ့တယ်။ ပထမအစည်းအဝေး ဆုံးဖြတ်ချက်တွေကို ဒီ ဆွေးနွေးပွဲမှာ ဝန်ကြီးဆီ တင်ပြမှာပါ။ ဖြစ်စေချင်တာ ထုတ်လုပ်သူတွေရဲ့ ဆန္ဒ၊ ရုံပိုင်ရှင်တွေရဲ့ ဆန္ဒအရ အားလုံးပေါင်းစပ်ပြီး အကောင်းဆုံးဖြစ်မယ့် နည်းလမ်းကို ဝန်ကြီးကလည်း လမ်းညွှန်ပေးမယ်၊ ထုတ်လုပ်သူ၊ ရုံရှင်တွေက အားလုံး သဘောတူမယ်ဆိုရင် မြန်မာ့ရုပ်ရှင်လုပ်ငန်းတိုးတက်ပြီး ရုပ်ရှင်ဇာတ်ကားတွေ အရေအတွက် များများ ထွက်လာနိုင်မယ်။ မကြာသေးခင်က ကျွန်တော်ကိုယ်တိုင် ရိုက်ထားတဲ့ ထိုင်းမင်းသမီးနဲ့ ပြေတီဦး ရုပ်ရှင်ဇာတ်ကားရှိတယ်။ မကြာမီ ရုံတင်တော့မယ်။ ပြသမှု စနစ်လေးတွေ ပြောင်းလာမယ်။ ရုံတွေလည်း အများကြီးပေါ်လာမယ်။ ဝန်ကြီးလမ်းညွှန်တဲ့ အချက်တွေနဲ့ ထုတ်လုပ်သူတွေ၊ ရုံပိုင်ရှင်တွေ သဘောတူညီချက်တွေနဲ့ ညှိနှိုင်းသွားမယ်ဆိုရင် အလွန်ကောင်းတဲ့ လမ်းကြောင်းတစ်ခုကို ရောက်သွားမယ်လို့ ယူဆပါတယ်။

## မိုးလေဝသအခြေအနေ

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ နောက်နှစ်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံမြောက်ပိုင်းဒေသများသို့ ဝင်ရောက်နိုင်သည်။ **(မိုး/ဇလ)**

# အာရှတိုက်က သက်ကြီးရွယ်အိုများပြီး မွေးဖွားနှုန်းကျနေတဲ့ပြဿနာ

ဒေါက်တာကံညွန့်

ဂျပန်နိုင်ငံဟာ ကမ္ဘာမှာ လူ့သက်တမ်းအရှည်ဆုံးနိုင်ငံတစ်ခုပါ။ သက်တမ်း အရှည်ဆုံးနိုင်ငံဖြစ်သလို မွေးဖွားနှုန်းအနိမ့်ဆုံးနိုင်ငံတစ်ခုလည်းဖြစ်ပါတယ်။ လောလောဆယ် ဂျပန်ရဲ့လူဦးရေဟာ ၁၂၈ သန်းရှိပါတယ်။ ၂၀၁၄ ခုနှစ်က ဂျပန်မှာ မွေးဖွားတဲ့ ကလေးအရေအတွက်ဟာ ၁ သန်း ၁ ထောင်သာရှိပြီး ဒီအရေအတွက်ဟာ ၂၀၁၃ ခုနှစ်ကထက် ၉၀၀၀ ကျော်လျော့နည်းကျဆင်းခဲ့တယ်လို့ ဆိုပါတယ်။ ဂျပန်ရဲ့ သေဆုံးသူဟာ ယင်းနှစ်မှာ ၁ ဒသမ ၃ သန်းရှိခဲ့တယ်လို့ ဆိုပါတယ်။ ဒီနှုန်းနဲ့သာဆက်သွားနေရင် ၂၀၆၀ ပြည့်နှစ်လောက်မှာဂျပန်ရဲ့လူဦးရေဟာ ၈၇ သန်းသာရှိတော့မယ်လို့ လေ့လာသူတွေက ခန့်မှန်းထားကြပါတယ်။ ဒီအထဲက ထက်ဝက်ကျော်ဟာ အသက် ၆၅ နှစ်ကျော်တွေဖြစ်နေလိမ့်မယ်လို့ဆိုပါတယ်။

အာရှက နောက်တစ်နိုင်ငံဖြစ်တဲ့တောင်ကိုရီးယားနိုင်ငံကို ကြည့်လိုက်ပါဦး။ တောင်ကိုရီးယားနိုင်ငံကအရွယ်ရောက်ပြီး အမျိုးသမီးတစ်ဦးရဲ့ ကလေးမွေးနှုန်းဟာ ၁ ဒသမ ၁၉ ဦးသာရှိပါတယ်။ ဒါဟာ တောင်ကိုရီးယားနိုင်ငံရဲ့ လူဦးရေ သန်း ၅၀ ကိုတည်တံ့အောင်လုပ်ဖို့ အလွန်နည်းနေတယ်လို့ ဆိုပါတယ်။ ဒီနှုန်းနဲ့သာ သွားနေရင် ၂၁၃၆ ခုနှစ်မှာ တောင်ကိုရီးယားနိုင်ငံမှာလူဦးရေ ၁၀သန်းသာရှိတော့မှာဖြစ်ပြီး ၂၇၅၀ ပြည့်နှစ်မှာတော့ တောင်ကိုရီးယားမှာ လူမရှိနိုင်တော့ဘူးလို့ဆိုပါတယ်။ ဒါက တောင်ကိုရီးယားနိုင်ငံဆိုးလ်မြို့က National Assembly Research Service ကခန့်မှန်းတွက်ချက်ထားတာကို ဖော်ပြရတာပါ။

ဒီလိုပဲ အာရှတိုက်ကစီးပွားရေးဖွံ့ဖြိုးတိုးတက်နေတဲ့နိုင်ငံတွေဖြစ်တဲ့ ဟောင်ကောင်၊ ထိုင်ဝမ်၊ စင်ကာပူစတဲ့နိုင်ငံတွေဟာလည်း ဒီလိုလူဦးရေတိုးနှုန်းလျော့နည်းလာမှုတွေနဲ့ရင်ဆိုင်နေရပါတယ်။ ဟောင်ကောင်မှာဆိုရင် ၁၉၈၁ ခုနှစ်က အမျိုးသမီး ၁၀၀၀ မှာ ကလေး ၁၉၃၃ ဦး(အမျိုးသမီးတစ်ဦးမှာ ကလေး ၁ ဒသမ ၉ ယောက်နှုန်း)မွေးဖွားခဲ့ပေမယ့် ၂၀၁၂ ခုနှစ်မှာတော့ ၁၀၀၀ မှာ ၁၂၈၅ ဦး နှုန်း ၁ ဒသမ ၂ ဦးနှုန်းအထိ လျော့ကျသွားခဲ့တယ်လို့ဆိုပါတယ်။ ဒါက Hongkong Family Planning Association ရဲ့ တွေ့ရှိချက်ကို South China Morning Post သတင်းစာမှာ ဖော်ပြထားတာပါ။

အဲဒီလိုပဲ စင်ကာပူနိုင်ငံဟာ သူရဲ့လူဦးရေတည်တံ့ဖို့ လိုအပ်တဲ့တစ်နှစ်မှာ ကလေး ငါးသောင်းနှုန်းကိုမမွေးနိုင်ဘဲ ၂၀၁၄ စာရင်းအရ ကလေး သုံးသောင်းငါးထောင်ငါးရာလောက်ကိုသာမွေးနိုင်ခဲ့တယ်လို့ဆိုပါတယ်။ ဒီလိုမွေးနှုန်းကျဆင်းနေတာဟာ ၂၈ နှစ်ဆက်တိုက် ဖြစ်နေတယ်လို့ဆိုပါတယ်။ ထိုင်ဝမ်နိုင်ငံဟာလည်း သူ့လူဦးရေကိုထိန်းဖို့ အမျိုးသမီးတစ်ဦးမှာ ကလေး ၂ ဒသမ ၁ ယောက်မွေးရန်လိုအပ်ခဲ့ပေမယ့် နှစ်စဉ် ၁ ဒသမ ၃ ယောက်ထက်နည်းတဲ့ အရေအတွက်ကိုပဲ မွေးနေတယ်လို့ဆိုပါတယ်။ ခြုံပြီးတွက်လိုက်ရင်တော့ အာရှတိုက်မှာ ၁၉၅၅ ခုနှစ်လောက်က အမျိုးသမီးတစ်ဦးဟာ ကလေး ၅ ဒသမ ၈ ယောက်မွေးပေးခဲ့ပေမယ့် ၂၀၁၄ ခုနှစ်မှာတော့ ၁ ဒသမ ၇ ယောက်သာ မွေးခဲ့တယ်လို့ ဆိုပါတယ်။ ဒါဟာ တကယ်လိုအပ်တဲ့နှုန်း ၂ ဒသမ ၁ ထက် နည်းနေတယ်လို့ ထောက်ပြထားပါတယ်။ ဒါတွေကတော့ အာရှတိုက်က ကလေးမွေးဖွားနှုန်းကျဆင်းလာတဲ့ နိုင်ငံတွေရဲ့ အခြေအနေပါ။

အခုအခါ အာရှတိုက်မှာ သက်ကြီးရွယ်အိုများလာတဲ့အခြေအနေကိုလည်း ကြည့်ကြပါဦး။ သက်ကြီးရွယ်အိုမထင်မှတ်နိုင်အောင် များလာတာကို Silver Tsunami ငွေရောင်လှိုင်းလုံးကြီးလို့ တင်စားခေါ်ဝေါ်ကြပါတယ်။ ကမ္ဘာ့ကုလသမဂ္ဂလူဦးရေဆိုင်ရာဌာနရဲ့ ခန့်မှန်းချက်အရ ၂၀၃၀ ပြည့်နှစ်မှာ တောင်ကိုရီးယား၊ ထိုင်းနှင့် တရုတ်နိုင်ငံတွေမှာ အသက် ၆၅ နှစ်ကျော်သူတွေရဲ့ အရေအတွက်သာ အသက်တစ်နှစ်မှ ၁၅ နှစ်ရှိသူအရေအတွက်ထက်ကျော် လွန်သွားလိမ့်မယ်လို့ ဆိုပါတယ်။ ဒီလိုပဲ ၂၀၄၀ နှင့် ၂၀၅၀ ပြည့်နှစ်တွေမှာလည်း ဗီယက်နမ်နှင့် မလေးရှားနိုင်ငံတွေမှာ ကျော်လွန်သွားမှာဖြစ်တယ်လို့ ဆိုပါတယ်။

ကမ္ဘာ့အသက်အရှည်ဆုံးနိုင်ငံဖြစ်တဲ့ ဂျပန်မှာတော့ အသက်ကြီးပြီး အလုပ်မလုပ်နိုင်သူ အရေအတွက်ဟာ အလုပ်လုပ်နိုင်သူအရေအတွက်ထက် နှစ်ဆဖြစ်နေတာ ၁၉၉၅ ခုနှစ်ပဲလို့ ဆိုပါတယ်။ ၂၀၅၀ ကျရင်တော့ အလုပ်မလုပ်နိုင်သူဦးရေဟာ ၇၅ ရာခိုင်နှုန်းအထိ တိုးလာလိမ့်မယ်လို့ ခန့်မှန်းထားပါတယ်။ တရုတ်နိုင်ငံမှာတော့ ၁၉၉၅ ခုနှစ်က သက်ကြီးရွယ်အိုတစ်ယောက်ရှိတိုင်း



အလုပ်လုပ်နိုင်သူ ရှစ်ယောက်ရှိခဲ့ရာက ၂၀၅၀ ကျရင် အလုပ်လုပ်နိုင်သူ ၂ ဒသမ ၆ ယောက်သာ ရှိနိုင်တော့မယ်လို့ ဆိုပါတယ်။ ဒီလိုပဲ တောင်ကိုရီးယားနိုင်ငံဟာလည်း အသက်ကြီးလာလို့ မှီခိုနေရမယ့်လူဟာ ငါးဆတိုးလာပြီး လူဦးရေရဲ့ ၆၅ ရာခိုင်နှုန်း ဖြစ်လာလိမ့်မယ်လို့ ခန့်မှန်းထားပါတယ်။ ဒါတွေကတော့ Asia Nikkei Review ရဲ့ အစီရင်ခံစာမှာ ဖော်ပြထားတာပါ။

အရှေ့တောင်အာရှနိုင်ငံတွေမှာ သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ ဆီးချိုရောဂါနှင့် ကင်ဆာရောဂါဖြစ်နှုန်းဟာ ၁၉၉၇ က ၂၀၀၅ ခုနှစ်အတွင်း လေးဆကျော်မြင့်တက်ခဲ့တယ်လို့ ဆိုပါတယ်။ တရုတ်နိုင်ငံဟာဆိုရင်လည်း အမေရိကန်နိုင်ငံပြီးရင် ကမ္ဘာမှာ ဒုတိယအများဆုံး အဝလွန်နေသူ (Obesity) ရှိတဲ့နိုင်ငံဖြစ်တယ်လို့ ဆိုပါတယ်။ တရုတ်နိုင်ငံမှာ လူပေါင်း ၄၆ သန်းကျော် အဝလွန်နေပြီး လူသန်း ၃၀၀ ခန့်ဟာ ရှိသင့်တဲ့ ကိုယ်အလေးချိန်ထက်ပိုနေသူ (overweight) တွေဖြစ်တယ်လို့ ဆိုပါတယ်။ ဒါတွေကတော့ အင်္ဂလန်နိုင်ငံထုတ် Lancet ဂျာနယ်နှင့် Washington University Institute For Health Metric and Evaluation က လေ့လာထားချက်မှာ ဖော်ပြထားတာတွေ ဖြစ်ပါတယ်။

အခုဖော်ပြခဲ့တဲ့ အကြောင်းအရာတွေကတော့ စီးပွားရေးတိုးတက်ပြီး နိုင်ငံတွေ ရင်ဆိုင်နေရတဲ့ လူမှုရေး၊ စီးပွားရေးနဲ့ ဆက်နွှယ်တဲ့ ကျန်းမာရေး ပြဿနာတွေပဲဖြစ်ပါတယ်။ စီးပွားမဖွံ့ဖြိုးမတိုးတက်သေးတဲ့ နိုင်ငံတွေမှာတော့ ဒီပြဿနာတွေမရှိပါဘူး။ ဥပမာ ကျွန်တော်တို့ မြန်မာနိုင်ငံ၊ လာအို၊ ဗီယက်နမ်၊ ကမ္ဘောဒီးယားတို့ဖြစ်ပါတယ်။ နိုင်ငံကြီးပွားတိုးတက်လာတာနဲ့ အမျှ ကျန်းမာရေးစောင့်ရှောက်မှုလည်း တိုးတက်လာခဲ့ပါတယ်။ ခေတ်မီဆေးဝါးတွေနဲ့ ဆေးပစ္စည်းကိရိယာတွေ၊ တတ်ကျွမ်းသူပညာရှင်တွေ၊ ဆေးရုံဆေးခန်းတွေ တိုးတက်လာတာကြောင့် ကျန်းမာရေးစောင့်ရှောက်မှု ပိုကောင်းလာကြပြီး လူတွေက ယခင်ကထက် ပိုအသက်ရှည် နေထိုင်လာနိုင်ကြတယ်။ ဒါကြောင့် သက်ကြီးရွယ်အိုတွေ တိုးပွားလာတယ်။ ဒါတွေဟာ ကြိုဆိုသင့်တဲ့အရာတွေဖြစ်ပါတယ်။ လူသားအားလုံးအတွက် ကျန်းမာရေးစောင့်ရှောက်မှု မြင့်တက်အောင် နိုင်ငံအစိုးရတိုင်း လုပ်ကြရမှာ ဖြစ်ပါတယ်။

တစ်ဖက်ကလည်း ခေတ်မီတိုးတက်လာတာနဲ့အမျှ အလုပ်လုပ်နိုင်တဲ့ လူဦးရေပိုလိုအပ်လာတယ်။ အလုပ်လုပ်နိုင်တဲ့လူတိုင်း အလုပ်ခွင်မှာ အလုပ်လုပ်နေကြရတယ်။ အမျိုးသား၊ အမျိုးသမီး အားလုံးတန်းတူရည်တူ လုပ်ကိုင်နေကြတယ်။ ပညာတတ်သူဦးရေ ပိုများလာတယ်။ ဒီအခြေအနေဟာ ကလေးမွေးနှုန်း ကျဆင်းစေဖို့ အခြေအနေ ဖြစ်လာခဲ့ရတယ်။ မွေးဖွားနှုန်းဟာ များရင်လည်း မကောင်း၊ နည်းလွန်းရင်လည်း မကောင်းပါဘူး။ ကိုယ့်တိုင်း ပြည်ကိုယ့်ဒေသနဲ့ သင့်တော်တဲ့ မွေးဖွားနှုန်းရှိသင့်ကြပါတယ်။

စက်မှုဖွံ့ဖြိုးပြီး နိုင်ငံတွေထဲက ဂျပန်နှင့် တောင်ကိုရီးယားလို နိုင်ငံတွေမှာဆိုရင် လူလုပ်ရတဲ့ နေရာတချို့မှ စက်ရုပ်တွေ အစားထိုးလုပ်နေကြရတယ်။ တရုတ်နိုင်ငံဆိုရင်လည်း ၁၉၈၀ ပြည့်နှစ်ကပဲ စတင်ခဲ့တဲ့ တစ်အိမ်ထောင် ကလေးတစ်ယောက်ပဲ မွေးရမယ်ဆိုတာကို နှစ်ယောက်ထိ မွေးနိုင်ဖို့ ပြင်ဆင်နေပြီဖြစ်ပါတယ်။ မွေးဖွားနှုန်းကျဆင်းလာတာကြောင့် အလုပ်လုပ်နိုင်သူ နည်းပါးလာရတဲ့ ပြဿနာနှင့် ကျန်းမာရေးစောင့်ရှောက်မှုကောင်းလာတာကြောင့် သက်ကြီးရွယ်အိုများလာတဲ့ အခြေအနေကို သဟဇာတဖြစ်အောင် ဖြေရှင်းရာမှာ မွေးဖွားနှုန်းမြင့်လာစေဖို့ကိုသာ ဇောင်းပေး ဆောင်ရွက်သင့်တယ်လို့ မြင်ပါတယ်။ ဒါကြောင့် ကျန်းမာရေးစောင့်ရှောက်မှုဟာ တိုင်းပြည်မှာ သက်ကြီးရွယ်အိုများလာတာကို မီးထိုးပေးသလိုဖြစ်တယ်ဆိုပြီး ဒီစောင့်ရှောက်မှုကို လျှော့ချပစ်မယ်ဆိုတာ မလုပ်သင့်တဲ့ အရာတစ်ခုဖြစ်သလို၊ တစ်ဖက်က လုပ်အားရရှိနိုင်တဲ့ ကလေးမွေးဖွားနှုန်းကို မထိန်းချုပ်ဘဲ ကလေး ပိုမွေးအောင် အားပေးလှုံ့ဆော်ဆောင်ရွက်ခြင်း၊ စက်မှုဖွံ့ဖြိုးလာပြီဆိုရင်လည်း လူသားတွေကိုယ်တိုင် လုပ်စရာ မလိုတဲ့ နေရာတွေမှာ စက်ရုပ်တွေ တီထွင်အစားထိုးလုပ်ကိုင်စေခြင်းကသာ ဖြေရှင်းဆောင်ရွက်သင့်တဲ့ကိစ္စဖြစ်ကြောင်း တင်ပြလိုက်ရပါတယ်။

## မိုးကုတ်အင်း(မုံကွင်းအင်း) ပြန်လည်တူးဖော်ခြင်းဆောင်ရွက်



**မန္တလေး ဇွန် ၁၀**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်နှင့် တိုင်းဒေသကြီးဝန်ကြီးများဖြစ်သည့် ဗိုလ်မှူးကြီးအောင်ကျော်မိုး၊ ဦးသန်းစိုးမြင့်၊ ပြင်ဦးလွင်ခရိုင်နှင့် မိုးကုတ်မြို့နယ် အုပ်ချုပ်ရေးမှူးများသည် ဇွန် ၇ ရက်က မိုးကုတ်အင်း (မုံကွင်းအင်း)ပြန်လည်တူးဖော်ဆောင်ရွက်ခြင်း လုပ်ငန်းတိုးတက်မှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

တိုင်းဒေသကြီးဆည်မြောင်းဦးစီးဌာန ဦးစီးမှူး ဦးဌေးဦးက မုံကွင်းအင်း၏ မူလပကတိအခြေအနေနှင့် မိုးရွာသွန်းမှုများပြားချိန်အတွင်း ရေနီမြောင်းမှ ရေပိုရေလျှံများ စီးဝင်အနည်ပို့ချမှုအခြေအနေ၊ တိမ်ကောနေသော (မုံကွင်းအင်း)ကို အင်းအတွင်းမှ သဲနုန်းများ တူးဖော်ခြင်း၊ ကန်ပေါင်ဖို့ခြင်း၊ ဆင်ခြေလျှောလှိုင်းကာ ကျောက်ရိုးစီခြင်း၊ ကန်ပေါင်ထိပ်ပြင်နှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ခြင်းအခြေအနေများနှင့် လုပ်ငန်းဆောင်ရွက်စဉ်အတွင်း မိုးရွာသွန်းနိုင်မှုအခြေအနေ၊ လုပ်ငန်းဆောင်ရွက်ပြီးစီးပါက မြို့နေပြည်သူများအတွက် အကျိုးပြုနိုင်မည့် အခြေအနေများကို မြေပုံကားချပ်နှင့်တကွ ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးချုပ်နှင့်အဖွဲ့သည် လုပ်ငန်းခွင်အတွင်း စက်ယန္တရားကြီးများဖြင့်အင်းအတွင်းမှ သဲနုန်းများတူးဖော်ဆောင်ရွက်နေမှုနှင့်ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။ **တင်မောင်(မန်းကိုယ်ပွား)**

## လူကုန်ကူးမှုတားဆီးကာကွယ်ရေးဟောပြော

**သဲကုန်း ဇွန် ၁၀**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင်သဲကုန်းမြို့နယ် ကိုယ်ကြီးမြှုပ်ကျေးရွာ ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ ဇွန် ၇ ရက်က လူကုန်ကူးမှု တားဆီးကာကွယ်ရေးအသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲများ ကျင်းပခဲ့သည်။ ရှေးဦးစွာမြို့နယ်လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူးဦးလှမိုးဦးက အမှာစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမောင်မောင်ဦးက လူကုန်ကူးခြင်းဆိုင်ရာများနှင့် မှုခင်းကျဆင်းရေး အကြောင်း ဟောပြောသည်။ **(ခရိုင် ပြန်/ဆက်)**



**ဇီးကုန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ ဇွန် ၉ရက်က အမက ပေပင်စုကျောင်း၌ အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါး အလွဲသုံးမှုနှင့်တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ်နံရံကပ်စာစောင်များကို ကလေးသူငယ်များ စိတ်ဝင်စားစွာကြည့်ရှုစဉ်။** သိန်းတိုး(ဇီးကုန်း)

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

# အာရှအခြေခံအဆောက်အအုံရင်းနှီးမြှုပ်နှံမှုဘဏ်တွင် မြန်မာနိုင်ငံမှမတည်ရင်းနှီးငွေထည့်ဝင်ရန်ကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်အဆုံးအဖြတ်ရယူ

**နေပြည်တော် ဇွန် ၁၀**

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၅၇) ရက်မြောက်နေ့ကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ၌ ဆက်လက်ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေးတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ မြစ်ကြီးနား မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဇော်က လွှတ်တော်သို့ ရှင်းလင်းတင်သွင်းသည်။

ထို့နောက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်က တင်သွင်းထားသည့် ရာဇသတ်ကြီးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် ရာဇဝတ်ကျင့်ထုံးဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းတို့နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီဝင် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၁) မှ လွှတ်တော်ကိုယ်စားလှယ် ဦးတင်ဦးက ဖတ်ကြားတင်ပြပြီး ပြည်ထောင်စုလွှတ်တော်နာယက က အဆိုပါဥပဒေကြမ်းအား ပြည်ထောင်စု တရားလွှတ်တော်ချုပ်သို့ ပြန်လည်ပေးပို့သွားရန်အတွက် လွှတ်တော်၏အဆုံးအဖြတ်ကို ရယူအတည်ပြုသည်။

ယင်းနောက် နိုင်ငံတော်သမ္မတထံမှပေးပို့သော အာရှအခြေခံအဆောက်အအုံ ရင်းနှီးမြှုပ်နှံမှုဘဏ်တွင် မြန်မာနိုင်ငံမှ မတည်ရင်းနှီးငွေထည့်ဝင်ရန် ကိစ္စနှင့်စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီး (ဒဂုံမြို့သစ်မြောက်ပိုင်း) မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်တင်နွယ်ဦးက ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က အသေးစိတ် ပြန်လည်ရှင်းလင်းဆွေးနွေးပြီး လွှတ်တော်၏အဆုံးအဖြတ်ကို ရယူအတည်ပြုသည်။

**(သတင်းစဉ်)**



ပြည်သူ့လွှတ်တော်အစည်းအဝေး

# မင်းကွန်းဒေသရှိ သမိုင်းဝင်ကြက်ထောင့် ကန်တော်ကြီးပြုပြင်ထိန်းသိမ်းမှုလုပ်ဆောင်ရန် ယဉ်ကျေးမှုဝန်ကြီးဌာနက ပူးပေါင်းကူညီဆောင်ရွက်မည်

**နေပြည်တော် ဇွန် ၁၀**

ပြည်သူ့လွှတ်တော်(၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၆၁ ရက်မြောက်နေ့ကို ယနေ့နံနက်ပိုင်းတွင် ကျင်းပသည်။

ပလက်ဝမဲဆန္ဒနယ်မှ ဦးပိုက်လင်း၏ **ကျောက်တော်-ပလက်ဝလမ်းနှင့် မတူပီ-ပလက်ဝ လမ်းပေါ် ဆက်စပ်မည့် ကုလားတန်မြစ်ကူးတံတား(ပလက်ဝ) ရေလမ်းအရှည်ပေ ၁၁၀၀နှင့် ချဉ်းကပ်လမ်းပေ ၈၀၀ စုစုပေါင်း ၁၉၀၀ ပေ ရှိမည့် သံကူကွန်ကရစ် သံပေါင်ကြိုးတံတား တည်ဆောက်ပေးစေလိုပါသဖြင့် လာမည့်ဘတ်ဂျက်နှစ် သို့မဟုတ် မည်သည့်ခုနှစ်တွင် တည်ဆောက်ပေးမည်ကို သိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်က ကုလားတန်မြစ်ကူးတံတားတစ်စင်း ဆောက်လုပ်ရန်လိုအပ်ပါကြောင်း၊ ကျောက်တော်-



ဒုတိယဝန်ကြီး ဦးသန်းဆွေ ဖြေကြားစဉ်။



အောင်မြေသာစံမြို့နယ် မဲဆန္ဒနယ်မှ ဦးကိုကြီး မေးမြန်းစဉ်။

ပလက်ဝလမ်းပေါ်ရှိ ကုလားတန်မြစ်ကူးတံတား (ပလက်ဝ)အား ဆောက်လုပ်ရန်အတွက် ပဏာမလေ့လာမှုများ ပြုလုပ်ချက်အရ တံတားအရှည်ပေ ၁၂၀၀ ခန့် တည်ဆောက်ရန် လိုအပ်ပါကြောင်း၊ ပလက်ဝမြို့ တစ်ဖက်ကမ်းတွင် ခေတ်မီဆိပ်ကမ်းတည်ဆောက်နေပြီး သင်္ဘောကြီးများ ဝင်/ထွက် သွားလာနိုင်ရန်အတွက် ကစ္ဆပနဒီတံတား၏ ရေလမ်းကင်းလွတ်အမြင့်နှင့် အတူ ပေ ၅၀ အမြင့် ထားရှိသွားမည်ဖြစ်ပါကြောင်း၊ ရေလမ်းကင်းလွတ် အကျယ်ပေ၂၀၀ ရရှိအောင် ၂၄၀ ပေအကျယ် သံပေါင်နှစ်ခန်းပါ ထည့်သွင်းတည်ဆောက်သွားမည်ဖြစ်ပါကြောင်း၊ အသေးစိတ်ပုံစံ ထုတ်လုပ်ခြင်းနှင့် ခန့်မှန်းကုန်ကျစရိတ် တန်ဖိုးများ တွက်ချက်ပြီးပါက ဒုတိယငါးနှစ် စီမံကိန်း၏ပထမနှစ်ဖြစ်သော ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စု အစိုးရအဖွဲ့နှင့် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြအတည်ပြုချက်ရယူပြီး တည်ဆောက်သွားမည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။

အောင်မြေသာစံမြို့နယ် မဲဆန္ဒနယ်မှ ဦးကိုကြီး၏ "စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ် မင်းကွန်းဒေသရှိ သမိုင်းဝင်ကြက်ထောင့်ကန်တော်ကြီးကို အချိန်မီ ပြုပြင်ထိန်းသိမ်းမှုလုပ်ဆောင်ရန် အစီအစဉ်ရှိ/မရှိ" မေးခွန်းနှင့်စပ်လျဉ်း၍ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းဆွေက ကြက်ထောင့်ကန်ကြီး၏သမိုင်းကြောင်းနှင့် ယဉ်ကျေးမှုအမွေအနှစ် လက်ရာတန်ဖိုးများကြောင့် ယိုယွင်းပျက်စီးမှုများ ဆက်လက်မဖြစ်ပေါ်စေရေးအတွက် ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာနအနေဖြင့် ၂၀၀၂-၂၀၀၃ ဘဏ္ဍာရေးနှစ်တွင် ခွင့်ပြုငွေလုံးငွေရင်းရန်ပုံငွေကျပ် ၆၈ သိန်းဖြင့် သစ်ငုတ်များတူးခြင်း၊ သဲကျောက်များအစားထိုးခြင်း၊ ကြားသိပ်ခြင်း စသည့် ပြုပြင်ထိန်းသိမ်းမွမ်းမံခြင်း လုပ်ငန်းများ ဆောင်ရွက်ခဲ့ပါကြောင်း။

၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်နှင့် လာမည့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ငွေလုံးငွေရင်းရန်ပုံငွေခွဲဝေရရှိမှုမရှိခြင်းတို့ကြောင့် ကြက်ထောင့်ကန်တော်ကြီး ထိန်းသိမ်းရန် ဆောင်ရွက်နိုင်ခြင်းမရှိပါကြောင်း။

သို့ဖြစ်ပါ၍ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရ၏ကြီးကြပ်မှုဖြင့် စစ်ကိုင်းမြို့နယ် မင်းကွန်းဒေသရှိ သမိုင်းဝင်ကြက်ထောင့်ကန်တော်ကြီးကို Tourist Attraction အဖြစ် ပြုပြင်ထိန်းသိမ်းလိုခြင်းနှင့် စပ်လျဉ်း၍ ယဉ်ကျေးမှုဝန်ကြီးဌာနက သဘောတူထားပြီး ထိုသို့ဆောင်ရွက်ရာတွင် ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာနက ထိန်းသိမ်းရေးလုပ်ငန်းကျွမ်းကျင်သည့် ဝန်ထမ်းများဖြင့် ပူးပေါင်းကူညီ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းဖြေကြသည်။ **(သတင်းစဉ်)**

အမျိုးသားလွှတ်တော်အစည်းအဝေး

# သံလွင်မြစ်ရေ လွှဲပြောင်းသယ်ယူရေးစီမံကိန်း၊ မဟာစီမံချက် ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ရေးအဆိုနှင့် စပ်လျဉ်း၍ ဆွေးနွေး

**နေပြည်တော် ဇွန် ၁၀**

ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၆၀ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမျိုးမြင့်၏ မြန်မာနိုင်ငံအလယ်ပိုင်းနှင့် အရှေ့တောင်ပိုင်းဒေသကြီးများတွင် နှစ်စဉ် ခြောက်သွေ့ရာသီရေပြတ်လပ်မှု၊ မိုးရာသီရေကြီးနစ်မြုပ်မှုများကို ရေရှည်ကုစားနိုင်မည့် မြစ်ရေလွှဲပြောင်းသယ်ယူရေး စီမံကိန်း၊ မဟာစီမံချက် ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုနှင့်စပ်လျဉ်း၍ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူး အောင်ဖြိုးကျော်က အဆိုပါစီမံကိန်း၊ မဟာစီမံချက်သည် သံလွင်မြစ်ရေ လွှဲပြောင်းသယ်ယူရေးစီမံကိန်း မဟာစီမံချက်ကို ပြည်သူများ၏ အကျိုးစီးပွားတိုးပွားစေရေးအလို့ငှာ တင်ပြခြင်းဖြစ်သည်ကို တွေ့ရှိရပါကြောင်း၊ အဆိုပါ မဟာစီမံချက်ကို ဆောင်ရွက်မည်ဆိုပါက သဘာဝပတ်ဝန်းကျင်နှင့် လူမှုစီးပွားပတ်ဝန်းကျင်ဆိုင်ရာ အသေးစိတ်လေ့လာဆန်းစစ်မှုများ စနစ်တကျဆောင်ရွက်ရန်လိုအပ်ခြင်း၊ နိုင်ငံတကာအကူအညီများ လိုအပ်ခြင်း၊ ငွေကြေးအရင်းအနှီး များစွာ လိုအပ်ခြင်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုနည်းစနစ်များလိုအပ်ခြင်း၊ ဒေသခံတိုင်းရင်းသားလူမျိုးများ၏ ဆန္ဒရယူရန်လိုအပ်ခြင်း၊ အိမ်နီးချင်းနိုင်ငံများနှင့် ညှိနှိုင်းဆောင်ရွက်ရန်လိုအပ်ခြင်း စသည့် အချက်များကြောင့် လောလောဆယ် ဆောင်ရွက်ရန်မသင့်ဘဲ မှတ်တမ်းအဖြစ်သာ ထားရှိသင့်ပါကြောင်းဖြင့် ဆွေးနွေးသည်။

မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးဌေးမောင်က အမျိုးသားအကျိုးစီးပွား ဖွံ့ဖြိုးတိုးတက်မှုကို ရေရှည်အာမခံနိုင်သည့် နှစ်စဉ် စီးဝင်ရေ ပေါများကြွယ်ဝသော သံလွင်မြစ်မှ ရေလွှဲပြောင်းသယ်ယူရေး မဟာစီမံကိန်းသည် မြန်မာနိုင်ငံအလယ်ပိုင်း မိုးခေါင်ရေရှားရပ်ဝန်းဒေသကြီးနှင့် ကရင်ပြည်နယ်/မွန်ပြည်နယ်များအတွင်း စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုအတွက် ရေရရှိရေး၊ မိုးရာသီ ရေကြီး၊ ရေလွှမ်းမှုကာကွယ်ပေးနိုင်ရေး၊ ရေအားလျှပ်စစ်ထုတ်ယူသုံးစွဲနိုင်ရေး၊ ဒေသခံများ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရေး စသည့် အကျိုးတရားများကြောင့် လုပ်ဆောင်သင့်သည်ဟု သုံးသပ်လိုပါကြောင်း၊ ခက်ခဲစွာ လုပ်ဆောင်ရမည့်စီမံကိန်းကြီးဖြစ်သော်လည်း အဆင့်အလိုက် စူးစမ်းလေ့လာသည်မှ တည်ဆောက်အကောင်အထည်ဖော်သည်အထိ ဆောင်ရွက်ရန် ထောက်ခံပါကြောင်းဖြင့် ဆွေးနွေးသည်။



တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူး အောင်ဖြိုးကျော် ဆွေးနွေးစဉ်။



ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဒေါ်နန်းနီနီအေး ဆွေးနွေးစဉ်။

ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးစိုင်းသန့်ဇင်က သံလွင်မြစ်သည် တိုင်းရင်းသားလက်နက်ကိုင်ပဋိပက္ခများ ရှိနေဆဲနေရာဒေသများကို အဓိကဖြတ်သန်းစီးဆင်းနေပြီး တိုင်းရင်းသားများအတွက် ကောင်းကျိုးထက်ဆိုးကျိုးများကိုသာ ဖြစ်ထွန်းစေနိုင်မည်ဟု ယူဆပါကြောင်း၊ လက်ရှိကြိုးပမ်းဆောင်ရွက်နေသည့် အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ငန်းစဉ်၊ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များကို ထိခိုက်စေနိုင်သည့် စီမံကိန်းလည်း ဖြစ်နေပါကြောင်း၊ တိုင်းရင်းသားများ၏ယုံကြည်မှုကို လျော့ပါးပျက်စီးစေနိုင်မည့် မည်သည့်စီမံကိန်းကိုမျှ မပြုလုပ်သင့်သေးပါကြောင်းနှင့် တင်သွင်းသည့်အဆိုကို ကန့်ကွက်ပါကြောင်းဖြင့် ဆွေးနွေးသည်။

ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဒေါ်နန်းနီနီအေးက ဖွံ့ဖြိုးပြီး တိုင်းပြည်များကို လေ့လာ

*စာမျက်နှာ ၉ ကော်လံ ၁ သို့*

# နိုင်ငံတော်သမ္မတဦးသိန်းစိန် တောင်ကြီးမြို့ရှိ တန်ခိုးကြီးဘုရားများအား ဖူးမြော်ကြည်ညို





**နေပြည်တော် ဇွန် ၁၀**

ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့တွင် ရောက်ရှိနေသော နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းက တောင်ကြီးမြို့ရှိ တန်ခိုးကြီးဘုရားများအား ဖူးမြော်ကြည်ညိုသည်။

ရှေးဦးစွာ နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် စူဠာမုနိလောကချမ်းသာစေတီတော်သို့ ရောက်ရှိပြီး ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုကာ အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် ရွှေဘုန်းပွင့်ဘုရားသို့ရောက်ရှိပြီး ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုကာ **(အပေါ်ပုံ)** အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ဘုရားရင်ပြင် ရှုခင်းသာရှုရပ်မှနေ၍ တောင်ကြီးမြို့၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် စိမ်းလန်းစိုပြည် စည်ပင်သာယာနေမှုကို ကြည့်ရှုသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ ဦးသိန်းညွန့်တို့နှင့်အတူ ရှမ်းပြည်နယ် အစိုးရအဖွဲ့ရုံးသို့ရောက်ရှိကြပြီး ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်နှင့် အစိုးရအဖွဲ့ဝင်များအား တွေ့ဆုံ၍ လိုအပ်သည်များ ဆွေးနွေးလမ်းညွှန်မှာကြားသည်။ **(သတင်းစဉ်)**

❊ *ရှေ့ဖုံးမှ*

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်စံလွင်၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးထူးကိုကိုနှင့် အဖွဲ့ဝင်များ၊ တောင်ကြီးခရိုင်နှင့် လွိုင်လင်ခရိုင်၊ လင်းခေးခရိုင်တို့မှ စီမံခန့်ခွဲမှုကော်မတီဝင်များ၊ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဝင်များ၊ စည်ပင်သာယာရေးကော်မတီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တိုင်းရင်းသားစာပေ ယဉ်ကျေးမှု အဖွဲ့များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများ တက်ရောက်ကြသည်။




**နိုင်ငံတော်သမ္မတဦးသိန်းစိန် တောင်ကြီးခရိုင်၊ လွိုင်လင်ခရိုင်၊ လင်းခေးခရိုင်တို့မှ စီမံခန့်ခွဲမှုကော်မတီဝင်များ၊ ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဝင်များ၊ စည်ပင်သာယာရေးကော်မတီဝင်များကို တောင်ကြီးမြို့ မြို့တော်ခန်းမ၌ တွေ့ဆုံစဉ်။** (သတင်းစဉ်)

ရှေးဦးစွာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က အမှာစကားပြောကြားရာတွင် အင်းလေးဒေသသည် ရှမ်းပြည်နယ်၏ အဓိက Landmark တစ်ခုဖြစ်ပါကြောင်း၊ ထို့ကြောင့် အင်းလေးဒေသ အမြဲတမ်းရှင်သန်ဖွံ့ဖြိုးနေစေရန် အားလုံးဝိုင်းဝန်း ထိန်းသိမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်အနေဖြင့်လည်း အင်းလေးကန် ရေရှည်တည်တံ့စေရန်၊ ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနှင့် အင်းလေးကန်ရေခန်းခြောက်မှု ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ပြင်သစ်နိုင်ငံ ပါရီမြို့၌ ကျင်းပလျက်ရှိသည့် (၂၇)ကြိမ်မြောက် ကုလသမဂ္ဂ ပညာရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာအဖွဲ့၏ လူသားနှင့် ဇီဝအဝန်း နယ်မြေအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု ကောင်စီအစည်းအဝေးက ရှမ်းပြည်နယ်အင်းလေးဒေသကို မြန်မာနိုင်ငံ၏ ပထမဆုံးဇီဝအဝန်းနယ်မြေအဖြစ် အသိအမှတ်ပြု သတ်မှတ်နိုင်ခဲ့သဖြင့် နောင်တွင်ကူညီ ပံ့ပိုးမှုများစွာ ရရှိလာမည်ဖြစ်ပါကြောင်း။

တိုင်းပြည် ဖွံ့ဖြိုးတိုးတက်ရန်အတွက် ဒေသတစ်ခု ဖွံ့ဖြိုးတိုးတက်ရန် လိုအပ်ပြီး ဒေသတစ်ခု ဖွံ့ဖြိုးတိုးတက်ရန်အတွက် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ရန် လိုအပ်ပါကြောင်း၊ ရှမ်းပြည်နယ်အတွင်းရှိ အဓိက လမ်းမကြီးများမှာလည်း ကောင်းမွန်နေပြီဖြစ်ပါကြောင်း၊ ဆက်သွယ်ရေးကဏ္ဍတွင် ကျေးလက်ဒေသအထိ လက်ကိုင်တယ်လီဖုန်းများ ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲနိုင်ပြီဖြစ်ပါကြောင်း၊ တိုင်းပြည် ကြွယ်ဝချမ်းသာရန် စိုက်ပျိုးရေးတစ်ခုတည်းဖြင့် မလုံလောက်ပါကြောင်း၊ စက်မှုနိုင်ငံတည်ဆောက်ရမည် ဖြစ်ပါကြောင်း၊ စက်မှုလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် လျှပ်စစ်ရရှိရေးမှာ အရေးကြီးပါကြောင်း။

သို့ဖြစ်၍ လျှပ်စစ်မီးရရှိရေးကိုလည်း အထူးအလေးထား ဆောင်ရွက်ပေးနေပါကြောင်း၊ လျှပ်စစ်မီးရရှိပါက မိမိတို့ဒေသနှင့် ကိုက်ညီသည့် အသေးစား၊ အလတ်စား စက်မှုလုပ်ငန်းများ လုပ်ကိုင်နိုင်မည်ဖြစ်ပါကြောင်း၊ ထို့ပြင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရန်မှာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် အလုပ်အကိုင်အခွင့်အလမ်း ရရှိရေးမှာလည်း အရေးကြီးပါကြောင်း၊ ရှမ်းပြည်နယ်တွင် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရန်အတွက် နည်းပညာတက္ကသိုလ်များ၊ ဝိဇ္ဇာ၊ သိပ္ပံတက္ကသိုလ်များ ဖွင့်လှစ်ပေးနိုင်ခဲ့ပြီဖြစ်ပြီး မကြာမီတွင် တောင်ကြီးဆေးတက္ကသိုလ်ကို ဖွင့်လှစ်ပေးနိုင်တော့မည်ဖြစ်ပါကြောင်း။

တောင်ကြီး ဆေးတက္ကသိုလ်မှ ဆရာဝန်များ ပေါ်ထွက်လာပြီး မိမိတို့ဒေသ၌ ပြန်လည်တာဝန် ထမ်းဆောင်နိုင်မည်ဖြစ်ပြီး ကျန်းမာရေးပိုင်းတွင် စောင့်ရှောက်မှုပေးနိုင်တော့မည်ဖြစ်ပါကြောင်း၊ အလုပ်အကိုင်အခွင့် အလမ်းပိုင်းတွင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများသာမက အသိပညာနှင့် အတတ်ပညာများ ပေါင်းစပ်ပြီး အသက်မွေးဝမ်းကျောင်း ပြုနိုင်သည့် သင်တန်းကျောင်းများ ဖွင့်လှစ်သင်ကြားနိုင်ရေးအတွက် ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း။

အင်းလေးဒေသ၌ ဟိုတယ်များစွာရှိသည့်အတွက် ဟိုတယ်လုပ်ငန်းနှင့်ပတ်သက်သည့် သင်တန်းများ ဖွင့်လှစ်၍ သင်ကြားပေးခြင်းအားဖြင့် ဒေသခံများအနေဖြင့် ဟိုတယ်များတွင် သင့်လျော်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနိုင်မည်ဖြစ်ပါကြောင်း။

၎င်းအပြင် ဒေသတည်ငြိမ်အေးချမ်းမှသာ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်ဖြစ်ပါကြောင်း၊ ဒေသတည်ငြိမ်အေးချမ်းရန်အတွက် တရားဥပဒေစိုးမိုးရန် လိုအပ်ပါကြောင်း၊ အဆိုပါတရားဥပဒေများကို ပြည်သူများ သိရှိလိုက်နာနိုင်ရန်အတွက် သက်ဆိုင်ရာဌာနများက ပညာပေးလုပ်ငန်းများဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း၊ အရေးကြီးဆုံးအချက်မှာ ၂၀၁၅ နိုဝင်ဘာလတွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲကို လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲဖြစ်ရန် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်က ကြိုးစားဆောင်ရွက်လျက်ရှိနေပါကြောင်း။

လွတ်လပ်၍ တရားမျှတသည့် ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ အစိုးရနှင့်အတူ နိုင်ငံသားအားလုံးက ဝိုင်းဝန်းပါဝင်ပူးပေါင်း၍ အမျိုးသားရေးတာဝန်အဖြစ် ခံယူပါဝင်ဆောင်ရွက်ကြစေလိုကြောင်း၊ ရွေးကောက်ပွဲနီးကပ်လာချိန်တွင်လည်း တိုင်းပြည်တည်ငြိမ်အေးချမ်းအောင် ပြည်သူများက ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန် တိုက်တွန်းလိုပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ဦးခင်မောင်စိုး၊ ဦးအုန်းမြင့်၊ ဦးဝင်းထွန်း၊ ဒေါက်တာကိုကိုဦး၊ ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်နှင့် ဦးသန့်ရှင်းတို့က နိုင်ငံတော်ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ၊ လျှပ်စစ်ကဏ္ဍ၊ မွေးမြူရေးနှင့် စိုက်ပျိုးရေးကဏ္ဍ၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာကဏ္ဍ၊ လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ရေးဆိုင်ရာနှင့် အသက်မွေးဝမ်းကျောင်းမှု သင်တန်းကျောင်းများ ဖွင့်လှစ်နိုင်ရေးကဏ္ဍ၊ ကျန်းမာရေးနှင့် ပညာရေးကဏ္ဍ တိုးမြှင့်ဆောင်ရွက်ပေးနေမှုဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။ **(သတင်းစဉ်)**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကိုပြင်ဆင်သည့်ဥပဒေကြမ်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ဖွဲ့စည်းပုံအခြေခံဥပဒေကိုပြင်ဆင်သည့်ဥပဒေကြမ်း**

**( ၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်- )**

**၁၃၇၇ ခုနှစ်၊ လ ရက်**

**(၂၀၁၅ ခုနှစ်၊ လ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **“ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့်ဥပဒေ ”** ဟု ခေါ်တွင်စေရမည်။

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၅၉၊ ပုဒ်မခွဲ(ဃ)နှင့် ပုဒ်မခွဲ(စ)တို့ကို အောက်ပါအတိုင်း အစားထိုးရမည်-

“(ဃ) နိုင်ငံတော်အရေးအရာများဖြစ်သော နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ ကာကွယ်ရေး စသည့် အမြင်များရှိရမည်။

(စ) မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိ၏မိဘတစ်ပါးပါးသော်လည်းကောင်း၊ မိမိ၏ ဇနီး သို့မဟုတ် ခင်ပွန်းသော်လည်းကောင်း၊ မိမိ၏တရားဝင်သားသမီးတစ်ဦးဦးသော်လည်းကောင်း နိုင်ငံခြားအစိုးရ၏ကျေးဇူးသစ္စာကို ခံယူစောင့်ရှောက်ရိုသေသူ သို့မဟုတ် နိုင်ငံခြားအစိုးရ၏ လက်အောက်ခံဖြစ်သူ သို့မဟုတ် တိုင်းတစ်ပါး၏ နိုင်ငံသားဖြစ်သူများမဖြစ်စေရ။ ထိုသူများသည် နိုင်ငံခြားအစိုးရ၏ လက်အောက်ခံ ဖြစ်သူသော်လည်းကောင်း၊ တိုင်းတစ်ပါး၏ နိုင်ငံသားသော်လည်းကောင်း ခံစားရသော အခွင့်အရေးများနှင့် ကျေးဇူးခံစားခွင့်များကို ခံစား နိုင်ခွင့်ရှိသူများမဖြစ်စေရ။”

၃။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၆၀၊ ပုဒ်မခွဲ (ဂ) ကို အောက်ပါအတိုင်း အစားထိုးရမည်-

“(ဂ) ယင်းအစုအဖွဲ့တစ်ဖွဲ့စီက ဒုတိယသမ္မတတစ်ဦးစီကို ပြည်ထောင်စုလွှတ်တော်ရှိ ရွေးကောက်တင်မြှောက်ခြင်းခံရသည့် လွှတ်တော်ကိုယ်စားလှယ်များထဲမှ ရွေးချယ်တင်မြှောက်ရမည်။”

၄။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၈၊ ပုဒ်မခွဲ (ခ) ကို အောက်ပါအတိုင်းအစားထိုးရမည်-

“(ခ) ထိုသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား နိုင်ငံတော်၏ အာဏာကို လွှဲအပ်ဆောင်ရွက်စေသည့်နေ့ရက်မှစ၍ ထူးခြားသောအခြေအနေကို ဖြေရှင်းနိုင်ရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေကို ခြွင်းချက်ပြုပြီး နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများမှအပ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ သက်ဆိုင်ရာလွှတ်တော်များ၏ သဘောတူညီချက်ဖြင့် ခန့်အပ်တာဝန်ပေးထားသော အဖွဲ့အစည်းဝင်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီး အဖွဲ့ဝင်များအား တာဝန်မှ ရပ်စဲပြီးဖြစ်သည်ဟု မှတ်ယူရမည်။”

၅။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၃၆ ကို အောက်ပါအတိုင်း အစားထိုးရမည်-

“၄၃၆။(က) ဤဖွဲ့စည်းပုံအခြေခံဥပဒေ၏ အခန်း (၁) ပုဒ်မ ၁ မှ ၄၈ ထိ၊ အခန်း(၂) ပုဒ်မ ၄၉ မှ ၅၆ ထိ၊ အခန်း(၃) ပုဒ်မ ၅၉၊ ၆၀၊ အခန်း(၄) ပုဒ်မ ၇၄၊ ၁၀၉၊ ၁၄၁၊ ၁၆၁၊ အခန်း(၅) ပုဒ်မ ၂၀၀၊ ၂၀၁၊ ၂၄၈၊ ၂၇၆၊ အခန်း(၆) ပုဒ်မ ၂၉၃၊ ၂၉၄၊ ၃၀၅၊ ၃၁၄၊ ၃၂၀၊ အခန်း(၁၁) ပုဒ်မ ၄၁၀ မှ ၄၃၂ ထိ အခန်း(၁၂) ပုဒ်မ ၄၃၆ တို့ရှိ ပြဋ္ဌာန်းချက်များကို ပြင်ဆင်လိုလျှင် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးသို့တက်ရောက်ခွင့်ရှိသော ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်အားလုံး၏ ခုနစ်ဆယ်ရာခိုင်နှုန်းအောက်မလျော့သော လွှတ်တော်ကိုယ်စားလှယ်များကပြင်ဆင်ရန် သဘောတူလက်ခံပြီးနောက် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပ၍ ဆန္ဒမဲပေးသူအားလုံး၏ ထက်ဝက်ကျော် ဆန္ဒမဲဖြင့်သာ ပြင်ဆင်ရမည်။

(ခ) ပုဒ်မခွဲ(က)တွင် ဖော်ပြထားသော ပြဋ္ဌာန်းချက်များမှအပ အခြားပြဋ္ဌာန်းချက်များကို ပြင်ဆင်လိုလျှင် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးသို့တက်ရောက်ခွင့်ရှိသော ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် ခုနစ်ဆယ်ရာခိုင်နှုန်းအောက်မလျော့သော လွှတ်တော်ကိုယ်စားလှယ်များ၏ ထောက်ခံဆန္ဒမဲဖြင့်သာ ပြင်ဆင်ရမည်။”

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရေးအတွက် ဖော်ပြခြင်းဖြစ်ပါသည်။**

## ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်း ဆက်လက်ဖော်ပြမည်

**နေပြည်တော် ဇွန် ၁၀**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း ပုဒ်မ ၄၃၆ (က)ကို ပြည်သူများသိရှိလေ့လာအကြံပြုနိုင်ရေးအတွက် ဇွန် ၁၁ ရက် သတင်းစာများတွင် ဖော်ပြထားပြီး ဥပဒေကြမ်း (ပုဒ်မ ၄၃၆ (ခ) အတွက်)ကို ဇွန် ၁၂ ရက် သတင်းစာများတွင် ဆက်လက်ဖော်ပြသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**(မြန်မာ့အလင်း)**

## ပြည်သူ့လွှတ်တော်တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ထွက်ခွာ

**ရန်ကုန် ဇွန် ၁၀**

ပြည်သူ့လွှတ်တော်တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ် အေးချမ်းရေးကော်မတီဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့နံနက် ၆ နာရီ ၂၅ မိနစ်တွင် ရန်ကုန်မြို့မှ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

ခရီးစဉ်မှာ ယနေ့မှ ဇွန် ၁၄ ရက်အထိ ငါးရက်ကြာ မြင့်မည်ဖြစ်ပြီး ခရီးစဉ်အတွင်း တရုတ်နိုင်ငံသမ္မတ အပါအဝင် တရုတ်ကွန်မြူနစ်ပါတီမှ ခေါင်းဆောင်များ နှင့် တွေ့ဆုံမည်ဖြစ်ကြောင်း သိရှိရသည်။ **ကိုလတ်(သတင်းစဉ်)**

*အမျိုးသားလွှတ်တော်မှ*

ကြည့်လျှင် ရေရှည်စီမံကိန်းများ၏ အကျိုးဆက်များနှင့် စပ်လျဉ်း၍ ကောင်းကျိုးများကို ၎င်းတို့ပြည်သူများခံစားနေကြရသည်ကို တွေ့မြင်ရမည်ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံကိုလည်း ဖွံ့ဖြိုးသည့်နိုင်ငံဖြစ်လာစေရန် အခြေခံကောင်းများဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ ထွန်းကားလာစေရေး၊ လူမှုစီးပွားဘဝဖွံ့ဖြိုးရေး လျှပ်စစ်လိုအပ်ချက်ပြည့်မီရန် ဖြည့်ဆည်းပေးနိုင်မည့် ရေအားလျှပ်စစ်ကဏ္ဍ ရှင်သန်ဖွံ့ဖြိုး တိုးတက်ရေးများကို ရေရှည်စီမံကိန်းများ ရေးဆွဲအတည်ပြု အကောင်အထည်ဖော်နိုင်မှသာ သားစဉ်မြေးဆက်အသီးအပွင့်များကို ခံစားသွားရမည်ဖြစ်ပါကြောင်း၊ မြစ်ရေလွှဲပြောင်းသယ်ယူအသုံးချရေး စီမံကိန်းမဟာစီမံချက်နှင့်ဆက်စပ်သည့်အဆိုအား ထောက်ခံပါကြောင်းဖြင့် ဆွေးနွေးသည်။ **(သတင်းစဉ်)**

## စွမ်းဆောင်ရှင်များအသင်းဝင်များ အစည်းအဝေးတက်ရန်ထွက်ခွာ

**ရန်ကုန် ဇွန် ၁၀**

မြန်မာအမျိုးသမီးစီးပွားရေး စွမ်းဆောင်ရှင်များအသင်းမှ အထွေထွေအတွင်းရေးမှူး ဒေါ်နှင်းဝေခေါင်းဆောင်သည့် အဖွဲ့ဝင်ခုနစ်ဦးတို့သည် တရုတ်(တိုင်ပေ) တွင် ဇွန် ၉ ရက်မှ ၁၁ ရက်အထိကျင်းပမည့် ASEAN Business Day 2015 သို့ တက်ရောက်ရန်အတွက် ဇွန် ၈ ရက် နံနက်ပိုင်းက လေကြောင်းခရီးဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာသွားကြောင်း သတင်းရရှိသည်။ **(စွမ်းဆောင်ရှင်များအသင်း)**

## လူကုန်ကူးမှုစုံစမ်းစစ်ဆေးရာတွင် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့နှင့် နယ်ရဲစခန်းများအကြား ပူးပေါင်းဆောင်ရွက်ခြင်းနှင့် ပေါင်းစပ်ညှိနှိုင်းခြင်းစည်းဝေး

**ရန်ကုန် ဇွန် ၁၀**

တာမွေမြို့နယ် နတ်မောက်ရပ်ကွက် နတ်မောက်လမ်းရှိ Chatrium Hotel တွင် ဇွန် ၉ ရက် နံနက် ၉ နာရီက လူကုန်ကူးမှုစုံစမ်းစစ်ဆေးရာတွင် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့နှင့် နယ်ရဲစခန်းများအကြား ပူးပေါင်းဆောင်ရွက်ခြင်းနှင့် ပေါင်းစပ်ညှိနှိုင်းခြင်းဆိုင်ရာ လမ်းညွှန်ချက်များ ရေးဆွဲထားမှု တင်ပြခြင်းနှင့် သဘောထားမှတ်ချက်တောင်းခံခြင်းဆိုင်ရာ အစည်းအဝေးကို ကျင်းပခဲ့သည်။

အစည်းအဝေးသို့ ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဝင်းနိုင်၊ အရှေ့ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီးမြင့်ထွေး၊ အနောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီး ကျော်ထွန်း၊ တောင်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီးကြည်လွင်၊ ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးပြည့်စုံ၊ AAPTIP (Australia-Asia Program to Combat Trafficking in Persons) မှ အကြံပေးအရာရှိ Mr. Neale Fursdon နှင့် အဖွဲ့ဝင်လေးဦးနှင့် အရှေ့ပိုင်းနှင့် မြောက်ပိုင်းတို့မှ ရဲအရာရှိများ တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး က အမှာစကားပြောကြားခဲ့ပြီး Mr. Neale Fursdon က လူကုန်ကူး မှုစုံစမ်းစစ်ဆေးရာတွင် လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့နှင့် နယ်ရဲစခန်းများအကြား ပူးပေါင်းဆောင်ရွက်ခြင်းနှင့် ပေါင်းစပ်ညှိနှိုင်းခြင်းဆိုင်ရာ လမ်းညွှန်ချက်မူကြမ်းကို ရှင်းလင်းတင်ပြခဲ့သည်။

အဆိုပါအစည်းအဝေး၌ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့နှင့် နယ်ရဲစခန်းများအကြား လူကုန်ကူးမှုဆိုင်ရာကိစ္စရပ် စုံစမ်းစစ်ဆေးရာတွင် ပူးပေါင်းဆောင် ရွက်မည့်ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**




## ဆင်ဆာမဲ့နှင့် တရားမဝင်ခိုးကူးခွေများ စစ်ဆေး

**ကြာအင်းဆိပ်ကြီး ဇွန် ၁၀**

ဆင်ဆာမဲ့ခွေများနှင့် တရားမဝင်ခိုးကူးခွေများ ပပျောက်စေရေးအတွက် ဇွန် ၁၀ ရက် နံနက် ၉ နာရီက ကြာအင်းဆိပ်ကြီးမြို့နယ်ရှိ ဗီဒီယိုခွေအငှားဆိုင် ကိုးဆိုင်အား မြို့နယ်ဗီဒီယိုအခြေခံအဖွဲ့ခွဲဥက္ကဋ္ဌ ဦးနိုင်သိန်းထည်နှင့် အဖွဲ့ဝင်များ၊ ကြာအင်းဆိပ်ကြီးမြို့နယ် မြို့မရဲစခန်းမှူးဒုရဲမှူးသိန်းဝင်းနှင့် တပ်ဖွဲ့ဝင်များက ဆင်ဆာမဲ့အခွေများနှင့် တရားမဝင်ခိုးကူးခွေများ ရောင်းဝယ်မှုပပျောက်ရေးအတွက် လိုက်လံစစ်ဆေးခဲ့ကြောင်း သိရသည်။

**မျိုးမင်းဦး**

## မြန်မာလူငယ်ဂေါက်သီးရိုက်အသင်း ထိုင်းနိုင်ငံသို့ထွက်ခွာ

**ရန်ကုန် ဇွန် ၁၀**

၂၀၁၅ ခုနှစ် ဇွန် ၁၀ ရက်မှ ၁၂ ရက်အထိ ထိုင်းနိုင်ငံ Burapha Golf & Resort ၌ကျင်းပမည့် Mercedes- Benz Junior Golf Championships Asian Master Final 2015 လူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် မြန်မာလူငယ်ဂေါက်သီးရိုက်အသင်းသည် ဇွန် ၇ ရက် နံနက်ပိုင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထိုင်းနိုင်ငံသို့ထွက်ခွာသွားသည်။

မြန်မာလူငယ်ဂေါက်သီးရိုက်အသင်းတွင် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးအောင်လှဟန် ဦးဆောင်၍ မြန်မာလူငယ်လက်ရွေးစင်များအဖြစ် ထွန်းသူရိန်၊ သီဟမျိုးဆက်၊ စိုင်းအောင်စိုင်ဖ၊ ရဲထက်လှိုင်၊ လှိုင်မင်းထက်၊ ဇင်အောင်မင်း၊ အမျိုးသမီးလူငယ်လက်ရွေးစင်များအဖြစ် သံလွင်မိုးသက်၊ ဝင့်ဖူးနဒီအောင်နှင့် ပွင့်ဖူးနဒီခိုင်တို့ လိုက်ပါသွားကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

*ကျောဖုံးမှ*

မြန်မာအသင်းမှာ သရေတစ်မှတ်ရရှိခဲ့ခြင်းဖြစ်သည်။

မြန်မာအသင်းသည် အုပ်စုလေးပွဲကစားပြီးချိန်တွင် သုံးပွဲနိုင်၊ တစ်ပွဲသရေ ၁၀ မှတ်ဖြင့် အုပ်စုပထမရရှိကာ ဆီမီးတက်ရောက်သွားပြီဖြစ်သည်။

အုပ်စု(ခ)၏ ပထမနေရာလုပွဲတွင် ထိုင်းက ဗီယက်နမ်ကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သောကြောင့် ထိုင်းက အုပ်စုပထမ၊ ဗီယက်နမ်က အုပ်စု ဒုတိယတို့ရရှိခဲ့သည်။ ထို့ကြောင့် မြန်မာအသင်းမှာ ဆီမီးဖိုင်နယ်ပွဲတွင် ဗီယက်နမ်နှင့် ကစားရမည်ဖြစ်သည်။

✼ *ကျော်ဖုံးမှ*

အင်းလေးကန်ဒေသကို လူသားနှင့်ဇီဝအဝန်းနယ်မြေ (Man and the Biosphere Reserve Programme-MAB ) အဖြစ်သတ်မှတ်နိုင်ရန် လုပ်ငန်းစဉ်များကို ၂၀၁၃ ခုနှစ်မှစ၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနနှင့် ယူနက်စကိုတို့ ပူးပေါင်းဆောင်ရွက်ခဲ့ပြီး ၂၀၁၄ ခုနှစ် ဩဂုတ် ၂၈ ရက်တွင် ယူနက်စကိုသို့ အမည်စာရင်းပေးပို့ အဆိုပြုနိုင်ခဲ့ခြင်းဖြစ်သည်။

ယင်းသို့ အမည်စာရင်းပေးပို့နိုင်ရေးအတွက် နိုင်ငံတော်အစိုးရ၊ ရှမ်းပြည်နယ်အစိုးရနှင့် အင်းလေးကန်ထိန်းသိမ်းစောင့်ရှောက်ရေး ဆိုင်ရာ လူထုအခြေပြု အဖွဲ့အစည်းများ၊ ပညာရှင်အဖွဲ့အစည်းများနှင့် အရပ်ဘက်အဖွဲ့အစည်းများအပါအဝင် အင်းလေးကန်ဒေသနေ ပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှုများကြောင့် ယူနက်စကို၏ ထိန်းသိမ်းစောင့်ရှောက်အပ်သည့် ဇီဝအဝန်းနယ်မြေအဖြစ် သတ်မှတ်ခံရခြင်းဖြစ်သည်။

အင်းလေးကန်ဒေသသည် သန့်ရှင်းလတ်ဆတ်သည့် လေ၊ ရေနှင့် အေးမြသည့် ရာသီဥတုတို့ကို ပေးစွမ်းသည့်အပြင် ပေါများကြွယ်ဝသည့် ငါးသယံဇာတ၊ အခြားသယံဇာတ အရင်းအမြစ်များနှင့် ဂေဟစနစ်ဝန်ဆောင်မှုများစွာ ထောက်ပံ့ပေးလျက်ရှိကာ ရေရှည်တည်တံ့အောင် ထိန်းသိမ်းစောင့်ရှောက်သည့် လုပ်ငန်းများတွင် နိုင်ငံတကာမှ နည်းပညာပံ့ပိုးကူညီမှုများ ထိရောက်အောင်မြင်စွာ ပူးပေါင်းဆောင်ရွက်နိုင်ရန် လူသားနှင့်ဇီဝအဝန်းနယ်မြေအဖြစ် (MAB) သတ်မှတ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

အင်းလေးကန်သည် ရှမ်းပြည်နယ် တောင်ကြီးခရိုင် ညောင်ရွှေမြို့တွင် တည်ရှိပြီး မြန်မာနိုင်ငံရှိ သဘာဝကုန်းတွင်းရေကန်များအနက် ဒုတိယအကြီးဆုံးကန်လည်းဖြစ်သည်။ အင်းလေးကန်၏ မူလရေပြင်နယ်နိမိတ်မှ တဖြည်းဖြည်း ရေပြင်ဧရိယာ ကျဉ်းမြောင်းလာပြီး ရေတိမ်ကောမှု၊ နုန်းပို့ချမှု၊ ရာသီဥတုဖောက်ပြန်မှု၊ လူဦးရေ တိုးပွားနေထိုင်လာမှုနှင့် ရေဝင်ရေလဲဒေသများတွင် သစ်တောပြုန်းတီးမှုများကြောင့် အင်းလေးကန် ထိန်းသိမ်းရေးလုပ်ငန်းများကို ၂၀၁၀ ပြည့်နှစ်မှ စတင်ကာ စီမံချက်များ ချမှတ်ဆောင်ရွက်ခဲ့သည်။

အဆိုပါစီမံကိန်းများ၏ အကျိုးဆက်အဖြစ် ကိန်းဂဏန်း အချက်အလက် အထောက်အထားများ၊ သုတေသန ဆောင်ရွက်ချက်များ တင်ပြနိုင်ခဲ့ကာ ယူနက်စကို၏ လူသားနှင့်ဇီဝအဝန်းနယ်မြေ သတ်မှတ်ချက်တွင် ပါဝင်အောင် ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်သည်။

အင်းလေးကန်သည် ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးခရိုင် ညောင်ရွှေမြို့နယ်တွင် တည်ရှိပြီး အလျား ၂၁ ကီလိုမီတာ၊ အနံ ၁၁ ကီလိုမီတာခန့် ကျယ်ဝန်း၍ ပင်လယ်ရေမျက်နှာပြင်အထက် ကီလိုမီတာ ၁၅၀၀ ခန့်တွင် တည်ရှိနေသည့် ကုန်းတွင်းရေချိုအိုင်ဖြစ်သည်။ အင်းလေးကန်အတွင်းသို့ တာယောချောင်း၊ သန်းတောင်ချောင်း၊ အင်းတိမ်ချောင်း၊ သလဲဦးချောင်းတို့ စီးဝင်ပြီး တောင်ဘက်ရှိ ကယားပြည်နယ်သို့ ဘီလူးချောင်းအဖြစ် စီးထွက်ခြင်းဖြစ်သည်။

အင်းလေးကန်ဒေသ၏ ဇီဝအဝန်းနယ်မြေအဖြစ် ဧရိယာဟက်တာ ၄၈၉၇၂၁ ကို လွှမ်းခြုံမှုရှိပြီး ငှက်မျိုးစိတ် ၂၇၀၊ ငါး ၄၃ မျိုး၊ လိပ် သုံး မျိုး၊ လိပ်ပြာ ၉၄ မျိုး၊ ကုန်းနေရေနေ သတ္တဝါ ၃၄ မျိုး ကျက်စားနေထိုင်လျက်ရှိပြီး ဆေးဖက်ဝင်အပင် ၅၂၇ မျိုးနှင့် သစ်ခွ ၁၃၅မျိုးတို့ ရှင်သန်ပေါက်ရောက်လျက်ရှိရာ ဒေသလည်း ဖြစ်သည်။

ထို့ပြင် ညောင်ရွှေ၊ ဖောင်တော်ဦးဘုရား၊ အလိုတော်ပေါက် ဘုရား၊ ရွှေအင်းတိန်၊ ငါးဖယ်ချောင်း ရှေးဟောင်းကျောင်းနှင့် ရေခြံများ၊ ရေပေါ်ဈေး၊ နမ့်ပန်ဈေး၊ ဟဲယာရွာမဈေး စသည့် ပြည်တွင်းပြည်ပခရီးသွားများ စိတ်ဝင်စားသည့် နေရာများစွာ တည်ရှိနေသည်။

အင်းလေးကန်နှင့်ဆက်စပ်ပြီး နန်းပန်၊ စံကား၊ ဖယ်ခံလမ်းကြောင်းတွင် လက်မှုပညာလုပ်ငန်းများဖြစ်သည့် ကြာသက်န်းရက်လုပ်သည့်လုပ်ငန်း၊ အင်းလေးချည်ထည် ရက်ကန်း လုပ်ငန်း၊ ပန်းပဲလုပ်ငန်း၊ ပန်းထိမ်လုပ်ငန်း၊ အိုးလုပ်ငန်းများမှာလည်း ထိန်းသိမ်းစောင့်ရှောက်အပ်သည့် ယဉ်ကျေးမှုဆိုင်ရာ လက်မှုလုပ်ငန်းများ ဖြစ်သည်။

နန်းပန်-စံကား-ဖယ်ခုံသို့ ဘီလူးချောင်းမှတစ်ဆင့် အင်းလေးဒေသရှိ ရွာငယ်ပေါင်း ၃၀ ကျော်နှင့် ပတ်ဝန်းကျင်ရှိ တောင်စွယ်တောင်တန်းများ၊ ရေပြင်ကမ်းစပ်ရှိ ရာသီအလိုက်စိုက်ခင်းများ၊ တောတောင်သဘာဝ ပေါက်ပင်များနှင့် အင်းလေးရေပြင်ကို ဖြတ်သန်းရန် လှေကို ခြေဖြင့်လှော်ခတ်ကြသော ဒေသခံများ၏ မရိုးနိုင်သော အလှကို မြင်ရသူတိုင်း မမေ့နိုင်သည့် သဘာဝ ပန်းချီကားတစ်ချပ်သဖွယ်ပင်ဖြစ်သည်။



**အင်းလေးကန်အတွင်း ဒေသခံအင်းသားတစ်ဦး ရိုးရာလှေ လှော်ခတ်နေမှုကို တွေ့ရစဉ်။** ဓာတ်ပုံ-Khin Ouz

သို့ဖြစ်ရာ မြန်မာနိုင်ငံတွင် ပထမဆုံးအဖြစ် အင်းလေးကန်ဒေသကို ယူနက်စကို၏ ဇီဝအဝန်း နယ်မြေ (Biosphere Reserve)အဖြစ် သတ်မှတ်နိုင်ခြင်းသည်. . .

- ဒေသခံပြည်သူများနှင့် သဘာဝပတ်ဝန်းကျင် ဆက်စပ်မှုကို ဟန်ချက်ညီစေရန် မူဝါဒနှင့်လုပ်ငန်းစဉ်များ၊ စီမံအုပ်ချုပ်မှုစနစ်များကို ပေါင်းစပ်လုပ်ကိုင်နိုင်သည့် အခွင့်အလမ်းကောင်းများ ရရှိနိုင်ခြင်း၊
- ဇီဝမျိုးစုံ၊ မျိုးကွဲ ထိန်းသိမ်းရေးနှင့် ဒေသခံပြည်သူလူထု၏ လူမှု စီးပွားဖွံ့ဖြိုးရေးကို ဆောင်ရွက်နိုင်မည်ဖြစ်ခြင်း၊
- အင်းလေးကန်ဒေသပတ်ဝန်းကျင် ပြန်လည်ကောင်းမွန်လာရေးကို အထောက်အကူပြုပြီး အခြားဒေသများတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူမှုဘဝဖွံ့ဖြိုးရေးကို ဟန်ချက်ညီစွာဆောင်ရွက်နိုင်မည့် စံနမူနာ (Model ) အဖြစ် အသုံးပြုနိုင်ခြင်း၊
- နိုင်ငံတကာအဖွဲ့အစည်းများ၏ နည်းပညာနှင့် ရန်ပုံငွေပံ့ပိုးမှုများ ရရှိနိုင်ခြင်း စသည့်အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်သည်။

ဇီဝအဝန်းနယ်မြေအဖြစ် သတ်မှတ်ခံရပြီးနောက်တွင် အင်းလေးကန်ဒေသကို ဇီဝအဝန်းနယ်မြေ၏ နယ်မြေခွဲခြားသတ်မှတ်ချက်ဖြစ်သည့် ပင်မထိန်းသိမ်းရေးဇုန်နယ်မြေ၊ ကြားခံဇုန်နယ်မြေနှင့် ဖွံ့ဖြိုးရေးဇုန်နယ်မြေတို့ကို စနစ်တကျအုပ်ချုပ်လုပ်ကိုင်မှု စီမံချက်ရေးဆွဲဆောင်ရွက်ရေး အင်းလေးကန်အတွင်းရေချို၊ ရေကောင်း၊ ရေသန့်များ ရရှိစေရန် သဘာဝစိုက်ပျိုးရေးလုပ်ငန်းများ (Organic Farming) ဦးစားပေး စိုက်ပျိုးနိုင်ရေး၊ ဒေသမျိုးရင်း စိုက်ပျိုးသီးနှံများကို အဓိကထားစိုက်ပျိုးရေးနှင့် ဓာတ်မြေဩဇာနှင့် ဓာတုဆေးဝါးများ အသုံးပြုမှု အနည်းဆုံးဖြစ်စေရေး၊ ဒေသခံပြည်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်မှု တိုးတက်လာစေရန် အသိပညာပေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်သည်။

ဇွန် ၉ ရက်တွင် အင်းလေးကန်ဒေသသို့ သွားရောက်ခဲ့သော နိုင်ငံတော်သမ္မတက အင်းလေးဒေသ၏ အထင်ကရ ဖောင်တော်ဦးဘုရား ဖူးမြော်ကာ အင်းလေးကန် ရေပြင်တစ်လျှောက် စက်ယန္တရားများအသုံးပြု၍ နုန်းထိန်းတမံနှင့် နုန်းဖမ်းဆည်များ တည်ဆောက်နေမှု၊ သဲနုန်းတူးဖော်နေမှု၊ ရေလမ်းခြံစည်းရိုးနှင့် နုန်းမြေထိန်း ခြံစည်းရိုး ပြုလုပ်နေမှုများ၊ ကျွန်းမျောနှင့် ရေမှော်ရှင်းလင်းနေမှုများကို ကြည့်ရှုစစ်ဆေးခဲ့သည်။ ထို့ပြင် အင်းလေးဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ်မီးရရှိရေး၊ အသေးစားနှင့်အလတ်စား စက်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဒေသဆိုင်ရာ တာဝန်ရှိသူများနှင့် ဆွေးနွေးခဲ့သည်။

ထို့ပြင် နိုင်ငံတော် သမ္မတကြီးက အင်းလေးဒေသခံပြည်သူများနှင့်တွေ့ဆုံစဉ် အင်းလေးပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ပြီး အစဉ်အမြဲသာယာလှပသန့်ရှင်းနေစေရန် သဘာဝပတ်ဝန်းကျင်နှင့် ဆက်စပ်ဂေဟစနစ်များ မပျက်သုဉ်းစေရန်၊ အင်းလေးကန် ရေခန်းခြောက်မှု ကာကွယ်ထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းများတွင် အတူတကွ ပူပေါင်းပါဝင် ထိန်းသိမ်းကာကွယ်သွားကြရန် တိုက်တွန်းပြောကြားခဲ့သည်။

ယူနက်စကို၏ လူသားနှင့်ဇီဝအဝန်းနယ်မြေ အစီအစဉ်ကို ၁၉၇၂ ခုနှစ်တွင် စတင်ခဲ့ပြီး ကမ္ဘာလုံးဆိုင်ရာ လူသားနှင့်ဇီဝအဝန်းကွန်ရက်ကို လူသားနှင့်သဘာဝ ပတ်ဝန်းကျင်တို့အကြား ဆက်နွှယ်မှုပိုမိုတိုးတက်လာစေရန် ရည်ရွယ်၍ ၁၉၇၆ ခုနှစ်တွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ကမ္ဘာ့နိုင်ငံအသီးသီးရှိ သဘာဝပတ်ဝန်းကျင်နှင့်ဂေဟစနစ်များ၊ ဇီဝမျိုးစုံမျိုးကွဲများ သိရှိမှုအခြေအနေ ထူးခြားကောင်းမွန်သည့် နေရာဒေသများတွင် လူသားများ၏ ယှဉ်တွဲနေထိုင်မှုနှင့်အတူ ထိန်းသိမ်းစောင့်ရှောက်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အုပ်ချုပ်ထောက်ပံ့ရေးဆိုင်ရာ လုပ်ငန်းကြီး သုံးရပ်တို့ကို ဟန်ချက်ညီစွာ ပေါင်းစပ်ဆောင်ရွက်နိုင်ရန် ဇီဝအဝန်းနယ်မြေ (Biosphere Reserve ) များအဖြစ် သတ်မှတ်ထိန်းသိမ်းနိုင်ရန် ဆောင်ရွက်သည့် အစီအစဉ်လည်းဖြစ်သည်။

ယင်းသို့ သတ်မှတ်နိုင်ခဲ့ခြင်းကြောင့် အင်းလေးကန်ဒေသ၏ ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းခြင်း၊ ဒေသခံပြည်သူတို့၏ လူမှုစီးပွားရေးမြှင့်တင်ခြင်း၊ ဒေသတွင်းယဉ်ကျေးမှု အမွေအနှစ်များထိန်းသိမ်းခြင်း၊ လူသားနှင့် သဘာဝပတ်ဝန်းကျင်ဆက်နွှယ်မှု ညီညွတ်မျှတစွာ တိုးတက်လာစေရန် ထိန်းညှိစီမံအုပ်ချုပ်မည့်စနစ်များ ချမှတ်ဆောင်ရွက်စေခြင်းတို့ကို အရှိန်မြှင့်တင် ဆောင်ရွက်ရင်း မြန်မာနိုင်ငံတွင် ပထမဆုံး ယူနက်စကို၏ ဇီဝအဝန်း နယ်မြေသစ်ဖြစ်လာသည့် အင်းလေးကန်ဒေသကို ဂုဏ်ပြုရေးသားလိုက်ရပါသည်။

## လွှတ်တော်အရည်အသွေးမြှင့်တင်ရေးအကျိုးရလဒ်သုံးသပ်ရေးအဖွဲ့ စည်းဝေး

**နေပြည်တော် ဇွန် ၁၀**

ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP)မှ မြန်မာလွှတ်တော်သို့ ကူညီထောက်ပံ့ပေးရေးအစီအစဉ်များနှင့် စပ်လျဉ်း၍ လွှတ်တော်အရည်အသွေးမြှင့်တင်ရေး အကျိုးရလဒ်သုံးသပ်ရေးအဖွဲ့အစည်းအဝေး(Output Board Meeting)ကို နေပြည်တော်ရှိပြည်ထောင်စုလွှတ်တော်ဇမ္ဗူသီရိခန်းမဆောင်ရှိ လွှတ်တော်သင်ကြားရေးဌာန၌ ယနေ့ညနေ ၃ နာရီခွဲတွင် ကျင်းပသည်။

အစည်းအဝေးသို့ လွှတ်တော်များဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းဆိုင်ရာ ညှိနှိုင်းဆောင်ရွက်ရေးပူးပေါင်းအဖွဲ့ဥက္ကဋ္ဌ ဦးလှမြင့်ဦးနှင့်အဖွဲ့ဝင် ဦးမောင်တိုး၊ ဒေါက်တာစိုးရင်နှင့် ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ လွှတ်တော်ရုံးအသီးသီးမှ တာဝန်ရှိသူများ၊ UNDP နှင့် IPU အပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများ၊ ပြင်ပ အလှူရှင်များဖြစ်သည့် ဒိန်းမတ်၊ ဖင်လန်၊ ဆွီဒင်နှင့် ဗြိတိန်နိုင်ငံတို့မှ ကိုယ်စားလှယ်များတက်ရောက်ကြသည်။

အစည်းအဝေးတွင် ၂၀၁၅ ခုနှစ် ဇန်နဝါရီလမှ ဇွန်လအတွင်း UNDP ၏ပူးပေါင်းဆောင်ရွက်ခဲ့မှုများနှင့် ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်များ၊ အကဲဖြတ်ဆန်းစစ်မှုများနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြသည်။

**(မြန်မာ့အလင်း)**

## ယူ-၂၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ၁၆ သင်းအဆင့် အနိုင်အရှုံးရလဒ်

| | | |
|---|---|---|
| ဂါနာ | ၀-၃ | မာလီ |
| ဆားဘီးယား | ၂-၁ | ဟန်ဂေရီ |
| အမေရိကန် | ၁-၀ | ကိုလံဘီယာ |
| ယူကရိန်း | ၂-၄ | ဆီနီဂေါ |

**၁၁-၆ ၂၀၁၅ ပွဲစဉ်များ**

| | | | |
|---|---|---|---|
| ဩစတြီးယား | - | ဥဇဘတ်ကစ္စတန် | (နံနက် ၁၀ နာရီခွဲ) |
| ဂျာမနီ | - | နိုင်ဂျီးရီးယား | (မွန်းလွဲ ၂ နာရီ) |
| ပေါ်တူဂီ | - | နယူးဇီလန် | ( ။ ) |
| ဘရာဇီး | - | ဥရုဂွေး | ( ။ ) |



**ရန်ကုန်မြို့ အလုံမြို့နယ် အလုံလမ်း မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ရုံးဝင်းအတွင်းရှိ သက်တမ်းရင့် စိန်ပန်းပင်ကြီး ဇွန် ၁၀ ရက် ည ၆ နာရီ ၄၅ မိနစ်ခန့်က မိုးမရွာ လေမတိုက်ဘဲသို့ အမြစ်မှကျွတ်၍လဲကာ ရပ်တန့်ထားသော မော်တော်ယာဉ်ပေါ် ပိနေမှုကိုတွေ့ရစဉ်။**

ဓာတ်ပုံ-တင်မောင်ဦး(အလုံ)

# (၂၈)ကြိမ်မြောက် စင်ကာပူဆီးဂိမ်းပြိုင်ပွဲ လှုပ်ရှားမှုပုံရိပ်များ

SINGAPORE 2015
28th SEA GAMES
5 – 16 JUNE 2015

## ကနူး/ကယက် လှေလှော်အားကစားအဖွဲ့ ပြန်လည်ရောက်ရှိ

**ရန်ကုန် ဇွန် ၁၀**

(၂၈)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ကျင်းပရေးကော်မတီ၏ ဖိတ်ကြားချက်အရ အရှေ့တောင်အာရှ အားကစားအဖွဲ့ချုပ်ကောင်စီ အစည်းအဝေး (South East Asia Games Federation Council Meeting) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့သော မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသောင်းထိုက်၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်နှင့်အောင်မြင်မှု ရွှေတံဆိပ်ဆုရ ကနူး/ကယက် အားကစားအဖွဲ့တို့ ယနေ့ ညနေ ၃ နာရီ ၂၅ မိနစ်တွင်စင်ကာပူလေကြောင်းဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ပြန်လည်ရောက်ရှိလာပြီဖြစ်သည်။

ယနေ့ ပြန်လည်ရောက်ရှိလာသောကနူး/ကယက် လှေလှော် အားကစားအဖွဲ့မှ အမျိုးသား နှစ်ယောက်တွဲ C2 -1000 မီတာ ပြိုင်ပွဲတွင် ဝင်းထိုက်နှင့် စိုင်းမင်းဝေအတွဲက ရွှေတစ်ခု၊ C2-200 မီတာ အမျိုးသား နှစ်ယောက်တွဲပြိုင်ပွဲတွင် ဝင်းထိုက်နှင့် မောင်မောင်အတွဲက ရွှေတစ်ခု၊ အမျိုးသားတစ်ဦးချင်း C1-1000 မီတာပြိုင်ပွဲတွင် သန့်ဇင်ဦးနှင့် အမျိုးသားတစ်ဦးချင်း C1-200 မီတာ ပြိုင်ပွဲတွင်မောင်မောင်တို့က ငွေတစ်ခုစီ၊ အမျိုးသားတစ်ဦးချင်း K1- 1000 မီတာပြိုင်ပွဲတွင် အောင်မျိုးသူနှင့် အမျိုးသား K4- 1000 မီတာပြိုင်ပွဲတွင် မြင့်ကိုကို၊ ဇော်ဝေလတ်၊ စောကေးချာနှင့် ရာဇာထွန်းတို့က ကြေးတစ်ခုစီ ဆွတ်ခူးပေးနိုင်ခဲ့သည်။

အဆိုပါအဖွဲ့နှင့်အတူ ပြေးခုန်ပစ်အားကစားနည်းမှ နှစ်ဦး၊ ရေကူး အားကစားနည်းမှ တစ်ဦး၊ ဒိုင်ဗင်အားကစားနည်းမှ ငါးဦး၊ လက်ဝှေ့အားကစားနည်းမှ ရှစ်ဦးနှင့် အောင်နိုင်ရေး အထောက်အကူပြုအဖွဲ့ ၄၃ ဦးတို့ ပြန်လည်လိုက်ပါလာကြောင်း သိရသည်။

**မောင်စိန်လွင်(မြန်မာ့အလင်း)**

## မြန်မာအသင်း အောင်မြင်မှုများဆက်လက်ရယူ

**စင်ကာပူ ဇွန် ၁၀**

စင်ကာပူနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသော (၂၈) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများ ယနေ့ ဆက်လက်ကျင်းပရာ မြန်မာအားကစားအဖွဲ့များ ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိကြသည်။

စင်ကာပူအမျိုးသား အားကစားရုံ ဘိလိယက်ခန်းမ၌ ကျင်းပသော ဘိလိယက် နှစ်ယောက်တွဲ ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ အောင်ဌေးနှင့် မင်းစည်သူထွန်းတို့အတွဲက ပထမ၊ စင်ကာပူနိုင်ငံအသင်းက ဒုတိယ၊ ထိုင်းနိုင်ငံအသင်းနှင့် ဗီယက်နမ်နိုင်ငံအသင်းတို့က ပူးတွဲတတိယဆုများ ရရှိခဲ့သည်။

ဘိလိယက် သုံးယောက်တွဲပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်အဖြစ် မြန်မာအသင်းနှင့် အင်ဒိုနီးရှားအသင်းတို့ ယှဉ်ပြိုင်ကစားရာ မြန်မာအသင်းက အနိုင်ရရှိကာ ဗိုလ်လုပွဲသို့ တက်ရောက်ခဲ့သည်။

POOL Nine Ball ပြိုင်ပွဲတွင် မြန်မာအသင်းက ဒုတိယရရှိခဲ့သည်။ **(မြန်မာ့အလင်း)**



ဘိလိယက် နှစ်ယောက်တွဲပြိုင်ပွဲတွင် ပထမဆုရရှိသည့် အောင်ဌေးနှင့် မင်းစည်သူထွန်းတို့အား ရွှေတံဆိပ်နှင့်အတူ တွေ့ရစဉ်။ (အား/ကာ)



POOL Nine Ball ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ငွေတံဆိပ်ဆု ရရှိခဲ့သူ မောင်မောင်၏ ယှဉ်ပြိုင်ဟန်ကို တွေ့ရစဉ်။

(ဓာတ်ပုံ-စိုးညွန့်)



ပိုက်ကျော်ခြင်း အမျိုးသား နှစ်ယောက်တွဲ အသင်းလိုက်ပြိုင်ပွဲတွင် မြန်မာအသင်းနှင့် ဘရူနိုင်းအသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်စဉ်။

(ဓာတ်ပုံ-စိုးညွန့်)



အမျိုးသား ဘော်လီဘော ပြိုင်ပွဲ အုပ်စုအဖွင့်ပွဲတွင် မြန်မာအသင်းနှင့် ထိုင်းအသင်းတို့ ယှဉ်ပြိုင်နေစဉ်။

(ဓာတ်ပုံ-စိုးညွန့်)

## (၂၈)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ နိုင်ငံအလိုက်ဆုရရှိမှုဇယား

**၁၀-၆-၂၀၁၅**

| အဆင့် | နိုင်ငံ | ရွှေ | ငွေ | ကြေး | စုစုပေါင်း |
|---|---|---|---|---|---|
| ၁ | စင်ကာပူ | ၆၀ | ၅၁ | ၆၄ | ၁၇၅ |
| ၂ | ဗီယက်နမ် | ၄၈ | ၂၃ | ၄၄ | ၁၁၅ |
| ၃ | ထိုင်း | ၄၅ | ၅၃ | ၄၀ | ၁၃၉ |
| ၄ | မလေးရှား | ၂၇ | ၃၀ | ၃၇ | ၉၅ |
| ၅ | အင်ဒိုနီးရှား | ၂၂ | ၂၈ | ၄၂ | ၉၂ |
| ၆ | ဖိလစ်ပိုင် | ၂၀ | ၂၃ | ၃၆ | ၈၀ |
| ၇ | မြန်မာ | ၁၁ | ၁၉ | ၁၉ | ၄၉ |
| ၈ | ကမ္ဘောဒီးယား | ၁ | ၄ | ၃ | ၈ |
| ၉ | လာအို | ၀ | ၃ | ၁၂ | ၁၅ |
| ၁၀ | ဘရူနိုင်း | ၀ | ၀ | ၅ | ၅ |
| ၁၁ | တီမောလက်စ်တေ | ၀ | ၀ | ၁ | ၁ |

ဇွန် ၁၀ ရက် ည ၉ နာရီတွင်ရရှိသည့် ဆုရစာရင်းဖြစ်သည်။



# ကမ်းနားလမ်းဖြတ်လမ်းသစ်လမ်းဆုံရှိ လူကူးခုံးကျော်တံတားတိုင်များ တည်ဆောက်လျက်ရှိ

**ရန်ကုန် ဇွန် ၁၀**

ကမ်းနားလမ်းမဟောင်း လမ်းမသစ် မဟာဗန္ဓုလလမ်းတို့ကို ဖြတ်ကျော်တည်ဆောက်နေသော လူကူးခုံးကျော်တံတား၏ ကမ်းနားလမ်းဟောင်း ဘေးတစ်ဖက်တစ်ချက်ရှိ တံတားတိုင်ကြီးများ မြေပြင်အထက် ထွက်ပေါ်လာသည်ကို ဇွန် ၈ ရက်တွင် မြင်တွေ့လာရသည်။

ရန်ကုန်မြို့တွင်း ကားလမ်းမများ ဖြတ်သန်းရာတွင် ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် ဖြတ်သန်းမှုများသောနေရာများတွင် လူကူးမျဉ်းကျားများကို သက်ဆိုင်ရာမှ ရေးဆွဲပေးထားသည်။ ရန်ကုန်မြို့တွင်းတွင် လူကူးမျဉ်းကျားများသာမက လူကူးခုံးကျော်တံတားများလည်း ရှိသည်။ ဗိုလ်ချုပ်လမ်းဖြတ်သုံးခု၊ မဟာဗန္ဓုလလမ်းနှင့် အနော်ရထာလမ်းဖြတ်တစ်ခုစီ၊ ဆူးလေဘုရားလမ်းဖြတ်တစ်ခု၊ ဆူးလေဘုရားအဝိုင်းတွင် နှစ်ခုရှိသည်။ မဟာဗန္ဓုလလမ်းနှင့် အနော်ရထာ လမ်းဖြတ်တံတားများသည် ရွှေတိဂုံဘုရားလမ်းကိုပါ ဖြတ်သော လေးထောင့်လူကူးတံတားများဖြစ်သည်။

ယင်းကဲ့သို့ကားလမ်းဖြတ် လူကူးခုံးကျော်တံတားများရှိခဲ့ရာမှ ၂၀၁၀ နောက်ပိုင်း ယခုနှစ်ထိ ကာလတွင် ပြည်လမ်း၊ ကမ္ဘာအေးစေတီလမ်း၊ ကမ်းနားလမ်းဟောင်း (ပန်းဆိုးတန်းလမ်းဆုံ) တို့တွင် လူကူးခုံးကျော်တံတားများ တည်ဆောက်အသုံးပြုနေပြီဖြစ်သည်။

ပန်းဆိုးတန်းလမ်းနှင့် ကမ်းနားလမ်းဟောင်းဆုံရာရှိ လူကူးခုံးကျော်တံတားသည် ကမ်းနားလမ်းဟောင်း၊ လမ်းသစ် နှစ်လမ်းအား ဖြတ်ကျော်ဆောက်လုပ်ထားခြင်းဖြစ်သည်။ ယခုလမ်းသစ်လမ်းဆုံ လူကူးတံတားမှာမူ ကမ်းနားလမ်းသစ်၊ လမ်းဟောင်း မဟာဗန္ဓုလလမ်းတို့ကို ဖြတ်ကျော်တည်ဆောက်ထားခြင်း ဖြစ်သည်ကို တွေ့ရသည်။ **ခင်ဆိုင်**

# မသန်စွမ်းသက်ငယ် သင်တန်းကျောင်း(မန္တလေးမြို့) ၂၀၁၅-၂၀၁၆ ပညာသင်နှစ်စတင်ဖွင့်လှစ်

**မန္တလေး ဇွန် ၁၀**

ကိုယ်အင်္ဂါမသန်စွမ်းနှင့် ဉာဏ်ရည်မမီကလေးများအား လက်ခံသင်ကြားပေးနေသည့် မသန်စွမ်းသက်ငယ် သင်တန်းကျောင်း(မန္တလေးမြို့)၏ ၂၀၁၅-၂၀၁၆ ပညာသင်နှစ်ကို ဇွန် ၁ ရက်က စတင်ဖွင့်လှစ်သည်။

ယခုပညာသင်နှစ်တွင် သင်တန်းသား ၆၂ ဦး၊ သင်တန်းသူ ၂၈ ဦး စုစုပေါင်း ၉၀ တို့တက်ရောက်ပညာသင်ယူနေကြပြီး ဆရာ၊ ဆရာမ ခုနစ်ဦးဖြင့် အသက် ၆ နှစ်မှ ၁၈ နှစ်အတွင်းရှိ ဒေါင်းစ်ဆင်ဒရွန်း သူငယ်နာအကြောတင်း၊ အော်တစ်စင်၊ ခြေမစုံ၊ လက်မစုံ၊ အတက်ရောဂါ အစရှိသည့် ကိုယ်အင်္ဂါမသန်စွမ်းနှင့် ဉာဏ်ရည်မမီကလေးများအား လက်ခံသင်ကြားပေးလျက်ရှိသည်။

“ဒီမှာ ကျောင်းတက်တဲ့ကလေးတွေက များသောအားဖြင့် ဉာဏ်ရည်မမီတာကများပါတယ်။ သူတို့ရဲ့ နေ့စဉ်လုပ်ဆောင်မှုကစပြီး သင်ရတာ။ အဲဒါပြီးပြီဆိုမှ တစ်ဆင့်ချင်း တစ်ဆင့်ချင်း စာသင်လို့ရတဲ့ကလေးကို စာသင်ပေးတယ်။ သူတို့ကို အထူးပညာရေးစနစ်နဲ့ သင်ကြားပေးတာ။ တချို့တွေကို စာတိုက်ရိုက်သင်တာမျိုး မဟုတ်ဘဲ သူတို့သိနိုင်တဲ့နည်းလမ်းတွေနဲ့ သင်ကြားပေးရတာမျိုးရှိတယ်။ သင်ထောက်ကူပစ္စည်းတွေနဲ့လည်း သင်ရတယ်။ ကလေးတွေ အိမ်မှာနေ့စဉ် လုပ်နေရတဲ့ ထမင်းစားတာ၊ အင်္ကျီဝတ်တာကစလို့ သင်ပေးတယ်။ နည်းနည်းကြီးလာရင် အလုပ်ခွင်သင်တန်းမျိုးတွေအထိ သင်ကြားပေးပါတယ်”ဟု မသန်စွမ်းသက်ငယ်သင်တန်းကျောင်း (မန္တလေးမြို့)၏ ကျောင်းအုပ်ဆရာမကြီး ဒေါ်ဂျေဆင်သားက ပြောသည်။

လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း ဦးစီးဌာန လက်အောက်ရှိ မသန်စွမ်းသက်ငယ်သင်တန်းကျောင်း (မန္တလေးမြို့)သည် ၂၀၁၄ ခုနှစ် ဇွန် ၅ ရက်က မသန်စွမ်းအမျိုးမျိုးရှိသော ကလေး ၆၃ ဦးဖြင့်စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး မသန်စွမ်းသူများအတွက် လိုအပ်ချက်များတင်ပြ ဆွေးနွေးတောင်းဆိုလာနိုင်ရန် နှင့် ပြည်တွင်းသာမက နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခွင့်ရရန် မျှော်မှန်းချက်များထားကြောင်းသိရသည်။ **တင်မောင်(မန်းကိုယ်ပွား)**

# တရားခံပြေးအား သွားရောက်ဖမ်းဆီးစဉ် ပြန်လည်ခုခံသဖြင့် ပစ်ခတ်ဟန့်တားခဲ့ရ

**နေပြည်တော် ဇွန် ၁၀**

မတ် ၁၇ ရက် နံနက် ၄ နာရီက ရခိုင်ပြည်နယ် ရသေ့တောင် မြို့နယ် စေတီပြင်နယ်မြေရဲစခန်းတွင် ချုပ်နှောင်ထားသည့် စေတီပြင်နယ်မြေ ရဲစခန်း (ပ)၁၄/၂၀၁၅ ပြစ်မှုပုဒ်မ ၃၅၃ အမှုမှ တရားခံ ကာလာရာ(ခ)အီမာဟူဆောင်း(၃၇ နှစ်) ပါခြောက်ဦးတို့ ယာယီအချုပ်ခန်းမှ ထွက်ပြေး လွတ်မြောက်သွားခဲ့သည်။

ဇွန် ၉ ရက် ည ၁၀ နာရီခွဲက အဆိုပါ ထွက်ပြေးလွတ်မြောက်သွားသည့် တရားခံများအနက် ရသေ့တောင်မြို့နယ် အောက်နန်းကျေးရွာနေ ကာလာရာ(ခ) အီမာဟူဆောင်း(၃၇ နှစ်)သည် ၎င်း၏နေအိမ်တွင်ရောက်ရှိနေကြောင်း သတင်းအရ အမှတ်(၃)နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲမှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်ဖမ်းဆီးခဲ့သည်။ နေအိမ်တွင် ကာလာရာ(ခ) အီမာဟူဆောင်းနှင့် ယောက်ဖဖြစ်သူ မာမောက်ကာဆိန်း(၂၆ နှစ်)တို့အား တွေ့ရှိဖမ်းဆီးရာ ကာလာရာ(ခ) အီမာဟူဆောင်းအား ဖမ်းဆီးရမိခဲ့ပြီး မာမောက်ကာဆိန်းက ဓားကိုင်ကာနေအိမ်နောက်ဖေးဘက်သို့ ပြေးဆင်းသွားခဲ့ရာမှ ပိတ်ဆို့ထားသည့် ရဲတပ်ဖွဲ့ဝင်တစ်ဦးကို ဓားဖြင့်ပြေးခုတ်၍ ခုခံကာကွယ်သည့်အနေဖြင့် သေနတ်ဖြင့်ပစ်ခတ်ခဲ့ရာ ထွက်ပြေးသွားခဲ့သည်။ ဇွန် ၁၀ ရက် နံနက် ၁ နာရီက အောက်နန်းကျေးရွာတောင်ဘက်ရှိ နေအိမ်များကြားတွင် မာမောက်ကာဆိန်းမှာ ဓားတစ်ချောင်း ကိုင်ဆောင်သေဆုံးနေကြောင်း အောက်နန်းကျေးရွာအုပ်ချုပ်ရေးမှူးက အကြောင်းကြားသဖြင့် စေတီပြင်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးပြီး သေမှုသေခင်း အမှတ်စဉ်(၄/၂၀၁၅)ဖြင့် စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **ကိုရဲ**

# မီးကြွင်းမီးကျန်မှ မီးလောင်မှုဖြစ်ပွား

**ပွင့်ဖြူ ဇွန် ၁၀**

ပွင့်ဖြူမြို့နယ် မဲဇလီကျေးရွာ အုပ်စု လယ်မကျေးရွာ၌ ဇွန် ၉ ရက် နံနက် ၁၁ နာရီက ဦးရွှေဖူး( ၅၈ နှစ်)နေထိုင်သော နေအိမ်မှ စတင်ကာ မီးလောင်မှု ဖြစ်ပွားခဲ့သည်။

အဆိုပါမီးလောင်မှုကို မဲဇလီရဲကင်းမှူး ရဲအုပ်ကျော်ရွှေနှင့် ရဲတပ်ဖွဲ့ဝင်များ ကျေးရွာအရန်မီးသတ်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရွာသူ ရွာသားများငြိမ်းသတ်ခဲ့ကြရာနံနက် ၁၁ မိနစ် ၂၀ တွင်မီးငြိမ်းသတ်နိုင်ခဲ့ပြီး မီးလောင်ရခြင်းမှာ ထမင်းဟင်းချက်ပြုတ်ရာမှ ကျန်ရှိသော မီးကြွင်းမီးကျန်မှတစ်ဆင့် မီးလောင်မှုဖြစ်ပွားကြောင်း သိရသည်။ မီးလောင်မှုကြောင့်နေအိမ်လေးလုံး ဆုံးရှုံးခဲ့ကြောင်း သိရသည်။ **မေသန္တာအောင်**

# ဒေါ့ဖုန်းယန်မြို့ အထကမြို့နယ်အဆင့်ပထမရရှိ

**ဒေါ့ဖုန်းယန် ဇွန် ၁၀**

ကချင်ပြည်နယ်ဗန်းမော်ခရိုင် မိုးမောက်မြို့နယ် ဒေါ့ဖုန်းယန်မြို့အခြေခံပညာအထက်တန်းကျောင်းသည် ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တက္ကသိုလ်ဝင်စာမေးပွဲကို ဖြေဆိုကျောင်းသား ၁၃ ဦးနှင့်ကျောင်းသူ ၃၀ စုစုပေါင်း ၄၃ ဦးရှိပြီး တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူ ကျောင်းသား ၄ ဦးနှင့် ကျောင်းသူ ၁၃ ဦးစုစုပေါင်း ၁၇ ဦးအောင်ချက်ရာခိုင်နှုန်းဖြင့် ၃၉ ဒသမ ၅၃ ရာခိုင်နှုန်းဖြစ်သည်။ နှစ်ဘာသာဂုဏ်ထူးနှစ်ဦးနှင့် တစ်ဘာသာဂုဏ်ထူး နှစ်ဦးရရှိကြောင်း မိုးမောက်မြို့နယ် ဒေါ့ဖုန်းယန်မြို့ အခြေခံပညာအထက်တန်းကျောင်းသည် အောင်ချက်ရာခိုင်နှုန်း ပထမအဆင့်ရရှိကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**


ပညာအရည်အချင်းနှင့်လုပ်ငန်းကျွမ်းကျင်မှုရှိဖို့မလို
လစာ (၁၅)သိန်း ဝန်းကျင်ခန့်ဖြင့်
ကိုးရီးယားနိုင်ငံတွင် အလုပ်လုပ်လိုသူများအတွက်
E . P . S (TOPIK)
အလုပ်သမားစာမေးပွဲအောင်မြင်ရုံဖြင့် အလုပ်လျှောက်ထားနိုင်ပြီ၊
၂၀၀၈ ခုနှစ်မှ ၂၀၁၅ ခုနှစ်အတွင်း Skill Tesk အပါဝင်
ထူးချွန်ကျောင်းသား ဆောင်ကျော်မွေးထုတ်ပေးခဲ့သော သင်တန်းကျောင်း
“ တစ်ကြိမ်တည်းနှင့် အောင်ဖို့လိုပါသည် ”
ဆရာကြီး ဦးနေမျိုးနွယ် ကိုယ်တိုင်ဦးစီးသင်ကြားသည့်
ကိုထွေး — ကိုးရီးယားဘာသာ သင်တန်းကျောင်း
အမှတ် (၂၃၅)၊ ဒုတိယထပ်၊ (၃၇)လမ်း(အထက်ဘလောက်)၊
ကျောက်တံတားမြို့နယ်၊
PH : 01 38 97 40 , 09 4500 20 337 , 09 420 243 587

တိုက်ခန်းကျယ်ရောင်းမည်
ရန်ကင်းမြို့နယ် (MBR 1, BR 2)
အဆင့်မြင့်ပြင်ဆင်ပြီး
(1200 sqft)
Ph : 09-5044926

**ပျောက်ဆုံးခြင်း**
ဂရေးစ်အေအီးအက်စ် ကုမ္ပဏီလီမိတက်၏ ကုမ္ပဏီမှတ်ပုံတင်လက်မှတ် (ယာယီ)မူရင်းနှင့် စာရွက်စာတမ်းများ လွန်ခဲ့သည့်သီတင်းနှစ်ပတ်က ရန်ကုန်မြို့တွင်း သွားလာစဉ် ပျောက်ဆုံးခဲ့ပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၁၀၀၆၀၅၀**

**ပုံနှိပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ပါပြီ**
လူကြီးမင်းတို့၏ စာအုပ်၊ စာစောင်၊ ဂျာနယ်နှင့် သတင်းစာပုံနှိပ်ခြင်းလုပ်ငန်းများအား ရန်ကုန်၊ နေပြည်တော်နှင့် မန္တလေးတို့တွင် အဆင့်မီရောင်စုံစက်ကြီးများဖြင့် ပုံနှိပ်ခြင်းလုပ်ငန်းအား အရည်အသွေး အထူးအာမခံဖြင့် ဆောင်ရွက်ပေးနိုင်ပြီဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။ အသေးစိတ်အချက်အလက်များ သိလိုပါက အောက်ပါလိပ်စာများတွင် ဆက်သွယ်စုံစမ်းနိုင်ပါသည်-
(၁) နေပြည်တော်ပုံနှိပ်စက်ရုံ (ဇေယျာသီရိ)၊ ခရေပင်လမ်းခွဲ၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်
ဖုန်း-၀၆၇-၃၆၁၇၃
(၂) စာပေဗိမာန်ပုံနှိပ်စက်ရုံ၊ ခလရ ၉၀လမ်း၊ အောင်ဆန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်
ဖုန်း-၀၁-၆၄၅၇၃၂
(၃) အထက်မြန်မာပြည်အစိုးရပုံနှိပ်စက်ရုံ၊ စစ- ၁၁၊ ၄၈ လမ်း၊ အောင်ပင်လယ်၊ မန္တလေး
ဖုန်း-၀၂-၆၂၉၃၀
**ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း**

**အမည်ပြောင်း**
ဦးတင်ကိုလတ်၏သား မော်လမြိုင်မြို့ အထက (၉) Grade-7 (A)မှ မောင်ကြယ်စင်မင်းအား မောင်ခန့်တေဇာကျော်ဟု ပြောင်းလဲခေါ်ပါရန်။
**မောင်ခန့်တေဇာကျော်**

**ဖခင်အမည်မှန်**
စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ် အလက(ခွဲ)စံပြရွာ အဋ္ဌမတန်း(အောင်)မှ မောင်နီထန်း၏ ဖခင်အမည်မှန်မှာ ဦးလားဗင်ဇင်း ၅/ကလထ(နိုင်)၁၃၃၂၁၂ ဖြစ်ပါကြောင်း။
**ဦးလားဗင်ဇင်း ၅/ကလထ(နိုင်)၁၃၃၂၁၂**

**ဖခင်အမည်မှန်မှာ**
စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့ အထက(ခွဲ)ရာဇဂြိုဟ် တက္ကသိုလ်ဝင်တန်းမှ မလှအုံးမယ်၏ ဖခင်အမည်မှန်မှာ ဦးဝင်းအောင် ၅/ကလထ(နိုင်)၁၇၇၃၆၂ ဖြစ်ပါကြောင်း။
**ဦးဝင်းအောင် ၅/ကလထ(နိုင်)၁၇၇၃၆၂**

**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**
လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)၊ လမ်းဦးစီးဌာန၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲခရိုင်အတွင်းရှိ ကျောက်မဲမြို့နယ်၊ နောင်ချိုမြို့နယ်၊ သီပေါမြို့နယ်၊ မန်တုံမြို့နယ်၊ နမ္မတူမြို့နယ်၊ နမ့်ဆန်မြို့နယ်၊ မိုင်းငေါ့မြို့၊ မိုင်းလုံမြို့များမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်မည့် ပြည်ထောင်စု/ပြည်နယ် လမ်း/တံတားလုပ်ငန်းများ၌ အသုံးပြုရန်လိုအပ်သော လမ်းခင်းကျောက်မျိုးစုံ၊ ဖြုန်းကျောက်၊ ကျောက်ရောမြေ၊ အုတ်၊ သဲ၊ သစ်မာခွဲသား(ရွယ်စုံ)၊ တောသစ်ခွဲသား (ရွယ်စုံ)၊ ကျွန်း(အပါး)၊ ဘိလပ်မြေ၊ သံချောင်း(ရွယ်စုံ)၊ ကာကွယ်တိုင်၊ ရိုက်သံ၊ သွပ်နန်းကြိုး၊ အထပ်သား၊ ထင်း၊ စုတ်တံ၊ ရေဆေး၊ သစ်မာမျော (ရွယ်စုံ)၊ ပလတ်စတစ်ပိုက်(ရွယ်စုံ)၊ မူလီ (ရွယ်စုံ)၊ ဝါရှာ(ရွယ်စုံ)၊ ကွန်ကရစ်တိုင်၊ မြေသယ်တောင်းစသည့် လုပ်ငန်းသုံးပစ္စည်းများအား လမ်းအလိုက်၊ အပိုင်းအလိုက် (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသဖြင့် ပစ္စည်းပေးသွင်းလိုသူများ တင်ဒါပေးသွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

ဝယ်ယူလိုသည့် လမ်းခင်းကျောက်များနှင့် လုပ်ငန်းခွင်သုံးပစ္စည်းများ၏ အရေအတွက် အသေးစိတ်စာရင်းနှင့် တင်ဒါလျှောက်လွှာပုံစံများကို လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ ကျောက်မဲခရိုင်တွင် ၁၂-၆-၂၀၁၅ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူစုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါအမှတ်** အမှတ် (၂) (၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်)
၁။ **တင်ဒါပိတ်မည့်ရက်/အချိန်** - ၁၆-၆-၂၀၁၅ရက်၊ ၁၆း၃၀နာရီ
၂။ **တင်ဒါဖွင့်မည့်ရက်/အချိန်** - ၁၇-၆-၂၀၁၅ရက်၊ ၁၃း၀၀နာရီ
၃။ **တင်ဒါတင်သွင်း/ စိစစ်ရွေးချယ်မည့်နေရာ** - လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး လမ်းဦးစီးဌာန ကျောက်မဲခရိုင်/ကျောက်မဲမြို့ ဖုန်း-၀၈၂-၄၀၀၄၉၊ ၀၈၂-၄၀၇၇၆
၄။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။
**တင်ဒါစိစစ်ရေးကော်မတီ**

**စိတ်ဓါတ်ခိုင်မာသန်စွမ်းရေး အားကစားကဏ္ဍမြှင့်တင်ပေး**
**မူးယစ်ဆေးကို ရှောင်ပါမနေး**

၂၀၁၅ ခုနှစ် ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ကို အထူးအလေးထားလျက် မေ ၂၆ ရက်မှ ဇွန် ၂၆ ရက်အထိ ပြည်သူ့ဗဟိုပြု လူထုလှုပ်ရှားမှုအသွင်ဖြင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြည်သူများပူးပေါင်း ပါဝင်နိုင်ရေးအတွက် ပြည်ထဲရေးဝန်ကြီးဌာန မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့က အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

# ၂၀၁၅ ခုနှစ် မေလအတွင်း မူးယစ်ဆေးဝါးဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၁၀**

၂၀၁၅ ခုနှစ် မေလအတွင်း တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ နယ်ခြားစောင့် ရဲတပ်ဖွဲ့တို့မှ ဘိန်း ၃၉ မှု၊ (အလေးချိန် ၁၁၅ ဒသမ ၂၆၆၈ ကီလို)၊ ဘိန်းဖြူ ၂၉၂ မှု၊ (အလေးချိန် ၆ ဒသမ ၁၈၁၃ ကီလို)၊ စိတ်ကြွရူးသွပ် ဆေးပြားအမှု ၃၁၀၊ (ဆေးပြား ၁၁၁၃၁၆၁ပြား)၊ ဆေးခြောက်အမှု ၃၀၊ (၇ ဒသမ ၀၉၃၂ ကီလို)၊ ဘိန်းဆီခဲ ငါးမှု၊ (အလေးချိန် ၂ ဒသမ ၅၂၄၈ ကီလို)၊ အဆင့်နိမ့်ဘိန်း ၂၅ မှု( အလေးချိန် ၅ ဒသမ ၆၂၀၄ ကီလို)၊ စိတ်ကြွရူးသွပ် ဆေးပြား အကြေမှုန့် (အလေးချိန် ၀ ဒသမ ၁၆၂၄ ကီလို)၊ အိုက်စ်ရှစ်မှု၊ (အလေးချိန် ၁၂ ဒသမ ၀၉၆၁ ကီလို)၊ ကဖင်း၊ (အလေးချိန် ၀ ဒသမ ၇၇ကီလို)၊ အက်ဖီဒရင်း၊ (အလေးချိန် ၀ဒသမ ၀၄၁၅ကီလို)တို့ကို ဖမ်းဆီးရမိခဲ့သည်။ ထို့ပြင် ဘိန်းစာမှုန့် ခုနစ်မှု၊ (၀ ဒသမ ၇၉၃ကီလို)၊ ဆူဒိုအက်ဖီဒရင်း ဆေးပြား၊ (ဆေးပြား ၁၅၀၀၀၀)၊ ဆူဒိုအက်ဖီ ဒရင်းအမှုန့်၊ (၀ ဒသမ ၀၀၃ ကီလို)၊ ဒိုင်ယာဇီပမ် ဆေးပြားတစ်မှု၊ (၂၉ ပြား)၊ ထရာမဒေါလ်၊ (ဆေးတောင့် ၂၀)၊ ဘိန်းရည် တစ်မှု၊ (၂၅ ဒသမ ၉၈၅ လစ်တာ)၊ ဘိန်းဆီရည် တစ်မှု၊ (၂၂ လစ်တာ)၊ ဓာတုဆေးရည်၊ (တစ်လစ်တာ)၊ အခြားအမှု ခြောက်မှု၊ မှတ်ပုံတင်ပျက်မှုသုံးမှုတို့ကို ဖမ်းဆီးရမိခဲ့ပြီး အမှုပေါင်း ၇၂၈ မှု ဖမ်းဆီးခဲ့ရာတွင် အမျိုးသား ၉၂၄ဦး၊ အမျိုးသမီး ၁၂၇ ဦး စုစုပေါင်း ၁၀၅၁ ဦးတို့ကို ဥပဒေအရ အရေးယူခဲ့သည်။

**(သတင်းစဉ်)**

# နမ့်အွမ်ကျေးရွာအဝင်တွင် စိတ်ကြွရူးသွပ်ဆေးပြား ဖမ်းဆီးရမိ

**မူဆယ် ဇွန် ၁၀**

မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေး ရှေ့လီစစ်ဆင်ရေး(၂)စီမံချက်အရ ဇွန် ၈ ရက် ညနေ ၅ နာရီက မူးယစ်တပ်ဖွဲ့မှူး (၂၂)မူဆယ်ခေတ္တ တပ်ဖွဲ့မှူး ဒုရဲမှူး ဝင်းနိုင်နှင့်ပူးပေါင်းအဖွဲ့သည်သတင်းအရ မူဆယ်မြို့နယ် နမ့်အွမ်ကျေးရွာအဝင် နမ့်အွမ်-တီးမသွား ကားလမ်းမပေါ်တွင် စောင့်ဆိုင်းနေစဉ် တက္ကနိုင်းကျေးရွာဘက်မှ နမ့်အွမ်ကျေးရွာဘက်သို့ ရင့်ရှင်မြင့်(ခ)အိုက်ကော့ စီးနင်းလာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ် ဆေးပြား ၁၉၈ ပြားစီပါ ၁၀ ထုပ်စီ သုံးထုပ် စုစုပေါင်း စိတ်ကြွရူးသွပ်ဆေးပြား ၅၉၄၀ အလေးချိန် ၅၃၄ ဒသမ ၆ ဂရမ်ခန့် တန်ဖိုးငွေကျပ် ၁၁၈ ဒသမ ၈ သိန်းအား ရှာဖွေတွေ့ရှိ သိမ်းဆည်းရမိခဲ့သည်။



**အောင်ကျော် (iprd)**

# စိတ်ကြွရူးသွပ်ဆေးပြားနှင့် ဘိန်းဖြူများဖမ်းဆီးရမိ

**မဘိမ်း ဇွန် ၁၀**

ရှမ်းပြည်နယ် မိုးမိတ်ခရိုင် မဘိမ်းမြို့နယ် လဝါကျေးရွာနှင့်ဝိုင်းလုံကျေးရွာတို့တွင် စိတ်ကြွရူးသွပ်ဆေးပြားနှင့်ဘိန်းဖြူ ၁၄ ဂရမ်တို့ကို ဇွန် ၇ ရက်က ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မဘိမ်းမြို့နယ်ရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ရဲအုပ်ဗိုလ်ဌေးနှင့် အဖွဲ့သည် လဝါကျေးရွာ ရွှေတောင်ကုန်းလမ်းဆုံနေ မလီချိုးမီး၏ဈေးဆိုင်နှင့် ဝိုင်းလုံကျေးရွာတောင်ဘက် ရွှေလီမြစ်အနောက်ဘက် သဲသောင်ပြင်ရှိ ကိုလင်း၏ မြေစိုက်တဲတွင် မူးယစ်ဆေးဝါးများ ရောင်းချနေကြောင်း သတင်းအရ ဝင်ရောက်ရှာဖွေရာ မလီချိုးမီး ဈေးဆိုင်မှ စိတ်ကြွရူးသွပ်ဆေးပြား ၇၄၀၊ ကိုလင်း၏မြေစိုက်တဲမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၀ နှင့်ဘိန်းဖြူ ၁၄ ဂရမ် စုစုပေါင်း စိတ်ကြွရူးသွပ်ဆေးပြား ၈၅၀ ကာလတန်ဖိုးငွေကျပ် ၁၇၀၀၀၀၀ နှင့် ဘိန်းဖြူ ၁၄ ဂရမ် ကာလတန်ဖိုး ငွေကျပ် ၂၅၂၀၀၀ တို့ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ဆေးခြောက်များ လက်ဝယ်ထားရှိသူများအား ဖမ်းဆီး

**အောင်လံ ဇွန် ၁၀**

အောင်လံမြို့ ရွာထောင်ရပ်ကွက်ရှိ နေအိမ်တစ်အိမ်မှ ဇွန် ၈ ရက် နံနက်ပိုင်းက ဆေးခြောက်များ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မကွေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ ရဲအုပ်မျိုးနိုင်နှင့် ပူးပေါင်းတပ်ဖွဲ့ဝင်များသည် မကွေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး၏ မူးယစ်ဆေးဝါးများ ရှာဖွေခွင့် ဝရမ်းဖြင့် ဇွန် ၈ ရက် နံနက် ၈နာရီ၄၅မိနစ်က ဘိုင်လေး(ခ)ညွန့်လှိုင်(၄၉နှစ်) ကြက်မွေးမြူရေးလုပ်ငန်း ရွာထောင်ရပ်ကွက် မြသိန်းတန်(၂)လမ်းနေသူ၏ နေအိမ်တွင် ဆေးခြောက်များ ရောင်းချနေကြောင်း သတင်းအရ ဝင်ရောက်ရှာဖွေခဲ့ရာ ဆေးခြောက်များ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။ ဘိုင်လေး၏ အစ်ကိုဘိုင်ကြီး (ခ) ညွန့်နိုင်(၅၀)နှစ်မှာ ထိုနေအိမ်အတွင်းမှ ဆာလာအိတ်ထုပ်တစ်ထုပ်ကိုဆွဲ ယူထွက်ပြေးခဲ့သောကြောင့် လိုက်လံဖမ်းဆီးခဲ့ရာ ဆေးခြောက်ဟု ထင်ရသော အရိုး၊ အရွက်၊ အစေ့များပါ စုစုပေါင်း အလေးချိန် တစ်ပိဿာ ခုနစ်ဆယ့်ငါးကျပ်သားခန့်ကို ဖမ်းဆီးရမိခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။ **ကျော်ဇေယျ**

# ကျေးရွာပိုင်မီးစက် မီးပိတ်သည့်ကိစ္စနှင့် လူသတ်မှုဖြစ်

**နေပြည်တော် ဇွန် ၁၀**

ဇွန် ၇ ရက် ည ၈ နာရီက မကွေးတိုင်းဒေသကြီး ချောက်မြို့နယ် သစ်ချိုကုန်း အနောက်ကျေးရွာနေ ကျေးရွာပိုင်မီးစက် မီးပေးသည့် ခေတ္တတာဝန်ခံ ဦးဆန်းဝင်း (၃၀နှစ်) နှင့် ဇနီးဖြစ်သူ ဒေါ်အေးလှ(၃၇နှစ်) နှစ်တို့ကို မီးပိတ်ချိန် မီးပိတ်သည့်ကိစ္စကို မကျေနပ်သော တစ်ရွာတည်းနေ ကျော်ရွှေ (၂၇နှစ်) က လက်သီးနှင့်ထိုး၍ ဒဏ်ရာများရရှိခဲ့သည်။ ထို့ကြောင့် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့မှ ဇွန် ၈ ရက်က ညှိနှိုင်းဖြေရှင်းပေးခဲ့ရာ မကျေနပ်သဖြင့် ကျော်ရွှေက ညနေ ၄ နာရီခွဲတွင် ဦးဆန်းဝင်း၏ နေအိမ်အတွင်းဝင်ရောက်ပြီး အရှည် သုံးပေခန့် လုံးပတ် သုံးလက်မခန့်ရှိ ရှားသားတုတ်ဖြင့် ဝင်ရိုက်ရာ ဦးဆန်းဝင်း၏ သားဖြစ်သူ မောင်စိုင်းစိုင်း (သုံးနှစ်)တွင် ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာတွင် သေဆုံးသွားခဲ့ပြီး ဒေါ်အေးလှတွင်ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

**ကိုရဲ**

# ခရီးသည်တင်မီနီဘတ်စ်နှင့် စက်ဘီးစီးအဘိုးအိုတစ်ဦး တိုက်မိမှုဖြစ်ပွား

**ကျောက်ပန်းတောင်း ဇွန် ၁၀**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် အနောက်မြို့ပတ်လမ်းထိပ် မြို့နယ်ပြည်သူ့ဆေးရုံအနီးတွင် ဇွန် ၉ ရက် နံနက် ၁၀ နာရီခွဲက ယာဉ်မောင်း အောင်ဌေးလင်း ချမ်းမြသာစည်မြို့နယ် မန္တလေးမြို့နေသူ မောင်းနှင်လာသော မဟာနွယ်ယာဉ်လိုင်းမှ မီနီဘတ်စ်ကားဖြင့် အသက် ၇၀ အရွယ် စက်ဘီးစီးလာသူ အဘိုးအိုတစ်ဦးကို တိုက်မိမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။



ဖြစ်စဉ်မှာ ကျောက်ပန်းတောင်း-ငွေးချိုလမ်းအတိုင်း ငွေးချိုဘက်မှ ယာဉ်မောင်း အောင်ဌေးလင်း မောင်းနှင်လာသောခရီးသည်တင် မီနီဘတ်စ်ကားသည် တူရှုမှ စက်ဘီးစီးလာသူ ဦးကြည် (၇၀နှစ်) စံပြရပ်ကွက် (စုပေါင်းကားဂိတ် -ဂိတ်မှူး) ကျောက်ပန်းတောင်းမြို့နေသူအား အရှိန်မထိန်းနိုင်ဘဲ ဝင်ရောက်တိုက်မိခြင်းဖြစ်ပြီး ယင်းနောက် ကားမှာလမ်းဘေး ဓာတ်တိုင်ကို ဝင်ရောက်တိုက်မိခဲ့ကြောင်းသိရသည်။

ယာဉ်တိုက်မှုကြောင့် ဦးကြည်တွင် ဒဏ်ရာများရရှိခဲ့သဖြင့် ကျောက်ပန်းတောင်းဆေးရုံမှ မန္တလေး ဆေးရုံကြီးသို့ လွှဲပြောင်းပေးပို့ခဲ့ကြောင်း သိရသည်။

အဆိုပါ ယာဉ်တိုက်မှုနှင့် ပတ်သက်၍ ယာဉ်မဆင်မခြင်မောင်းနှင်သူအောင်ဌေးလင်းအား ကျောက်ပန်းတောင်းမြို့မရဲစခန်းမှ ဒုရဲအုပ်နိုင်လင်းက တရားလိုပြုလုပ်၍ အရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။

**နေအောင် (iprd)**

## ရခိုင်ပြည်နယ်အစိုးရအဖွဲ့ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရခိုင်ပြည်နယ်အတွင်း ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ကုသရေးဦးစီးဌာနများတွင် အဆောက်အအုံသစ်များဆောက်လုပ်ရန်အတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းကြပါရန် ဖိတ်ခေါ်အပ်ပါသည်။

**တင်ဒါလျှောက်လွှာရောင်းချမည့်ရက်** - ၁၂-၆-၂၀၁၅ ရက်၊ ၁၀း၀၀နာရီ
**တင်ဒါလျှောက်လွှာပိတ်ရက်** - ၃၀-၆-၂၀၁၅ ရက်၊ ၁၆း၀၀နာရီ

၂။ အိတ်ဖွင့်တင်ဒါ လျှောက်လွှာပုံစံ၊ စည်းမျဉ်းစည်းကမ်းများနှင့် အသေးစိတ်အချက်အလက်များကို ရခိုင်ပြည်နယ်အစိုးရအဖွဲ့၊ လူမှုရေးဝန်ကြီးဌာနရုံး ဖုန်း-၀၄၃-၂၂၆၅၁၊ ရခိုင်ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးရုံး ဖုန်း-၀၄၃-၂၁၂၀၂၊ စစ်တွေအထွေထွေရောဂါကုဆေးရုံ၊ ဆေးရုံအုပ်ကြီးရုံး ဖုန်း-၀၄၃-၂၃၅၁၁တွင် ရုံးချိန်အတွင်း မေးမြန်းစုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**


7Stars(ရာထူးဝင်သင်တန်းကြီး)
ဒုရဲအုပ်လောင်းဝင်ခွင့်
အမျိုးသား / အမျိုးသမီး
( ပုံမှန်တန်းခွဲ ၊ အနီးကပ်တန်းခွဲများစပြီ )
ခအုပ်ဝယ်ယူသူများအတွက် ပညာဒါန (၁၀)ရက်တန်းရှိသည် ။
တိုက်(18 / 3B) ၊ သပြေညိုကွန်ဒို(၁)၊ ဦးထွန်းလင်းခြံလမ်း၊ လှည်းတန်း ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ကျောင်းခွဲ (လုံးဝ) မရှိပါ ။
09.421052736, 09.49282366, 09.799860155


## စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

လားရှိုးမြို့ မြဝတီလမ်းနေ
ဒုအရာခံဗိုလ် စိုးနိုင် (ရမခ-မှတ်တမ်းဌာန)-ဒေါ်အုန်းဆန်း(ထက်/အုပ် အထက မိုင်းတင်း)တို့၏သား
**မောင်လှိုင်ပြည့် B.Sc (Maths;)**
**နှင့်**
ပဲခူးမြို့ ရှင်စောပုလမ်းနေ
ဦးထွန်းသန်း (ထက်/အုပ် အထက-၁ ပဲခူးမြို့)-ဒေါ်အေးအေးတို့၏သမီး
**မဇာဇာဖြိုး B.Sc (Maths;)**
တို့သည် ၄-၆-၂၀၁၅ရက်တွင် နှစ်ဖက်မိဘဆွေမျိုးများရှေ့တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

**နှစ်ဖက်မိဘများနှင့်**
**လှိုင်ပြည့်-မဇာဇာဖြိုး**

## အထူးလိုက်လှဲစွာဝမ်းမြောက်ဂုဏ်ယူခြင်း

မန္တလေးတိုင်းဒေသကြီး၊ ဝမ်းတွင်းမြို့နေ ဦးမျိုးကျော်သူ (B.Sc Maths) ရွှေဟသ်ာ ကွန်ပျူတာလုပ်ငန်း-ဒေါ်ကြည်ကြည်ဝင်း (B.Sc Maths) တို့၏ သမီးလေး မခင်စန္ဒီကျော်သည် ၂၀၁၄-၂၀၁၅ ပညာသင်နှစ် အခြေခံပညာ အထက်တန်းစာမေးပွဲကို ဝမ်းတွင်းမြို့နယ်၊ အထက ကျောင်းမှ (ခုံအမှတ်-မင/၁)ဖြင့် ဝင်ရောက်ဖြေဆိုရာ (၅) ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ပါသောကြောင့် မိသားစုနှင့်ထပ်တူ ချီးကျူးဂုဏ်ယူပါကြောင်း။

**ဘိုးဘိုး** - **ဦးတင်မောင်အေး (ဦးစီးအရာရှိ၊ စစစ-ငြိမ်း၊ ပဲခူးတိုင်းဒေသကြီး)**
**ဘွားဘွား** - **ဒေါ်နုနုရီ**
**ကြီးကြီး** - **နန်းသီဂီ (B.Sc Chem)**
**အန်တီလတ်** - **စမ်းသီဂီ (B.Sc Zoo)**
**မောင်လေး** - **ဝင်းထက် (Grade 8-B၊ အထက-၃ ပဲခူးမြို့)**


နေမင်းစကြာ
☆ ဦးစီးအရာရှိ (၉ လပိုင်း)
☆ ဒုရဲအုပ် (အမျိုးသား/သမီး)
အများထက် မှတ်စုမှတ်တမ်းသာလွန်မှုမရှိလျှင် ငွေပြန်အမ်းမည်။ (မှတ်စုများ နယ်သို့ပို့သည်။)
ရန်ကုန်မြို့နှင့် ပြည်မြို့တွင်ဖွင့်ပြီ။
အနော်ရထာအိမ်ရာဝင်းအတွင်း၊ လှည်းတန်းမှတ်တိုင်နှင့်ကပ်လျက်၊ Ice Berry ရှေ့မျက်နှာချင်းဆိုင်၊ လှည်းတန်း၊ ကမာရွတ်မြို့နယ်။ ဖုန်း-၀၉-၄၂၀၀၄၂၂၀၀၊
အမှတ် (5-B) Angel Moon အလှပြင်ဆိုင် Central မိတ္တူဆိုင်ရှေ့၊ အုန်းတောလမ်း ပြည်မြို့။ Ph - 09 791177858, 09 - 31594165


**ဖခင် အမည်မှန်**

ပြည်မြို့ အထက (၅) ဒုတိယတန်း(C)မှ မောင်ထွေးမင်းခန့်၏ ဖခင်အမည်မှန်မှာ ဦးထွန်းမျိုးအောင် ၇/ပတတ(နိုင်)၀၇၄၇၈၄ ဖြစ်ပါသည်။

**ဦးထွန်းမျိုးအောင်**

## ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၃၄၊ မြေကွက်အမှတ် ၆၄၃၊ အကျယ်အဝန်း(ပေ၄၀×ပေ၆၀)ရှိ ဦးလှကြိုင် ၁၂/သလန(နိုင်)၀၀၄၄၂၈ အမည်ပေါက် နှစ် ၆၀ဂရန်မြေနှင့်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်ပြီး တရားဝင်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးလှကြိုင်၏ အထွေထွေကိုယ်စားလှယ်လွှဲစာ လွှဲအပ်ခံရသော ဦးတင်အုန်း ၁၂/မရက(နိုင်) ၀၀၆၈၈၀ ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့်သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည့်တိုင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သန္တာခိုင် LL.B,D.L.P,WIPO(Switzerland)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ် ၅၄၂၊ အခန်း(စီ-၁)၊ မေရှော့ပင်းစင်တာ၊ ပန်းဆိုးတန်းလမ်းနှင့် ကုန်သည်လမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၂၁၀၀၅၈၆၇**

# လာမည့်ဆယ်စုနှစ်အတွင်း ရေသယံဇာတလိုအပ်မှု မြင့်တက်လာနိုင်ဟု ပညာရှင်များဆို

သတင်း-သွန်းဝသန်
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

**ရန်ကုန် ဇွန် ၁၀**

ရန်ကုန်မြို့တွင် ရရှိသုံးစွဲနေသည့် သောက်သုံးရေတွင် ထုံးဓာတ်နှင့် သံဓာတ်များ ပါဝင်မှုမြင့်တက်လာသဖြင့် သုံးစွဲရန် ခက်ခဲလာနေကြောင်းနှင့် ဆယ်စုနှစ်အတွင်း ရေသယံဇာတ လိုအပ်ချက် မြင့်မားလာနိုင်ကြောင်း သိရသည်။

"ဂျိုးဖြူကရေဆိုလည်း စထွက်တဲ့ အချိန်မှာ ရေက သန့်နိုင်ပေမယ့် ဖြတ်သန်းလာတဲ့ ပိုက်တွေဟာ နှစ်ကာလကြာရှည်လာတဲ့အတွက်သံချေးတက်တာ၊ အနည်ကျတာတွေ အများကြီး ဖြစ်လာပါတယ်။ လေ့လာတွေ့ရှိချက်တွေအရ အရောင်တွေ၊ ထုံးဓာတ်တွေနဲ့ သံဓာတ်ပါဝင်မှုတွေက သောက်သုံးရေမှာ ရှိသင့်တဲ့ပမာဏထက် မြင့်မားနေတာကို တွေ့ရပါတယ်"ဟု ဆွေဇင်မေ ရေသန့်စက်ဖြန့်ချိရေးမှ မန်နေးဂျင်းဒါရိုက်တာ ဒေါ်ဆွေဇင်ဝင်းက ပြောသည်။

ထို့အပြင် လူဦးရေထူထပ်လာသဖြင့် ကွန်ဒိုများအပါအဝင် အထပ်မြင့် လူနေတိုက်ခန်းများအနေဖြင့် အဝီစိတွင်းရေကို အဓိကအားထားလာကြရာ မြေအောက်ရေပြုန်းတီးမှုများကိုလည်း ကြုံတွေ့နေရကြောင်း အဆောက်အအုံ တည်ဆောက်ရေးလုပ်ငန်းများမှ သိရသည်။

"ရေလိုအပ်ချက်ကြောင့် ရေသန့်ဘူးထုတ်လုပ်သူတွေလည်း ပိုမိုများပြားလာပြီး တရားဝင်ရော၊ တရားမဝင်ထုတ်လုပ်နေသူ အရေအတွက်က ရာဂဏန်းအထိ ဖြစ်လာပါတယ်။ သို့သော်လည်း အခုနောက်ပိုင်းမှာ အထပ်မြင့် အဆောက်အအုံတွေက သောက်ရေသန့်ဝယ်ယူရတဲ့ဒုက္ခတွေကြောင့် တစ်ပိုင်တစ်နိုင်ရေသန့်စင်စက်တွေကို ပိုပြီး အသုံးပြုလာကြတယ်" ဟုဒေါ်ဆွေဇင်ဝင်းက ပြောသည်။

ပင်လယ်ကမ်းရိုးတန်း ဒေသများနှင့် မြစ်ဝကျွန်းပေါ်ဒေသများ၌လည်း မြေအောက်ရေများခန်းခြောက်ခြင်းနှင့် ရေငန်ဝင်ရောက်ခြင်းများ ဖြစ်ပေါ်လာသည့်အတွက် ရေသန့်စင်ခြင်းလုပ်ငန်းများ လုပ်ဆောင်ရန် လိုအပ်နေကြောင်း ရေအရင်းအမြစ်နှင့် ရေသန့်စင်ခြင်းလုပ်ငန်း လုပ်ကိုင်နေသူ တစ်ဦးဖြစ်သည့် မခင်မာလာဝင်းက ပြောကြားသည်။

ထိုင်ဝမ်အခြေစိုက် Rotek ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးကလည်း နောင်ဆယ်စုနှစ်များတွင် ရေသယံဇာတသည် ကမ္ဘာ့နိုင်ငံရေးနှင့် စီးပွားရေးကဏ္ဍများတွင် အဓိကကျလာမည်ဖြစ်ရာ သဘာဝအရင်းအမြစ်များ မဆုံးရှုံးစေရေးနှင့် သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် ပညာရှင်များနှင့် နည်းပညာများ ပိုမိုလိုအပ်လာမည်ဖြစ်ကြောင်း ပြောကြားသည်။

"ရန်ကုန်အပါအဝင် မြို့ကြီးအများစုမှာ သောက်သုံးရေအဆင့်မီဖို့အတွက် ဈေးကွက်လိုအပ်ချက်တွေ ဖြစ်ပေါ်နေပါတယ်။ အရည်အသွေးပြည့်တဲ့ သောက်သုံးရေရရှိရေးကို ပညာရှင်တွေ စုပေါင်းအဖြေရှာရပါမယ်"ဟု ရန်ကုန်မြို့ Summit Park view ဟိုတယ်၌ ကျင်းပသော ထိုင်ဝမ်အခြေစိုက် W Home, Rotek နှင့် Evergush ကုမ္ပဏီများ၏ Water Treatment Products ဆွေးနွေးပွဲတွင် ထိုင်ဝမ်မှရေသန့်ပညာရှင်တစ်ဦးက ပြောကြားသည်။



## အိမ်ခြံမြေ အကျိုးဆောင်လုပ်ငန်းများအား ဆုများရွေးချယ်ချီးမြှင့်မည်

**ရန်ကုန် ဇွန် ၁၀**

မြန်မာ့အိမ်ခြံမြေလုပ်ငန်းနှင့် ဈေးကွက်၏အခြေအနေကို ပြောင်းလဲတိုးတက်စေသော လူပုဂ္ဂိုလ်များ၊ လုပ်ငန်းများကို ဂုဏ်ပြုသည့်အနေဖြင့် အိမ်ခြံမြေလုပ်ငန်းဆိုင်ရာဆု ၁၃ မျိုးကို အွန်လိုင်းအိမ်ခြံမြေဝက်ဘ်ဆိုက်တစ်ခုဖြစ်သည့် House.com.mm က ရွေးချယ်ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

အကောင်းဆုံး အိမ်ခြံမြေအကျိုးဆောင်လုပ်ငန်းဆု၊ အကောင်းဆုံးအိမ်ခြံမြေအကျိုးဆောင်ဆု၊ နှစ်တစ်နှစ်၏ အကောင်းဆုံးလုပ်ငန်းသစ်ဆု၊ အကောင်းဆုံးလူငယ်လုပ်ငန်းရှင်ဆု၊ အကောင်းဆုံးအိမ်ခြံမြေအကျိုးဆောင်လုပ်ငန်းဆုများ (ရုံးခန်းနေရာ၊ မြေနေရာ၊ စီးပွားရေးလုပ်ငန်းနေရာ)၊ အကောင်းဆုံး အိမ်ခြံမြေအကျိုးဆောင် လူပုဂ္ဂိုလ်ဆု ၊ အကြီးဆုံး အိမ်ခြံမြေအကျိုးဆောင် လုပ်ငန်းဆု၊ အကောင်းဆုံးအရောင်းအဝယ်ဖြစ်ရပ်ဆု၊ အကောင်းဆုံးနိုင်ငံတကာ အကျိုးဆောင် လုပ်ငန်းဆု၊ အကောင်းဆုံး ဈေးကွက်ရှာဖွေမှု ဗျူဟာဆုနှင့် အယုံကြည်ရဆုံး အကျိုးဆောင်လုပ်ငန်းဆုများကို ပေးအပ်သွားမည်ဖြစ်ပြီး ဆုရွေးချယ်ရာတွင် ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် ဇွန် ၁ရက်မှ ဩဂုတ် ၁ ရက်အထိ အမည်စာရင်းတင်သွင်းနိုင်ကြောင်း သိရသည်။

ဆုအတွက်လျှောက်ထားသည့် အရောင်းအဝယ်ဖြစ်ရပ်များသည် ၂၀၁၄-၂၀၁၅ ခုနှစ်များအတွင်း ဖြစ်ရမည်ဖြစ်ကြောင်း၊ ကုမ္ပဏီမှတ်ပုံ တင်မိတ္တူတင်ပြရန်လိုအပ်ပြီး အနည်းဆုံးဝန်ထမ်းအင်အား သုံးဦးနှင့်အထက် ရှိရမည်ဖြစ်ကြောင်း သိရသည်။ အသေးစိတ်အချက်အလက်များကို အီးမေးလ် လိပ်စာ award@house.com.mm သို့လည်းကောင်း၊ ဝက်ဘ်ဆိုက်လိပ်စာ www.house.com.mm/awards သို့လည်းကောင်း၊ စာတိုက်မှတစ်ဆင့် အမှတ်(၃၃)၊ သီရိမင်္ဂလာလမ်း၊ ကမာရွတ်မြို့နယ် ရန်ကုန်မြို့သို့လည်းကောင်း ဆက်သွယ်မေးမြန်းနိုင်ကြောင်းနှင့် ဆုများကို စက်တင်ဘာ ၁၈ရက်တွင် ချီးမြှင့်ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**မြတ်စန္ဒီသင်းဇော်**

## စီးပွားရေးလုပ်ငန်းဆိုင်ရာဘာသာရပ်များအတွက် ပညာသင်ဆုလျှောက်ထားနိုင်

**ရန်ကုန် ဇွန် ၁၀**

ဈေးကွက်စီးပွားရေးနှင့် လုပ်ငန်းဆိုင်ရာများအတွက် လက်တွေ့အသုံးချဘာသာရပ်များဖြစ်သည့် Business , Economics, Marketing , Enterpreneurship, Sales, Logistics နှင့် အခြားဆက်စပ်ဘာသာရပ်များကို သင်ကြားလိုသူ အသက် ၁၇ နှစ်နှင့်အထက် ကျောင်းသား / ကျောင်းသူများ လျှောက်ထားနိုင်မည့် ပညာသင်ဆုကို အွန်လိုင်း အိမ် ၊ ခြံ ၊ မြေ ဝက်ဘ်ဆိုက်တစ်ခုဖြစ်သည့် House.com.mm က ပေးအပ်မည်ဖြစ်ကြောင်းသိရသည်။

House.com.mm ၏မန်နေးဂျင်းဒါရိုက်တာ Jan Sommerfeld က "ဒီအထောက်အပံ့က မြန်မာလူငယ်တွေရဲ့ အောင်မြင်မှုအတွက် အဓိကတွန်းအားဖြစ်စေဖို့နဲ့ စွန့်ဦးတီထွင်လိုစိတ်တွေ ပိုမိုအားကောင်းလာအောင် လှုံ့ဆော်ပေးရာလည်းရောက်ပြီး ပုဂ္ဂလိကကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုအတွက် လက်ဆင့်ကမ်းမယ့်အစီအစဉ်တွေလည်း ပါဝင်ပါမယ်"ဟု ပြောသည်။

ပညာသင်နှစ်တစ်နှစ်လျှင် တစ်ဦးသာရွေးချယ်သွားမည်ဖြစ်ကြောင်း၊ လျှောက်ထားလိုသူများအနေဖြင့် ဇွန် ၁ ရက်မှ ဇူလိုင်လကုန်အထိ အွန်လိုင်းလိပ်စာ http://www.house.com.mm/scholarship/ တွင် အသေးစိတ်ဖော်ပြထားသည့် အချက်အလက်များအတိုင်း လျှောက်ထားနိုင်ကြောင်းနှင့် ပညာသင်ဆုရရှိသူများအတွက် ဆုငွေကျပ်ငါးသိန်းနှင့် အခြားအခွင့်အလမ်းများ ပါဝင်မည်ဖြစ်ကြောင်းသိရသည်။

**မွန်းဦးနဒီ**

## သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်

**ရန်ကုန် ဇွန် ၁၀**

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်အနောက်ပိုင်းခရိုင်၊ အလုံမြို့နယ်၌ သွေးလွန်တုပ်ကွေးရောဂါမဖြစ်ပွားစေရေးအတွက် ရေတွင်းရေကန်များ အဘိတ်ဆေးခတ်ခြင်းလုပ်ငန်းကို မြို့နယ်ကျန်းမာရေးဦးစီးဌာနက ဇွန် ၁၀ ရက်တွင် ဆောင်ရွက်ခဲ့သည်။

မြို့နယ်ကျန်းမာရေးဦးစီးဌာန ခေတ္တဦးစီးဌာနမှူး ဒေါက်တာကြည်သာမြင့်သိန်းနှင့် သူနာပြုသားဖွားဆရာမများ၊ ကျန်းမာရေးဝန်ထမ်းများက အလုံမြို့နယ် ဌာနာရပ်ကွက်မှ နေအိမ်များရှိရေကန်များသို့ အဘိတ်ဆေးခတ်ခြင်းများ လိုက်လံဆောင်ရွက်ခဲ့ပြီး အလုံမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းနိုင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးထွန်းရွှေနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ(ကျန်းမာရေးဌာန)မှ ဝန်ထမ်းများ၊ ဌာနာရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရာအိမ်မှူး၊ ဆယ်အိမ်မှူးများက ပါဝင်ကူညီဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**တင်မောင်ဦး(အလုံ)**

---


**ကန့်ကွက်နိုင်ပါကြောင်း**

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၁၅၇)၊ မြေကွက်အမှတ် (၁၁၈၂)၊ မြေကွက်ရရှိထားသူ ဦးချစ်ငွေ ၁၂/အစန(နိုင်)၀၀၁၃၄၅ မှ မြေချပါမစ်ထုတ်ပေးပါရန် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ ၁၅ ရက်အတွင်း ဤဦးစီးဌာနသို့ လာရောက်၍ သက်ဆိုင်ရာစာရွက်စာတမ်းအထောက်အထားများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေယာရုံးခွဲ (၇)
မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန

**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲသည် ပလတ်စတစ်အိမ်သာခွက်နှင့် ပိုက်အစုံတို့ကို ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

တင်ဒါစည်းမျဉ်း၊ စည်းကမ်းများကို ညွှန်ကြားရေးမှူး(ဝယ်ယူဖြန့်ဖြူးရေး)၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ရုံးအမှတ်(၄၇)၊ နေပြည်တော်သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

| | |
|---|---|
| **ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** | - ၁၇-၆-၂၀၁၅ရက် |
| **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** | - ၁၆-၇-၂၀၁၅ရက် မွန်းလွဲ ၂ နာရီ |
| **ဆက်သွယ်ရန် ဖုန်းနံပါတ်** | ၀၆၇-၄၃၁၀၈၅၊ ၀၆၇-၄၃၁၀၇၇ |

ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ
ပြည်သူ့ကျန်းမာရေးဦးစီးဌာန

**သီဟ(၄၀) သူငယ်ချင်းများသို့**

ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၄၀) သီဟတပ်ခွဲ၏ (၄၅)နှစ်မြောက် ကျောင်းဆင်းနှစ်ပတ်လည်နေ့အား အောက်ပါအစီအစဉ်များအတိုင်း ကျင်းပပြုလုပ်ပါမည်။

| | | |
|---|---|---|
| **ဆွမ်းကပ်လှူဒါန်းခြင်း** | **အချိန်** | - ၂၀-၆-၂၀၁၅ ရက် (စနေနေ့)၊ နံနက် ၉း၀၀ နာရီ |
| **(မိသားစု)** | **နေရာ** | - သမ္မာသမ္ဗုဒ္ဓေါ်ဓမ္မာရုံ (သီဟ ၄၀ ဓမ္မာရုံ)၊ စွယ်တော်မြတ်စေတီ |
| **ညစာစားပွဲ** | **အချိန်** | - ၂၀-၆-၂၀၁၅ရက် (စနေနေ့) ည ၇း၀၀ နာရီ |
| | **နေရာ** | - မြိုင်ဟေဝန်စားသောက်ဆိုင် (မရမ်းကုန်းလမ်းဆုံ) |
| **ဂေါက်သီးရိုက်ကစားခြင်း** | **အချိန်** | - ၂၁-၆-၂၀၁၅ ရက် (တနင်္ဂနွေနေ့)၊ နံနက် ၇း၀၀ နာရီ |
| | **နေရာ** | - တပ်မတော်ဂေါက်ကွင်း (မင်္ဂလာဒုံ) |

**ကန့်ကွက်နိုင်ပါကြောင်း**

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၅၇)၊ မြေကွက်အမှတ် (၁၃၂၇)၊ မြေအမည်ပေါက် ဦးကြည်အင်း ၁၂/စခန(နိုင်)၁၁၉၉၄၉ မှ မြေချပါမစ်ထုတ်ပေးပါရန် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း သက်ဆိုင်ရာစာရွက်စာတမ်းအထောက်အထားများတင်ပြပြီး လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးခြင်း ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေယာရုံးခွဲ (၇)
မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန

**CLAIMS DAY NOTICE**
**M.V GOLDEN FAN VOY: NO(27)**

Consignees of cargo carried by M.V GOLDEN FAN VOY: NO(27) are here by notified that the vessel will arrive of about 12-6-2015 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 04:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILLS OF LADING များယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့်တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈

ကိုယ်စားလှယ်လုပ်ငန်းဌာန
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

**ဂုဏ်ယူဝမ်းမြောက်ခြင်း**

ပါပါ ဦးသန်းထိုက်အေး (2nd officer at A.P Moller Shipping S'pore, MAERSK Line)-မာမာ ဒေါ်သူဇာအေးတို့၏သမီး မရှင်းမွန်သန့်သည် ၂၀၁၄-၂၀၁၅ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲကို အထက(၅)၊ ဗိုလ်တထောင်ကျောင်းမှ ခုံအမှတ်(ဆဗတ-၄၆၀) ဖြင့် ဝင်ရောက်ဖြေဆိုရာ ဘာသာစုံဂုဏ်ထူးရမှတ်ပေါင်း (၅၂၀)မှတ်ဖြင့် အောင်မြင်သည့်အတွက် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဂုဏ်ယူဝမ်းမြောက်မိပါသည်။

ရှီမားကိုချစ်တဲ့
သထုံအိမ်မိသားစု

**သွေးသည် အသက်**

**အမည်ဖြည့်စွက်နှင့် မွေးသက္ကရာဇ်အမှန်**

စစ်တွေမြို့၊ မကျည်းပြိုင်၊ အထက(ခွဲ) တက္ကသိုလ်ဝင်တန်းမှ မောင်ဖြိုးကျော်စိန်၏ဖခင်အမည်မှန်မှာ ဦးဖြိုးသာကျော်(ခ)ဦးထွန်းသာဟု ဖြည့်စွက်ခေါ်ပါရန်နှင့် မောင်ဖြိုးကျော်စိန်၏ မွေးသက္ကရာဇ်အမှန်မှာ ၁-၆-၁၉၉၈ ဖြစ်ပါကြောင်း။

# ခြင်းလုံး သို့မဟုတ် မြန်မာတို့ဂုဏ်ယူလောက်သည့် အမျိုးသားအားကစားနည်း(၁)



**အောင်နိုင်(သတင်းစဉ်)**

မျက်မှောက်ကာလ ကမ္ဘာပေါ်တွင် နိုင်ငံရပ်ခြား တိုင်းပြည်မျိုးစုံမှ မည်သို့သော အမျိုးအမည်စုံ အားကစားနည်းများ ခေတ်စားလာစေကာမူ မြန်မာတို့အတွက် အနုပညာဆန်သည့် အားကစားနည်းဖြစ်သော ခြင်းခတ်အားကစားနည်းမှာ တစ်နေ့တခြား တိုးတက်လျက်ရှိနေသည်ကို တွေ့မြင်နေရပေသည်။

ခြင်းခတ်ခြင်းသည် မြန်မာတို့၏ ကစားခုန်စားမှု တစ်ရပ်ဖြစ်သကဲ့သို့ မြန်မာ့ယဉ်ကျေးမှုသမိုင်းတွင်လည်း ခြင်းလုံး၏ အခန်းကဏ္ဍသည် ကြီးမားကျယ်ပြန့်စွာ နေရာယူထားသည်ကို တွေ့မြင်နိုင်သည်။ မြန်မာနိုင်ငံ အပျော်တမ်းခြင်းလုံးအဖွဲ့ချုပ်၏ ဆောင်ပုဒ်ဖြစ်သည့် **"အပေးအယူ၊ စိတ်ကြည်ဖြူ၊ ခြင်းမူစာဂ၊ မျှစိတ်တ"** ဟူသည့် လင်္ကာအတိုင်းခြင်းလုံးခတ်ကစားခြင်းသည် လူမှုဆက်ဆံရေး၊ စာရိတ္တကောင်းမွန်ရေးတို့အတွက် အထောက်အပံ့ဖြစ်သည်။ စိတ်ရှည်ခြင်း၊ သည်းခံခြင်း၊ ဇွဲကောင်းခြင်းတို့ကိုလည်း အားပေးသည်။ ခြင်းကစားရာ၌ တစ်ကိုယ်ကောင်းသဘောမရှိရဘဲ အများနှင့်အတူ ပူးပေါင်းရသည်ဟူသည့် စိတ်ကိုထားရသဖြင့် ခြင်းခတ်ကစားခြင်းသည် လောဘ၊ ဒေါသ၊ မောဟစိတ်တို့မှ ကင်းစင်ကြည်လင်အောင် ပြုပြင်ပေးတတ်သည်ဟု ခြင်းပါရဂူတို့က ဆိုလေ့ရှိကြသည်။

ခြင်းလုံးကို ရှေးအခါက **ခြေလုံး**ဟုလည်း ရေးသား ခေါ်ဆိုခဲ့ကြကြောင်းကို စာများတွင် ဖတ်ရှုလေ့လာ သိရှိရသည်။ ခရစ်နှစ် ၁၈၇၄ ခုနှစ်၌ ပုံနှိပ်ထုတ်ဝေခဲ့သည့် စီ၊ အေ။ ဂေါ်ဒန်ရေးသားခဲ့သော **"မြန်မာပြည်သို့ ကျွန်ုပ်တို့ ခရီးထွက်ခြင်း"** စာအုပ်တွင် **ခြေလုံးကစားသည်**ဟု ရေးသားထားသည်ကို တွေ့ရှိရသည်။ ထို့ပြင် မင်းတုန်းမင်းလက်ထက် ကောက်စိုက်သမများသီဆိုသော ရှေးသီချင်းတစ်ပုဒ်တွင် **"သူ့သား သူ့မေနှိမ်တယ်၊ ဆိုးချိန်မို့လေး၊ ညနေ၊ ခတ်ခြေလုံးနှင့် ပျော်တုန်းမို့လေး"** ဟု ရေးစပ်ခဲ့သည်ကိုလည်း တွေ့ရပေသည်။

မြန်မာနိုင်ငံတွင် မည်သည့်ကာလက ခြင်းလုံးစတင်ပေါ်ပေါက်လာသည် ကို တိကျစွာရှာဖွေမတွေ့ရသေးချေ။ သို့ရာတွင် ခန့်မှန်းခြေ အားဖြင့်ဆိုရပါမူ သရေခေတ္တရာမြို့ဟောင်းရှိ ဒွတ္တပေါင် မင်းကြီးတည်ထားခဲ့သော ဘောဘောကြီးစေတီဌာပနာတိုက်မှ ငွေအတိပြီးသော ခြင်းလုံးတစ်လုံး တူးဖော်တွေ့ရှိရသဖြင့် ထိုခေတ်ကပင် ခြင်းလုံးပေါ်ပေါက်နေခဲ့ပြီဟု ယူဆရပေသည်။ အလားတူ မြန်မာသက္ကရာဇ် ၁၂၀၈ ခုနှစ်၌ နန်းတက်သော ပုဂံမင်းလက်ထက်တွင် ယိုးဒယား ပန်းပုသမားတစ်ဦးသည် ဆင်စွယ်ဖြင့် ထုထွင်းပြုလုပ်ထားသည့် ခြင်းလုံးတစ်လုံးကို ပုဂံမင်းအား ဆက်သခဲ့ရာ ပုဂံမင်းက နှစ်သက်တော်မူ၍ ထိုပုံအတိုင်း **ကြိမ်ဖြင့် ထိုးစေပြီးသော် မိမိလူပျိုတော်သားများအား စတင်ခတ်မြှောက်ကစားစေသည်ဟု** အဆိုရှိကြောင်းလည်း သိရသည်။

ခြင်းလုံးကို ပြုလုပ်ရာတွင် အလျား ၁၀ပေ ကျော်ရှည်လျားသော ကြိမ်နန်းကို တစ်ပတ်ချင်းရစ်ခွေကာ ကွင်းများအောင် စပ်ထိုးရသည်။ ကြိမ်နန်း ၈ ပင်ရှိလျှင် ၈ ပတ်ခြင်း၊ ၁၀ ပင်ရှိလျှင် ၁၀ ပတ်ခြင်းဟု ခေါ်ဆိုကြသည်။ ၈ ပတ်ခြင်း၏ လုံးဝန်းမှာ ၁၄ လက်မခန့်ရှိ၍ ညိုတစ်ဖက် ထွာတစ်ဖက်ခြင်းဟူ၍ လည်းကောင်း၊ ထွာညိုဆိုင်ခြင်း ဟူ၍လည်းကောင်း ခေါ်ဆိုကြသည်။ ထွာညိုဆိုင်ဟူသည်မှာ လက်မထိပ်ချင်း၊ လက်ခလယ်နှင့် လက်ညှိုးထိပ်ချင်းထိ၍ တိုင်းတာသောအဝန်းကို ဆိုလိုခြင်း ဖြစ်ပါသည်။ လုံးဝန်း ၁၆ လက်မခန့်ရှိသော ခြင်းကို ထွာဆိုင်ခြင်းဟု ခေါ်ဆိုပါသည်။ ထွာဆိုင်မှာ လက်မထိပ်ချင်း၊ လက်ညှိုးထိပ်ချင်းထိသော အဝန်းရှိသည့် ခြင်းကို ညိုဆိုင်ခြင်းဟုခေါ်သေးကြောင်း ဖတ်ရှုလေ့လာရပါသည်။ ခြင်းလုံးတိုင်းတွင် ထောင့်ငါးထောင့်ရှိသော အပေါက် ၁၂ ပေါက်ပါရှိပါသည်။ အများအားဖြင့် ကြိမ်နန်းကြိုး၏ဖြက်မှာ တစ်လက်မ၏ ရှစ်ပုံတစ်ပုံခန့်ရှိ၍ အထူကတစ်လက်မ၏ ဆယ်ပုံတစ်ပုံခန့်မှ တစ်လက်မ၏ တစ်ဆယ့်နှစ်ပုံ တစ်ပုံခန့်အထိ ရှိတတ်ပါသည်။ ခြင်းလုံး၏ အလေးချိန်မှာ ကြိမ်အမျိုးအစားကိုလိုက်၍ ငါးကျပ်သားမှ ရှစ်ကျပ်သားအထိရှိတတ်ပြီး ပုံမှန်ထွာဆိုင်ခြင်းမှာ ခြောက်ကျပ်သားခန့်ရှိသည်။

ခြင်းကစားနည်းကို မူလက **ခြင်းသေနှင့်ခြင်းရှင်** နှစ်မျိုးခွဲခြားသည်ဟု အမှတ်အသားပြုခဲ့ကြသည်။ **ခြင်းသေ**ကို ညှပ်ခြင်းဟူ၍လည်းကောင်း၊ **ခြင်းညှပ်**ဟူ၍လည်းကောင်း ခေါ်ဆိုကြသည်။ ခြင်းသေဟူသည်မှာ ကစားသူတစ်ဦးတည်းက ခြင်းလုံးကို သူ၏ကိုယ်ခန္ဓာ အဆစ်အပိုင်း အမျိုးမျိုးပေါ်တွင် ရွှေ့ပြောင်းတော့ခတ် ကစားခြင်းဖြစ်သည်။ ဒူး၊ ပေါင် ၊ ဒူးခေါက်၊ ပခုံးတို့ဖြင့် ခြင်းကိုညှပ်၍ ကစားသည်လည်းရှိသည်။ ဤကိုအစွဲပြု၍ ခြင်းညှပ်ဟု ခေါ်တွင်ခြင်းဖြစ်သည်။ သို့သော် ထိုခြင်းညှပ်ဟူသည့်အခေါ်မှာ ယခုအခါတွင် ပျောက်ကွယ်လုမတတ်ရှိနေချေပြီ ဖြစ်သည်။ ခြင်းသေကစားနည်းကို ခြင်းလုံးတစ်လုံးမှသည် ခြောက်လုံးခန့်အထိ ခဲရာခဲဆစ် အဆန်းအပြား ကစားကြသည်လည်းရှိ၏။

ခြင်းသေကစားရာမှ **ခြင်းရှင်**ကစားနည်းသို့ ကူးပြောင်းလာသည်ဟု ဆိုကြသည်။ ခြင်းသေကစားခြင်းသည် ရိုးလာသောအခါ ခြင်းလုံးတစ်လုံးတည်းကို လူ လေး၊ ငါးယောက်ဝိုင်းဖွဲ့၍ မြေသို့မကျရအောင် ခတ်ကစားကြသည်။ ဤခြင်းခတ်နည်းကို ခြင်းရှင်ဟု ခေါ်ဝေါ်လာကြသည်။ ဤခြင်းရှင်ခတ်ကစားနည်းတွင် ခြင်းကစားသူတို့သည် ဦးစွာ၌ ခြင်းကိုမြေသို့မကျရအောင် ပဓာနထားကြသည်။ ထို့နောက်မှ တံတောင်ဖြင့်တွက်ခြင်း၊ ပခုံးဖြင့်တော့ခြင်း၊ ခေါင်းဖြင့်ဆတ်ခြင်းဟူသော ကစားပုံအမျိုးမျိုးကို အဆန်းထွင်လာကြသည်။ ထိုမှတစ်ဖန် ခြေဖြင့်သာ လှပယဉ်ကျေးစွာကစားကြရာ၌ ခြေထိပ်၊ ခြေဖနောင့်၊ အတွင်းခြေဘေး၊ အပြင်ခြေဘေး၊ ခြေဖမိုး၊ ခြေဖဝါး၊ ဒူး၊ ဒူးခေါက်တို့ဖြင့် ရှစ်မျိုးကစားကြပြန်သည်။

ယင်းသို့ကစားကြရာမှ ကျွမ်းကျင်သူတို့သည် ကျွမ်းကျင်မှုကိုပြလိုသောသဘောဖြင့် ခြင်းကို နည်းအမျိုးမျိုးဆင်၍ ခတ်ကြပြန်သည်။ ထိုခတ်နည်းကို **ဆင်ခြင်း**ဟုခေါ်သည်။ ဆင်ခြင်း၏သဘောမှာ တစ်ဖက်ကပေးလိုက်သောခြင်းကို မိမိကျွမ်းကျင်သော ခြင်းခတ်နည်းဖြင့်ခံယူ၍ ကစားခြင်းဖြစ်သည်။ သို့သော် **ဆင်ခြင်း**မှာ တစ်ဦးကောင်းကစားနည်းဖြစ်၍ မကျွမ်းကျင်သူတို့အဖို့ ပျင်းရိထိုင်းမှိုင်းဖွယ်ဖြစ်သောကြောင့် **ဆင်ခြင်း**မကစားနိုင်စေရန် ကစားဖော်တို့က ခြင်းကို လည်ပင်း၊ ဝမ်းဗိုက်စသောနေရာများသို့ ထိုး၍ ပေးကြသည်။ ထိုကစားနည်းကို **ထိုးခြင်း**ဟု ခေါ်ကြပြန်သည်။

ကစားဖော်က ထိုးခြင်းကို ပေးလိုက်သောအခါ ထိုးခြင်းကို ခံယူသူသည် ခေါင်းကိုငုံ့၍လည်းကောင်း၊ ကိုယ်ကိုတိမ်း၍လည်းကောင်း၊ ပေးလိုက်သောခြင်းကို မရရအောင် ခတ်ရသည်။ လည်ပင်းဆီသို့ တည့်တည့်ပေးသော ခြင်းကိုလက်ခံသူသည် ကိုယ်ကို ညွတ်၍ လက်ခံသည်။ ထိုအခါ ခြင်းသည် လည်ပင်းကိုလွန်၍ သွားလေသည်။ ယင်းသို့ လွန်သည့်အခါမှ ဒူး၊ ခြေဖျားစသည်တို့ဖြင့် ခတ်ကစားသည်။ ဤ**ထိုးခြင်း**ကို ခတ်သောအခါ ခြင်းသည် အထက်သို့မြင့်စွာထောင်မတက်ဘဲ ဝိုင်း၏အထက်နားလောက်တွင်သာ ဝဲ၍ နေသည်။

မူလက ခြင်းသည် အထက်သို့ထိုး၍ တက်စမြဲရှိခဲ့ရာ ယခုထိုးခြင်းခတ်နည်းသို့ရောက်သော် ခြင်းသည် ထောင်၍မတက်တော့ဘဲ ယိမ်းယိုင်၍ဝဲနေသောကြောင့် **ခြင်းယိုင်ခတ်**ဟု ခေါ်လာကြပြန်သည်။ ထိုခြင်းယိုင်ခတ်နည်း၌ပင် နိမ့်နိမ့်ခတ်လျှင် **ခြင်းယဉ်ခတ်**ဟု အမည်ပေးကြပြန်သည်။

ယင်းကဲ့သို့ ခြင်းခတ်ပုံခတ်နည်းများ အဆင့်ဆင့် တိုးတက်လာသည့်အလျောက် ခတ်နည်းအမျိုးမျိုးတို့ကို ခွဲခြား၍ပြခဲ့ကြသည်။ ယခုခေတ်တွင် အဆိုပါခတ်နည်းမျိုးစုံကို အကြမ်းအားဖြင့် ပိုင်းခြားလျှင် သုံးမျိုးသာရှိသည်ဟု ယူဆကြသည်။ **ခြင်းယိုင်ခတ်၊ ခြင်းယဉ်ခတ် (ခြင်းနုခတ်)၊ အပြိုင်ခတ်ဟူ၍**ဖြစ်သည်။ ခြင်းအပြိုင်ခတ်ဟူသည်မှာ ၁၉၀၈ ခုနှစ်က စတင်တီထွင်သော အမှတ်ပေးစနစ်နှင့် ယှဉ်ပြိုင်ခတ်ခြင်းပင် ဖြစ်သည်။

၁၉၄၀ ပြည့်နှစ်တွင် မြန်မာပြည်လုံးဆိုင်ရာ ခြင်းယိုင်ခတ်ပွဲကြီးကို ယခင်က ဘီ ၊ အေ၊ အေ ၊ကွင်း (ယခု အောင်ဆန်းအားကစားပြိုင်ကွင်း)၌ အမှတ်ပေးစနစ်ဖြင့် ကျင်းပခဲ့သည်။ ထိုအချိန်မှစ၍ ခြင်းလုံးဝါသနာပါသူ ပုဂ္ဂိုလ်များသည် ခြင်းလုံးခတ်စည်းမျဉ်းကို သတ်မှတ်ရန် လုံ့လထုတ်ခဲ့ကြသည်။ သို့သော် ဒုတိယကမ္ဘာစစ်ကြောင့် စည်းမျဉ်းညှိနှိုင်းဆွေးနွေးခြင်းကို မပြုနိုင်ခဲ့ကြပါချေ။ ၁၉၅၃ ခုနှစ် ဇွန်လ ၂၉ ရက်တွင်မူ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ၃၃ ခရိုင်မှ ကိုယ်စားလှယ်များသည် ရန်ကုန်မြို့တွင်ကျင်းပသော ပြည်ထောင်စုမြန်မာနိုင်ငံလုံးဆိုင်ရာ ခြင်းလုံးညီလာခံ၌ ခြင်းခတ်ပြိုင်ပွဲစည်းမျဉ်းစည်းကမ်းများကို သတ်မှတ်ပြဋ္ဌာန်းလိုက်လေသည်။

## ကျေးရွာမီးလင်းရေး လျှပ်စစ်ထရန်စဖော်မာဖွင့်

**မန်စီ ဇွန် ၁၀**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် မန်စီမြို့၌ ကျေးရွာမီးလင်းရေး လျှပ်စစ်ထရန်စဖော်မာများဖွင့်ပွဲကို ဇွန် ၅ ရက် နံနက် ၉ နာရီက နမ့်မဖွဲကျေးရွာ ထရန်စဖော်မာရှေ့၌ ကျင်းပရာ ကချင်ပြည်နယ် လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုင်းမောင်ရွှေက အမှာစကားပြောကြားသည်။

ဆက်လက်၍ ဝန်ကြီးဦးစိုင်းမောင်ရွှေ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်နောင်ဖြူ၊ မြောက်ပိုင်းပိမ်းကုမ္ပဏီမန်နေးဂျင်းဒါရိုက်တာ ဦးအောင်ဂျာတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဝန်ကြီးက စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကာ ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာအဖွဲ့က လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာလက်ကမ်းစာစောင်များဖြန့်ဝေ၍ ကျေးရွာရပ်မိရပ်ဖတစ်ဦးက ကျေးဇူးတင်စကားပြောကြားခဲ့သည်။

အဆိုပါ လျှပ်စစ်ထရန်စဖော်မာဖွင့်ပွဲအခမ်းအနားများကို ကောင်ရာရပ်ကွက်နှင့် မောရဝတီရပ်ကွက်တို့၌လည်း ကျင်းပခဲ့သည်။

**အောင်ကျော်ထွန်း**

**ပြည်သူ့အကျိုး ဖော်ဆောင်ဖို့ အခွန်မှန်စွာ ပေးဆောင်စို့**

## ကျောက်မဲတောင်ကျေးရွာ၌ ကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်ပွဲကျင်းပ



**ထားဝယ် ဇွန် ၁၀**

ကျောင်းဆောင်သစ်ဆောက်လုပ်လှူဒါန်းခြင်းနှင့် ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ဇွန် ၆ ရက် နံနက်ပိုင်းက တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် မေတ္တာမြို့ ကျောက်မဲတောင်ကျေးရွာ မူလတန်းကျောင်း၌ ကျင်းပသည်။

အစီအစဉ်အရ တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမြတ်ကို၊ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဇော်လွင်၊ တိုင်းဒေသကြီး ပညာရေးမှူး ဦးထွန်းရီ၊ အလှူရှင် ဦးချန်ဦးနှင့်ဇနီးတို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားတွင် တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကိုက အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းဒေသကြီး ပညာရေးမှူးဦးထွန်းရီက ကျောင်းဆောင်သစ်ဆောက်လုပ်လှူဒါန်းခြင်းနှင့်ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် အလှူရှင် ဦးချန်ဦးက တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီး ပညာရေးမှူးတို့ထံ ကျောင်းဆောင်သစ် ဆောက်လုပ်ခြင်းနှင့်သက်ဆိုင်သော စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်သည်။

အဆိုပါ ကျောင်းဆောင်သစ်မှာ အလျား ပေ ၆၀၊ အနံ ပေ ၃၀၊ အမြင့် ၁၂ ပေ ရှိ သွပ်မိုး၊ အုတ်ကာ အင်္ဂတေခင်းဖြစ်ပြီး ငွေကျပ်သိန်း ၃၀၀ ကျော် ကုန်ကျခဲ့ကြောင်း သိရသည်။

**တင်စိုး(မြန်မာ့အလင်း)**

# ဧရာဝတီတိုင်းဒေသကြီးအတွင်းမှ မသန်စွမ်းသူများအတွက် ခြေတုများပေးအပ်ပွဲနှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် စီမံချက်မိတ်ဆက်ပွဲ ကျင်းပ

**ပုသိမ် ဇွန် ၁၀**

ရွှေမင်းသားဖောင်ဒေးရှင်း (မြန်မာ) နှင့် Latter-Day Saint Charities (LDSC) တို့ပူးပေါင်း၍ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မသန်စွမ်းသူများအတွက် ခြေတုများပေးအပ်ပွဲနှင့် Handicap International တို့ပူးပေါင်း၍ တိုင်းဒေသကြီးအတွင်းမှ မသန်စွမ်းသူများအတွက် အကောင်အထည်ဖော်မည့် စီမံချက်မိတ်ဆက်ပွဲကို ပုသိမ်မြို့တော်ခန်းမ၌ ဇွန် ၈ ရက်တွင် ကျင်းပသည်။

အခမ်းအနားသို့ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်နှင့်ဝန်ကြီးများ၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ) နှင့် အဖွဲ့အစည်းအသီးသီးမှ ပရောဂျက် မန်နေဂျာနှင့် တာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် မသန်စွမ်းသူများ တက်ရောက်ကြသည်။


ရွှေမင်းသားဖောင်ဒေးရှင်း ဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ တာဝန်ရှိသူတစ်ဦးကို အခမ်းအနားတွင် တွေ့ရစဉ်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်က မသန်စွမ်းသူများ ပြန်လည်ထူထောင်ရေးကိစ္စများတွင် ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ)၏ ဆောင်ရွက်ချက်များကို ဂုဏ်ယူဝမ်းမြောက်ကြောင်း အမှာစကားပြောကြားပြီး Latter – Day Saint Charities (LDSC)မှ စီမံကိန်းမန်နေဂျာ Mr. Tom Pett က တန်းတူညီမျှမှုရှိခြင်းနှင့် ဂုဏ်သိက္ခာရှိခြင်းအကြောင်း နှင့် Handicap International မှ Project Coordinator Mr. Caroline Guerin က ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ)နှင့် ပူးပေါင်း၍ ဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် မြို့မိမြို့ဖများက အလှူငွေများ ပေးအပ်ခဲ့ကြပြီး ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ)ဥက္ကဋ္ဌ ဦးမြတ်သူဝင်းက ဝမ်းမြောက်စကားပြောကြားကာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက မသန်စွမ်းသူများအား ခြေတုများ ပေးအပ်ခဲ့သည်။

**မောင်မောင်မြင့်(ပြန်/ဆက်)**

## သမဝါယမချေးငွေများ ထုတ်ချေး

**ပြင်ဦးလွင် ဇွန် ၁၀**

ပြင်ဦးလွင်ခရိုင်အတွင်းရှိ မြို့နယ်ခြောက်ခုမှ သမဝါယမအသင်းများသို့ ပံ့ပိုးချေးငွေများနှင့် အရစ်ကျစနစ်ဖြင့်ရောင်းချသည့် လယ်ယာသုံးစက်ကိရိယာများကို မြို့နယ်သမဝါယမအသင်းများထံသို့ တိုင်းဒေသကြီးအစိုးရအဖွဲ့က ဇွန် ၈ ရက်တွင် ပေးအပ်ခဲ့ကြောင်း သိရသည်။

ပြင်ဦးလွင်မြို့ မြို့တော်ခန်းမ၌ကျင်းပသည့် မြို့နယ်ခြောက်ခုအတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝမြင့်တင်ရေးအခမ်းအနား၌ မန္တလေးတိုင်းဒေသကြီး စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး ဦးအောင်ဇံက အမှာစကားပြောကြားပြီး တိုင်းဒေသကြီးသမဝါယမဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူးက သမဝါယမဝန်ကြီးဌာနနှင့် တိုင်းဒေသကြီးသမဝါယမဦးစီးဌာနတို့၏ ဆောင်ရွက်နေမှုများကို တင်ပြကာ တိုင်းဒေသကြီးသမဝါယမအသင်းစုချုပ် ဒုတိယဥက္ကဋ္ဌက သမဝါယမအသင်းစုချုပ်၏ လုပ်ငန်းဆောင်ရွက်မှုများကို တင်ပြသည်။

ထို့နောက် တိုင်းဒေသကြီး စီမံကိန်းနှင့်စီးပွားရေးဝန်ကြီးက သမဝါယမချေးငွေများကိုလည်းကောင်း၊ တိုင်းဒေသကြီးသမဝါယမဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးက အရစ်ကျငွေချေစနစ်ဖြင့် ရောင်းချသည့် စက်ကိရိယာများကိုလည်းကောင်း၊ တိုင်းဒေသကြီးသမဝါယမအသင်းစုချုပ် ဒုတိယဥက္ကဋ္ဌက လယ်ယာသုံးစက်ပစ္စည်းများကိုလည်းကောင်း မြို့နယ်သမဝါယမအသင်းဥက္ကဋ္ဌများထံသို့ လွှဲပြောင်းပေးအပ်ခဲ့ပြီး ပြင်ဦးလွင်မြို့နယ်မှ အသင်းသားတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။ **(၄၃၂)**

## ငဖဲမြို့နယ်၌ အခြေခံမဲဆန္ဒရှင်စာရင်းများ ကြေညာ

**ငဖဲ ဇွန် ၁၀**

နှစ်ကုန်ပိုင်းတွင်ကျင်းပမည့် ဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအတွက် ငဖဲမြို့နယ်အတွင်းရှိ ရပ်ကွက် နှစ်ခုနှင့် ကျေးရွာအုပ်စု ၃၃ ခုမှ မဲဆန္ဒရှင်စာရင်းများကို ကျေးရွာအုပ်ချုပ်ရေးမှူးရုံးများနှင့် ကျေးရွာခွဲများ၌ ဇွန် ၈ ရက်မှစတင်ကြေညာထားပြီဖြစ်ကာ ဇွန် ၂၁ ရက်အထိ ကြေညာထားမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါ မဲဆန္ဒရှင်စာရင်းကြေညာထားမှုကို ငဖဲမြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အတွင်းရေးမှူး၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ ဦးစီးအရာရှိနှင့် အဖွဲ့ဝင်များက လိုက်လံစစ်ဆေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**

## မဲဆန္ဒရှင်များဆိုင်ရာ အသိပညာပေးခြင်းသင်တန်းဖွင့်လှစ်

**ကလေး ဇွန် ၁၀**

Right & Peace Organization ၏ အဆက်အသွယ်ဖြင့် အလင်းစေတမန်စာကြည့်တိုက်နှင့် လူမှုအထောက်အကူပြု အသိပညာပြန့်ပွားရေးကွန်ယက်(Alinsaetamarn Library & Resource Center) (ရန်ကုန်)က ဦးဆောင်၍ မဲဆန္ဒရှင်များဆိုင်ရာ အသိပညာပေးခြင်း သင်တန်းကိုစစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ တောင်ဖီလာ ရပ်ကွက် နယ်မြေ(၆) သယံဇာတစောင့်ကြည့်ရေးအဖွဲ့ ရုံးခန်းမ၌ ဇွန် ၆ ရက်မှ ၈ ရက်အထိ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

“မကြာခင်ကျင်းပတော့မယ့် ရွေးကောက်ပွဲကြီးမှာ မဲဆန္ဒရှင်များဆိုင်ရာ သဘောထားအမြင်နဲ့ပတ်သက်ပြီး ပထမဦးဆုံးတက်ရောက်ရတဲ့ သင်တန်းဖြစ်တဲ့အတွက် အကျိုးတော်တော်များပါတယ်။ ရွေးကောက်ပွဲနဲ့ပတ်သက်ပြီး ကိုယ်တတ်နိုင်တဲ့ဘက်က ပါဝင်ခွင့်ရတဲ့အတွက်လည်း ကျေနပ်မိပါတယ်”ဟု ကြို့သုံးပင်ရပ်ကွက်မှ သင်တန်းတက်ရောက်သူ ကိုခုပ်ပေါင်ကပြောသည်။

အဆိုပါသင်တန်းတွင် အောင်မြင်သောမဲဆွယ်စည်းရုံးနည်း၊ မဲဆန္ဒရှင်များအားစူးစမ်းခြင်းနှင့် မဲပေးရန် လုပ်ဆောင်ခြင်းစသည့် ကိစ္စရပ်များကို အလင်းစေတမန်အဖွဲ့မှ ဒေါ်မြသန္တာနှင့် ဦးသိန်းမင်းစိုးတို့က သင်ကြားပို့ချခဲ့ပြီး လူမှုရေးအသင်းအဖွဲ့များနှင့် မြို့ပေါ်ရပ်ကွက်များမှ လူငယ်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ချင်းတွင်းသား**


မူးယစ်ဆေးဝါးတရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ်အဖြစ် မူးယစ်ဆေးဝါးအန္တရာယ်ကာကွယ်တားဆီးရေးပညာပေးဆိုင်းဘုတ်ကို ဗန်းမော်မြို့ အထက(၁)ကျောင်းရှေ့၌ ဇွန် ၈ ရက်က စိုက်ထူနေစဉ်။ ဝါဝါ(ဗန်းမော်)

STUDY OVERSEAS & CAREER FAIR 2015
နိုင်ငံတကာပညာရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းဆိုင်ရာပြပွဲ
Organized by: RVi INSTITUTE
Developing Management & Education Excellence
12th June 2015 | 12:00 NN to 4:00 PM | MCTA: RVi Academy Mandalay | 14th June 2015 | 10:00 am to 4:00 pm | Novotel Hotel Yangon
For registration, please call: 01-230 5998, 536 260, 09-252 483 600 | 02-733 25, 733 26, 09-201 1406

PUN HLAING SILOAM HOSPITALS
အလှအပနှင့်အရေပြားဆိုင်ရာ
ခွဲစိတ်ကုသမှုအစီအစဉ် (ထိုင်း)
ဇွန်လ (၁၇) ရက်နေ့မှ (၂၀) ရက်နေ့အထိ
မျက်ရစ်ဖော်ခြင်း
နှာတံပြုပြင်ခြင်း
အဆီပိုများကိုအဆီစုပ်စက်ဖြင့်ဖယ်ရှားပေးခြင်း
ရင်သားအလှပြုပြင်ခြင်း
မွေးရာပါနှုတ်ခမ်းကွဲပြုပြင်ခြင်း
လည်ပင်းအရေပြားတင်းအောင်ပြုပြင်ခြင်း
မျက်နှာအရေပြားတင်းအောင်ပြုပြင်ခြင်း
အဆီပိုများကိုခွဲစိတ်ပြုပြင်ခြင်း
မေးစေ့ပြုပြင်ခြင်း
LIKE US ON facebook Pun Hlaing Hospital
ဆက်သွယ်ရန် - ရန်ကုန် (၀၁) ၆၈၄၃၂၃၊ ၆၈၄၃၂၅၊ ၆၈၄၃၃၆၊ (၀၉) ၄၂၀၄၂၆၇၉၊ (၀၉) ၂၅၄၉၅၀၈၁၇ / မန္တလေး (၀၉) ၄၃၂၀၇၇၈၁ Email : marketing-phih@spa-mm.com

# ၂၀၁၅ ခုနှစ် ဘွဲ့တံဆိပ်တော်ရ ဆရာတော်၊ သီလရှင်ဆရာကြီးများအား ထပ်ဆင့်ဂုဏ်ပြုပူဇော်

**မုံရွာ ဇွန် ၁၀**

၂၀၁၅ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရဆရာတော်၊ သီလရှင်ဆရာကြီးများအား ထပ်ဆင့်ဂုဏ်ပြုပူဇော်ပွဲ ဂုဏပူဇာမဟာမင်္ဂလာကို စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့က ကြီးမှူး၍ မုံရွာမြို့ သာသနာ့ဗိမာန်တော်ကြီး၌ ဇွန် ၈ ရက်တွင် ကျင်းပခဲ့သည်။

ပူဇော်ပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဘွဲ့တံဆိပ်တော်ရ ဆရာတော်၊ သီလရှင်ဆရာကြီးများအား ဘွဲ့တံဆိပ်တော်များနှင့်လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကြသည်။

ပူဇော်ပွဲတွင် အဘိဇ မဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ဆရာတော်တစ်ပါး၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်ရ ဆရာတော်နှစ်ပါး၊ မဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်သုံးပါးနှင့် အခြားဘွဲ့တံဆိပ်တော်များရရှိသော ဆရာတော်ဆယ်ပါး၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ သီလရှင်ဆရာကြီးတစ်ပါးနှင့် အခြားဘွဲ့တံဆိပ်တော်များရရှိသော သီလရှင်ဆရာကြီးလေးပါးတို့အား ထပ်ဆင့်ဂုဏ်ပြုပူဇော်ခဲ့ကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**

# အခွန်ဆိုင်ရာလုပ်ငန်းစဉ်များ ရှင်းလင်းဆွေးနွေး

**ညောင်ရွှေ ဇွန် ၁၀**

၂၀၁၅ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဆိုင်ရာ ဥပဒေပြုပြင်ပြောင်းလဲမှုဆိုင်ရာ ရှင်းလင်းဆွေးနွေးပွဲကို ညောင်ရွှေမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခန်းမ၌ ဇွန် ၇ ရက်တွင် ကျင်းပခဲ့သည်။

ရှင်းလင်းပွဲတွင် အင်းတိုင်းရင်းသားရေးရာဝန်ကြီး ဦးဝင်းမြင့်က အမှာစကားပြောကြားပြီး ရှမ်းပြည်နယ် ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဂျွန်စိန်ဂီက ၂၀၁၅ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဆိုင်ရာ ဥပဒေပြုပြင်ပြောင်းလဲမှုနှင့် ဟိုတယ်စားသောက်ဆိုင်လုပ်ငန်းရှင်များမှ ပြေစာများတွင် အခွန်အမှတ်တံဆိပ်များ ကပ်နှိပ်၍ထုတ်ပေးစေရေးတို့ကို အသေးစိတ်ရှင်းလင်းဆွေးနွေးခဲ့သည်။

**နေမျိုးသူရိန်**

# ဘိန်းအစားထိုး နှစ်ချင်းသီးနှံမျိုးစေ့များ ပေးအပ်

**မိုင်းဖြတ် ဇွန် ၁၀**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းဖြတ်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုငါးခုမှ တောင်သူများအား ဘိန်းအစားထိုး နှစ်ချင်းသီးနှံမျိုးစေ့များကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၊ ဘုရင့်နောင်ခန်းမ၌ ဇွန် ၇ ရက်တွင် ပေးအပ်ခဲ့ကြောင်း သိရသည်။

သီးနှံမျိုးစေ့ပေးအပ်ပွဲတွင် မြို့နယ်မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်ကျော်က အမှာစကားပြောကြားသည်။ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးသန်းထွန်းလွင်က မိုင်းဖြတ်မြို့နယ်၌ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများအား ယင်းမာအထူးစီမံချက် လူထုလှုပ်ရှားမှုအသွင်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ မူးယစ်ဆေးဝါးတားဆီးတိုက်ဖျက်ရေးဆောင်ရွက်မှုတစ်ခုအဖြစ် ဘိန်းအစားထိုး နှစ်ချင်းသီးနှံမျိုးစေ့များ ပေးအပ်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အထူးအထွက်တိုး ပုလဲသွယ်စပ်မျိုးစပါး ကီလို ၇၀၀၊ ဓာတ်မြေဩဇာ(ယူရီးယား၊ ကွန်ပေါင်း) ၅၀ အိတ်၊ လက်ဖက်စိုက်ခင်း တစ်ဧကအတွက် ပျိုးပင် ၅၄၅၀ ကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်ကျော်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်လွင်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးသန်းထွန်းလွင်နှင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့၊ တပ်ဖွဲ့စု(၃၀)တာချီလိတ်မှ ရဲအုပ်ကျော်သူတို့က မိုင်းဖြတ်ကျေးရွာအုပ်စု၊ နန့်ပန်ကျေးရွာအုပ်စု၊ ဟွေလျှိုကျေးရွာအုပ်စု၊ မိုင်းတင်းကျေးရွာအုပ်စုနှင့် လန်းဆတ်ကျေးရွာအုပ်စုများမှ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများထံပေးအပ်ခဲ့သည်။

သီးနှံမျိုးစေ့ပေးအပ်ပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနကလည်း မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေး နံရံကပ်စာစောင်နှင့် ဓာတ်ပုံများကို ပြသခဲ့ကြောင်း သိရသည်။

**(မြို့နယ်ပြန်/ဆက်)**




# မူးယစ်ဆေးဝါးတိုက်ဖျက်ရေး ဆိုင်းဘုတ်များစိုက်ထူ

**ကလေး ဇွန် ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ ရဲတပ်ဖွဲ့နှင့် မူးယစ်တပ်ဖွဲ့တို့ပူးပေါင်း၍ မူးယစ်ဆေးဝါးတိုက်ဖျက်ရေး လှုံ့ဆော်မှုဆိုင်းဘုတ်များကို ကလေးမြို့ပတ်ဝန်းကျင်နှင့် တက္ကသိုလ်များ၊ ကျေးရွာများတွင် လိုက်လံစိုက်ထူလျက်ရှိကြောင်း သိရသည်။

"ဆေးရုံရယ် ကားကြီးကွင်းရယ် ကလေးတက္ကသိုလ်ရယ် ကလေးကွန်ပျူတာတက္ကသိုလ်ရယ်၊ ဗိုလ်ချုပ်လမ်းနဲ့ ဒိုးဝိုင်းချောင်းသွားတဲ့ လမ်းထောင့်မှာရယ် ဆိုင်းဘုတ်တွေစိုက်မယ်။ နောက်ပြီးတော့ ပြည်တော်သာရွာ လက်ပံချောင်း၊ နတ်ချောင်းနဲ့ တင်သားရွာတွေမှာလည်း စိုက်ထူမယ်။ နောက်ပြီး မူးယစ်ဆေးဝါးပပျောက်ရေးအတွက် အဖွဲ့စုံဆင်းပြီး ဟောပြောပွဲတွေလုပ်နေပါတယ်။ ကျေးရွာတွေ ရပ်ကွက်တွေအထိလိုက်ပြီး ပညာပေးဟောပြောပွဲတွေ လုပ်ပါတယ်"ဟု မူးယစ်ရဲတပ်ဖွဲ့မှ ဒုရဲမှူးလှထွေးကပြောသည်။ **သျှင်နေမင်း**

# နွားထိုးကြီးမြို့နယ်၌ မဲဆန္ဒရှင်စာရင်းများ ကြေညာ

**နွားထိုးကြီး ဇွန် ၁၀**

အထွေထွေရွေးကောက်ပွဲအတွက် မဲဆန္ဒရှင်စာရင်းများကို မြို့နယ်များတွင် စတင်ကြေညာလျက်ရှိရာ နွားထိုးကြီးမြို့နယ်အတွက် မဲဆန္ဒရှင်စာရင်းများကိုလည်း မြို့နယ်အတွင်းရှိ ရပ်ကွက်ကျေးရွာများတွင် ဇွန် ၈ ရက်တွင် စတင်ကြေညာထားပြီဖြစ်ကြောင်း သိရသည်။

နွားထိုးကြီးမြို့နယ်အတွင်း မဲရုံ ၂၀၉ ရုံ၌ မဲဆန္ဒပေးရမည့် စာရင်းကိုကြေညာထားပြီး မဲဆန္ဒပေးနိုင်သူဦးရေ ၁၅၁၁၁၄၉ ဦးရှိကြောင်း သိရသည်။ မဲဆန္ဒရှင်စာရင်းကို ဇွန် ၂၁ ရက်အထိ ကြေညာထားမည်ဖြစ်သည်။

**ခင်ဇာမွန်မြင့်(ဥပဒေ)**

# ဖျာပုံမြို့နယ်၌ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို မြို့နယ်ကျန်းမာရေးဦးစီးဌာနနှင့် ဒေသခံပြည်သူများ ပူးပေါင်းဆောင်ရွက်

**ဖျာပုံ ဇွန် ၁၀**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့နယ်အတွင်း သွေးလွန်တုပ်ကွေးရောဂါ မဖြစ်ပွားစေရေးအတွက် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများက ဒေသခံပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်းနှင့် မိုးရာသီကာလတစ်လျှောက်လုံး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ဖျာပုံမြို့နယ်သည် နှစ်စဉ်မိုးရာသီကာလတစ်လျှောက်တွင် သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားလေ့ရှိပြီး ဖြစ်ပွားနှုန်းမများစေရန် ထိန်းသိမ်းဆောင်ရွက်လျက်ရှိရာ သွေးလွန်တုပ်ကွေးကာကွယ်ရေးလုပ်ငန်းများကို ပြည်သူများနှင့်အတူ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြို့ပေါ်ရပ်ကွက်များမှ အုပ်ချုပ်ရေးမှူးများပူးပေါင်း၍ အပတ်စဉ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ သွေးလွန်တုပ်ကွေးကာကွယ်ရေးလုပ်ငန်းများအဖြစ် အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်းတွင် ပတ်ဝန်းကျင်သန့်ရှင်းရေး၊ ပိုးလောက်လန်းနှိမ်နင်းရေး၊ ခြင်ဆေးဖျန်းခြင်းနှင့် ကျန်းမာရေးပညာပေးသင်တန်းများကိုလည်းကောင်း၊ စနေနေ့တိုင်းတွင် ရပ်ကွက်များအတွင်းမှ သွေးလွန်တုပ်ကွေးလူနာများအား ရှာဖွေဖော်ထုတ်ကုသခြင်းကိုလည်းကောင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ဖျာပုံမြို့ပေါ် ရပ်ကွက်များအတွင်း ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်ရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်မှု ပိုမိုလုပ်ဆောင်သွားမည်ဖြစ်ကြောင်းနှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနကလည်း အဘိတ်ဆေးခတ်ရန်လိုအပ်သောနေရာများကို ဆေးခတ်ခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ချမ်းသာ(ဖျာပုံ)**

# ဆိပ်ဖြူမြို့နယ်တွင် မဲဆန္ဒရှင်စာရင်းကြေညာ

**ဆိပ်ဖြူ ဇွန် ၁၀**

နှစ်ကုန်ပိုင်းတွင် ကျင်းပမည့် ရွေးကောက်ပွဲအတွက် မကွေးတိုင်းဒေသကြီး၊ ဆိပ်ဖြူမြို့နယ်အတွင်း ရပ်ကွက်ကျေးရွာများ၌ မဲဆန္ဒရှင်စာရင်းများကို ဇွန် ၈ ရက်မှစ၍ ဇွန် ၂၁ ရက်အထိ ကြေညာထားမည်ဖြစ်ကြောင်း သိရသည်။

ထုတ်ပြန်ကြေညာသည့် စာရင်းအရ ဆိပ်ဖြူမြို့နယ် အတွင်းရှိ ရပ်ကွက်ကျေးရွာပေါင်း ၁၃၈ ခု၌ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူဦးရေ ၇၃၄၁၄ ဦးရှိကြောင်း၊ မဲရုံ ၉၈ ရုံနှင့် ချင်းတိုင်းရင်းမဲရုံတစ်ရုံ စုစုပေါင်းမဲရုံ ၉၉ ရုံ ရှိကြောင်း သိရှိရသည်။

**စိုးလင်းနိုင်(iprd)**

ရှင်သာမဏေစမ္မဗိမာန်

ပါမောက္ခဒေါက်တာမင်းတင်မွန်၏ အဘိဓမ္မာအထူးအသုံးချသင်တန်း

သင်္ဂြိုဟ်ကိုးပိုင်းကို အလွယ်ဆုံး အရှင်းဆုံးနည်းဖြင့် အသုံးချမှုနှင့်တကွ သုံးလအပြီးသင်မည်၊ စာမေးပွဲ ဖြေဆိုနိုင်မည်၊ ဇွန်လ(၁၄)ရက် တနင်္ဂနွေနေ့မှစ၍ အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တိုင်း မွန်းလွဲ(၁း၀၀)နာရီမှ (၄း၃၀)နာရီထိ ရှင်သာမဏေစမ္မဗိမာန်၊ ရွှေတိဂုံစေတီတော်အရှေ့ဘက်အနီး၊အာဇာနည်လမ်း ဗဟန်းမြို့နယ်တွင် စိတ်ဝင်စားဖွယ် အကောင်းဆုံး, အဖိုးတန်ဆုံး ပညာကို အားတက်သရော သင်ယူကြပါရန် ဖိတ်ကြားအပ်ပါသည်။ ဖုန်း ၃၈၇၃၆၁

မွေးနေ့ဆုမွန်

မွန်ပြည်နယ်၊ ရေးမြို့၊ အ.ထ.က(၁)၊ Grade 11 မှ သမီး မဖြိုးသူသူခိုင် ၏ ၁၁-၆-၂၀၁၅ နေ့တွင် ကျရောက်သော ၁၅- နှစ်မြောက်မွေးနေ့မှစ၍ ထူးချွန် ကျန်းမာ စိတ်ချမ်းသာ၍ လောကအလှဆင်သူ ဖြစ်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

မေမေ - ဒေါ်ချိုချို

LCCI ACCOUNTING CLASS
ဦးဆန်းဇော်အောင် B.Com, CPA
JUNE 20 ဖွင့်မည်
USA COMMERCIAL SCHOOL
ဘိုကဲ၄အခန်း၂၄ပြည်တော်သစ်အိမ်ရာ၊အောက်ပုဇွန်တောင်လမ်းမကြီး
ဖုန်း ၂၉၁၃၂၉၊ ၀၉-၄၂၁၀-၂၀၂၁၅၊၀၉-၈၇၀၇-၆၂၁၂၀
၀၉-၃၁၄-၈၀၈၈၄

ဒေါ်ယုယုမြင့်
ACCA CIMA DIP IFR LCCI
Auto Count Job Training Corporate Training
◆ အမှတ်(၄၅)၊ ပထမထပ်၊ ၁၂-လမ်း(အလယ်)၊ လမ်းမတော်မြို့နယ်။
◆ အမှတ်(၁၁၇)၊ ၅-ထပ်၊ စဥ့်အိုးတန်းလမ်း (အထက်)၊ (၁၈လမ်းနှင့် ၁၉လမ်းကြား)၊ လသာမြို့နယ်။
◆ အမှတ်(၁၅/၁၇)၊ Level 7, MTP Condo၊ ဦးထွန်းလင်းခြံလမ်းထိပ်၊ ရန်ကုန်-အင်းစိန်လမ်းမ၊ လှည်းတန်း-ကမာရွတ်မြို့နယ်။
09 795940344, 09 73030977, 09 5014563

MCC APP
ANDROID APP ON Google play
MCC Quiz
ဝင်ရောက်ယှဉ်ပြိုင်ကြပါစို့
www.facebook.com/mcc.institute
(၂၀၁၄-၂၀၁၅) ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းဖြေဆိုအောင်မြင်ပြီးသော ကျောင်းသူ/ကျောင်းသားများပျော်ရွှင်ဖွယ်ရာအတွက် Singapore (SEA GAME) ၌ ကျင်းပပြုလုပ်လျက်ရှိသည့် ဘောလုံးပြိုင်ပွဲရလာဒ်များကို MCC ညဏ်စမ်းပဟေဠိပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရင်း ငွေသားဆုများကိုရယူနိုင်ပါသည်။ MCC ညဏ်စမ်းပဟေဠိပြိုင်ပွဲနှင့်ပတ်သက်သော အကြောင်းအရာ၊ အချက်အလက်များကို နေ့စဉ် Facebook တွင်ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

# မြို့နယ်အခြေပြု ဆရာအတတ်ပညာအထူးသင်တန်းဆင်းပွဲ ကျင်းပ

**တာချီလိတ် ဇွန် ၁၀**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ် ပညာရေးမှူး၏စီစဉ်မှုဖြင့် ဖွင့်လှစ်ခဲ့သည့် မြို့နယ်အခြေပြု ဆရာအတတ်ပညာ အထူးသင်တန်းဆင်းပွဲကို တာချီလိတ်မြို့ရှိ သွယ် Hotpot Drong ခန်းမ၌ ဇွန် ၈ ရက်တွင် ကျင်းပခဲ့သည်။

သင်တန်းကို တာချီလိတ်မြို့ ရန်အောင်မြေ(၁)အခြေခံပညာ မူလတန်းကျောင်း၌ မေ ၄ ရက်မှ ဇွန် ၈ ရက်အထိ ဖွင့်လှစ်ခဲ့ပြီး သင်တန်းဆရာ ၁၃ ဦးက မြန်မာ၊ အင်္ဂလိပ်၊ သင်္ချာ၊ လူမှုရေးသိပ္ပံ၊ ပညာရေးသဘောတရားနှင့် ပညာရေး စိတ်ပညာစသည့် အဓိက ဘာသာရပ်များနှင့် ကာယ၊ ပန်းချီ၊ အိမ်တွင်းမှု၊ စက်မှုလက်မှု၊ စိုက်ပျိုးရေး၊ ဂီတ စသည့် ဖွံ့ဖြိုးရေးဘာသာရပ်များကို ကဏ္ဍအလိုက် ပို့ချခဲ့ကြောင်း သိရသည်။ ပညာရေးမူဝါဒအရ မူလတန်းအဆင့်ကျောင်းနေရွယ် ကလေးများအားလုံး ကျောင်းနေနိုင်ရန်အတွက် နည်းစနစ်မှန်ကန်စွာ သင်ကြားပြသနိုင်သော ဆရာဆရာမကောင်းများ ပေါ်ထွက်လာနိုင်ရေးအတွက် ရည်ရွယ်၍ သင်တန်းဖွင့်လှစ်ခြင်းဖြစ်ကာ တာချီလိတ်၊ တာလေ၊ မိုင်းဖြတ်နှင့် ကျိုင်းလပ်မြို့နယ်မှ သင်တန်းသား ခြောက်ဦးနှင့် သင်တန်းသူ ၅၃ ဦးတက်ရောက်ခဲ့ကြောင်း၊ သင်တန်းအောင်မြင်သူများသည် သင်တန်းဆင်းလက်မှတ်ရရှိပြီးနောက် ပညာရေးဌာနမှ လိုအပ်ချက်အရ နယ်စွန်နယ်ဖျား ဝေလံသောဒေသများမှကျောင်းများတွင် တာဝန်ထမ်းဆောင်ရမည်ဖြစ်ကြောင်း သိရသည်။

သင်တန်းဆင်းပွဲတွင် တာချီလိတ်မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်းက အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဦးစိန်ထွန်းလှက သင်တန်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ထို့နောက် နယ်စွန်နယ်ဖျားမြို့များဖြစ်သော နမ်းဆီး၊ ကျခမ်းဆောင်နှင့် နမ့်ငေါ့ ကျေးလက်ဒေသများမှ ထူးချွန်ဆုရ သင်တန်းသား သုံးဦးအား ဆုချီးမြှင့်ပြီးနောက် ခရိုင်အဆင့်သင်တန်းဆင်းလက်မှတ်နှင့် မြို့နယ်အဆင့် သင်တန်းဆင်းလက်မှတ်များကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးက သင်တန်းသားများအား ပေးအပ်ခဲ့သည်။ သင်တန်းဆင်းပွဲသို့ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ပညာရေးမှူး၊ မြို့နယ်အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးကြည်မြင့်၊ လူမှုရေးအသင်းအဖွဲ့များနှင့် တာချီလိတ်၊ မိုင်းဖြတ်၊ တာလေ၊ ကျိုင်းလပ်မြို့နယ်များမှ ဆရာဆရာမများနှင့် သင်တန်းသားသင်တန်းသူများ တက်ရောက်ခဲ့ကြသည်။

**မြင့်မိုရ်(တာချီလိတ်)**



# ပလတ်စတစ်အမှိုက်များကို စုပေါင်းသန့်ရှင်းရေးဆောင်ရွက်



**တောင်သာ ဇွန် ၁၀**

တောင်သာမြို့နယ် မြင်းခြံ-မိတ္ထီလာလမ်းရှိ ဇဂျမ်းလမ်းပိုင်းမှ ကြွပ်ကြွပ်အိတ်နှင့် ပလပ်စတစ်အမှိုက်များကို ဇွန် ၆ ရက်တွင် စုပေါင်းကောက်ယူရှင်းလင်းခဲ့ကြောင်း သိရသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှဝန်ထမ်းများ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာရေးဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများက စုပေါင်း၍ အမှိုက်သိမ်းယာဉ်နှစ်စီးဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ပြီးနောက်တွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ညွှန့်က ရပ်ကွက်နေပြည်သူများအား ကြွပ်ကြွပ်အိတ်နှင့် ပလပ်စတစ်များ၏ ဆိုးကျိုးများနှင့် အမှိုက်များစနစ်တကျ စွန့်ပစ်ရေးတို့ကိုလည်း ဆွေးနွေးပြောကြားခဲ့သည်။

**ကျော်မျိုးနိုင်(တောင်သာ)**

# ပြင်ဦးလွင်ခရိုင်၌ မဲဆန္ဒရှင်စာရင်းများ ကြေညာ

**ပြင်ဦးလွင် ဇွန် ၁၀**

နှစ်ကုန်ပိုင်းတွင်ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအတွက် ပြင်ဦးလွင်ခရိုင်အတွင်း မြို့နယ် ၆ မြို့နယ်ရှိ ရပ်ကွက်ကျေးရွာများမှ မဲဆန္ဒရှင်စာရင်းများကို ဇွန် ၆ ရက်တွင် စတင်အသိပေးကြေညာထားကြောင်း သိရသည်။

ပြင်ဦးလွင်မြို့နယ်စာရင်းများအရ ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီးငါးခုရှိ မဲရုံ ၇ ရုံတွင် ဆန္ဒမဲပေးခွင့်ရှိသူ ကျား ၂၉၁၂ ဦး၊ မ ၃၈၆၇ ဦး၊ စုစုပေါင်း ၆၇၇၉ ဦးရှိကြောင်းသိရှိရသည်။ ဆန္ဒမဲပေးခွင့်ရှိသူများအနေဖြင့် မိမိအမည်ပါဝင်ခြင်း ရှိ မရှိ ၊ အမည်၊ ကျား/မ၊ မွေးသက္ကရာဇ်၊ မှတ်ပုံတင်အမှတ်၊ မိဘအမည်၊ နေရပ်လိပ်စာတို့ မှန်ကန်ခြင်း ရှိ မရှိတို့ကို စစ်ဆေးပြီး မဲစာရင်းတွင်ပါရှိသော ပုဂ္ဂိုလ်တစ်ဦးဦးကို ကန့်ကွက်လိုလျှင်သော်လည်းကောင်း၊ ပြင်ဆင်လိုလျှင်သော်လည်းကောင်း၊ ကိုယ်တိုင်ဖြစ်စေ၊ စာဖြင့်လွှဲအပ်သော ကိုယ်စားလှယ်ဖြင့်ဖြစ်စေ ပြင်ဆင်လွှာ (သို့မဟုတ်) ကန့်ကွက်လွှာနှင့်အတူ ရပ်ကွက်/ကျေးရွာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့ ဇွန် ၂၀ ရက်အထိ လာရောက်လျှောက်ထားနိုင်ကြောင်း သိရသည်။

**(၄၃၂)**






# နယ်သာလန်၊ အီတလီတို့ ရန်းကန်ရမယ့် ယူရိုခြေစစ်ပွဲ

မိုးမြင့်လင်းလက်

ယူအီးအက်ဖ်အေ ယူရို ၂၀၁၆ ခြေစစ်ပွဲတွေကို ဇွန် ၁၂ ရက်မှာ စတင်ယှဉ်ပြိုင်ကစားကြတော့မှာဖြစ်ပါတယ်။ အုပ်စု (A) ရဲ့ ကာဇက်စတန်နဲ့ တူရကီ၊ အိုက်စလန်နဲ့ ချက်၊ လတ်ဗီးယားနဲ့ နယ်သာလန်တို့ ယှဉ်ပြိုင်ကြမှာဖြစ်သလို အုပ်စု (H)ရဲ့ ခရိုအေးရှားနဲ့ အီတလီ၊ နော်ဝေနဲ့ အဇာဘိုင်ဂျန်တို့ပွဲကလည်း ပွဲကောင်းတွေ ဖြစ်နေပြန်ပါတယ်။

### ကာဇက်စတန်နှင့် တူရကီ

ဒီနှစ်အသင်းရဲ့ နောက်ဆုံးတွေ့ဆုံမှုပွဲစဉ်မှာတော့ တူရကီက သုံးဂိုး-တစ်ဂိုးနဲ့ နိုင်ပွဲရထားပါတယ်။ တူရကီအသင်းဟာ ကစားသမားစုဖွဲ့မှု မှန်ကန်နေပြီး အသင်းလိုက်နားလည်မှုရှိရှိနဲ့ ကစားတတ်တာမို့ နောက်ဆုံးငါးပွဲကစားခဲ့တဲ့ ရလဒ်ကို ကြည့်ရင် ဘရာဇီးအသင်းကို လေးဂိုးပြတ် ရှုံးနိမ့်ခဲ့တာကလွဲပြီး လူဇင်ဘတ်၊ ကာဇက်စတန်တို့ကို နိုင်ပွဲရကာ နယ်သာလန်နဲ့ လတ်ဗီးယားကို သရေပွဲရအောင် ကစားနိုင်ပါတယ်။ ကာဇက်စတန်တို့ကတော့ ရှုံးပွဲတွေ ဆက်တိုက်ကြုံတွေ့နေရလို့ အခုပွဲလည်း တူရကီကို အနိုင်ရဖို့ မလွယ်ပါဘူး။

### အိုက်စလန်နှင့် ချက်

ခြေစွမ်းပြနိုင်လာတဲ့ ချက်အသင်းဟာ စလိုဗက်ကီးယားကို ရှုံးပြီး လတ်ဗီးယားကို သရေပွဲဖြစ်ထားပါတယ်။ တူရကီ၊ ကာဇက်စတန်နဲ့ လတ်ဗီးယားကို အနိုင်ရထားတဲ့ ချက်အသင်းဟာ အိုက်စလန်နဲ့ နောက်ဆုံးတွေ့ဆုံခဲ့တဲ့ ၂၀၁၄ ခုနှစ် နိုဝင်ဘာလမှာနှစ်ဂိုးတစ်ဂိုးနဲ့ ရှုံးထားခဲ့ပါတယ်။ ကနေဒါနဲ့ ကာဇက်စတန်တို့ကို အနိုင်ကစားထားတဲ့ အိုက်စလန်ဟာ အခုပွဲမှာ အနိမ့်ဆုံး သရေ ရလဒ်ကို ရအောင်အားထုတ်ပါလိမ့်မယ်။

### လတ်ဗီးယားနှင့် နယ်သာလန်

ပြီးခဲ့တဲ့ မတ်လက စပိန်ကို နှစ်ဂိုးပြတ်နဲ့ အနိုင်ကစားခဲ့တဲ့ နယ်သာလန်အသင်းဟာ အခု ဇွန် ၅ ရက်က အမေရိကန်နဲ့ကစားတဲ့အခါ သုံးဂိုးလေးဂိုးနဲ့ ရှုံးခဲ့တာမို့ နယ်သာလန်ရဲ့ ခြေစွမ်းက ယုံစားရခက်ခက်ပါပဲ။ ဒါပေမယ့် တိုက်စစ်အားကောင်းတဲ့ နယ်သာလန်ဟာ လောလောဆယ်မှာ စွမ်းဆောင်မှုကျဆင်းနေတဲ့ လတ်ဗီးယားကိုတော့ အနိုင်ကစားပါလိမ့်မယ်။ ပြီးခဲ့တဲ့နှစ်က တွေ့ဆုံတဲ့ပွဲမှာ နယ်သာလန်က လတ်ဗီးယားကို ခြောက်ဂိုးပြတ် နိုင်ပွဲရထားတာမို့ အခုပွဲမှာလည်း ဂိုးမပြတ်ပေမယ့် အနိုင်က နယ်သာလန်ဖြစ်ပါလိမ့်မယ်။

### ခရိုအေးရှားနှင့် အီတလီ

အုပ်စု (H) မှာတော့ ခြေစွမ်းပုံမှန်ရနေတဲ့ အီတလီတို့အထ‌ေ့နေဆဲပါပဲ။ လျှင်မြန်မှုကို အားပြုကစားတတ်တဲ့ ခရိုအေးရှားကြောင့် အီတလီတို့ အမှားတွေဖြစ်ပေါ်နိုင်ပါတယ်။ ဒီနှစ်သင်းရဲ့ နောက်ဆုံးကစားခဲ့တဲ့ ရလဒ်ကိုကြည့်ရင် တစ်ဂိုးစီ သရေပွဲဖြစ်ထားပြီး လက်ရှိခြေစွမ်းပိုင်းမှာလည်း နော်ဝေကို ငါးဂိုးသွင်းပြီး နိုင်ပွဲယူထားတဲ့ ခရိုအေးရှားရဲ့ ကစားအားကြောင့် သရေပွဲဖြစ်ကာ တစ်မှတ်စီ ခွဲယူရနိုင်ပါတယ်။

### နော်ဝေနှင့် အဇာဘိုင်ဂျန်

ဆားဘီးယားကို လေးဂိုး-တစ်ဂိုးနဲ့ ရှုံးထားတဲ့ အဇာဘိုင်ဂျန်ရဲ့ ခြေစွမ်းက အတက်အကျ မြန်လွန်းနေပါတယ်။ မော်လ်ဒိုက်ကို နိုင်ပေမယ့် နော်ဝေ၊ ခရိုအေးရှားနဲ့ အီတလီတို့ကို ရှုံးပွဲဆက်တိုက်ကြုံထားတဲ့ အဇာဘိုင်ဂျန်ဟာ အခုပွဲမှာ သရေရလဒ်ထက် ပိုပြီးမျှော်မှန်းလို့ မရနိုင်ပါဘူး။ ခရိုအေးရှားကိုရှုံးခဲ့လို့ နိုင်ပွဲပြန်ရှာမယ့် နော်ဝေအသင်းရဲ့အားထုတ်မှုအပေါ် ယုံကြည်မှုအပြည့်နဲ့ အားပေးရပါလိမ့်မယ်။






# အာဆင်နယ်မှာသာ ကစားလိုတဲ့ ပိုဒေါ့စကီး

ပြီးခဲ့တဲ့ရာသီက အင်တာမီလန်မှာ အငှားသွားရောက် ကစားခဲ့ရတဲ့ ပိုဒေါ့စကီးဟာ လာမယ့် ရာသီမှာ အာဆင်နယ်နဲ့အတူကစားဖို့ မျှော်လင့်ထားတယ်လို့ဆိုပါတယ်။ ဂျာမနီတိုက်စစ်မှူး ပိုဒေါ့စကီးဟာ အီတလီမှာ သွားရောက်ကစားရတာ မပျော်ဘူးလို့ ဆိုပါတယ်။ သူ့အနေနဲ့ အာဆင်နယ်အသင်းနဲ့ပဲ ကစားချင်နေတာပါ။ သို့ ပေမယ့် အမ်းမရိတ်မှာ အောင်မြင်မှု မရခဲ့ပါဘူး။ ရေပန်းစားမှု နည်းခဲ့ပါတယ်။ ရာသီတစ်ဝက်လောက် စီးရီးအေမှာ ၁၇ ပွဲ ပါဝင်ကစားခဲ့ရာမှာ တစ်ဂိုးသာ သွင်းယူပေးနိုင်ခဲ့ပါတယ်။ အသက် ၃၀ အရွယ်ရှိတဲ့ ပိုဒေါ့စကီးဟာ လက်ရှိ အာဆင်နယ်နဲ့ စာချုပ်သက်တမ်း တစ်နှစ် ကျန်ပါသေးတယ်။ သူ့အနေနဲ့ လာမယ့်ရာသီမှာ အာဆင်နယ်နဲ့ အတူ ကစားလိုတယ်လို့ ဆိုပါတယ်။ ပိုဒေါ့စကီးက သူ့အနေနဲ့ အာဆင်နယ်အတွက် ဂိုးတွေရဖို့ အကောင်းဆုံး ကစားပေးနိုင်ပါတယ်လို့ ဆိုပါတယ်။ ပိုဒေါ့စကီးဟာ ၂၀၁၂ ခုနှစ်က ဘွန်ဒက်စ်လီဂါကလပ် ကိုလုံးမှ အာဆင်နယ်သို့ ပြောင်းရွှေ့ခဲ့ပြီး ပထမဆုံး အာဆယ်နယ်မြေသို့ ခြေချခဲ့တဲ့ ရာသီမှာ ၁၁ ဂိုးသွင်းယူပေးခဲ့ပါတယ်။ သို့ပေမယ့် ၂၀၁၄-၂၀၁၅ ရာသီမှာတော့ ဇန်နဝါရီလက အင်တာမီလန်သို့ မပြောင်းမီ ခုနစ်ပွဲ ကစားရာမှာ ဂိုးသွင်းပေးနိုင်ခဲ့ခြင်း မရှိပါဘူး။

# လီဗာပူးတိုက်စစ်မှူးဖြစ်လာတော့မယ့် ဒန်နီအင်း

လီဗာပူးက ဘန်လေတိုက်စစ်မှူး ဒန်နီအင်းကို စာချုပ်ဖို့ အတည်ပြုလိုက်ပြီဖြစ်ပါတယ်။ အသက် ၂၁ နှစ်အောက် အင်္ဂလန်တိုက်စစ်မှူး ဒန်နီအင်းဟာ ဘန်လေနဲ့ စာချုပ်သက်တမ်းကုန်ဆုံးသွားပြီဖြစ်လို့ ဇူလိုင် ၁ ရက်မှာ အန်ဖီးလ်သို့ ဆေးစစ်ဆေးမှုခံယူဖို့ ရောက်ရှိလာတော့မှာဖြစ်ပါတယ်။ သို့ပေမယ့် ကလပ်အသင်းနှစ်ခုအနေနဲ့ စာချုပ်သက်တမ်းကိစ္စကိုတော့ သဘောတူညီချက် မရသေးဘူးလို့ ဆိုပါတယ်။ အသက် ၂၂ နှစ်ရှိပြီဖြစ်တဲ့ ဒန်နီအင်းဟာ ဒီနှစ် ပရီမီယာလိဂ် ၁၁ ဂိုးသွင်းယူထားပါတယ်။ သို့ပေမယ့် အသင်းကို တန်းဆင်းဇုန် လွတ်မြောက်အောင် တားဆီးနိုင်ခဲ့ခြင်းမရှိခဲ့ပါဘူး။ ဘုန်းမောက်တိုက်စစ်မှူးဟောင်း ဒန်နီအင်းဟာ လွန်ခဲ့တဲ့ သီတင်းပတ်က မန်စီးတီးမှ ဂျိမ်းမီနာကို ခေါ်ယူလိုက်ပြီးနောက် ဒုတိယမြောက် ခေါ်ယူထားတဲ့ ကစားသမားဖြစ်လာခဲ့ပါတယ်။ ဒန်နီအင်းဟာ ဘုန်းမောက်အသင်းမှ ပေါင်တစ်သန်းနဲ့ ရောက်လာပြီး လေးနှစ်တာကာလအတွင်း ပွဲပေါင်း ၁၃၀ မှာ ၄၃ ဂိုးအထိ သွင်းယူပေးနိုင်ခဲ့တဲ့ တိုက်စစ်မှူးဖြစ်ပါတယ်။




ကောင်းမြတ်သူ စုစည်းသည်

# ဝက်စ်ဟမ်းနည်းပြသစ် မကြာမီခန့်မည်



ဝက်စ်ဟမ်းအသင်းအနေနဲ့ နည်းပြသစ်ရာထူးလျှောက်ထားသူများကို အင်တာဗျူးနေပြီဖြစ်ရာ မကြာမီကာလအတွင်း နည်းပြသစ်ခန့်အပ်နိုင်တော့မယ်လို့ အသင်းတာဝန်ရှိသူတွေက ပြောလိုက်ပါတယ်။ ဝက်စ်ဟမ်းအသင်းအနေနဲ့ လေးနှစ်ကြာတာဝန်ထမ်းဆောင်ပြီး ရာထူးမှ နုတ်ထွက်သွားတဲ့ နည်းပြဆမ်အလာဒိုက်ရဲ့ နေရာမှာ ခန့်အပ်မှာ ဖြစ်ပါတယ်။ ဝက်စ်ဟမ်းအသင်းဟာ ယခုနှစ်ရာသီမှာ ပရီမီယာလိဂ် အမှတ်ပေးဇယား ၁၂ နေရာအထိ တက်လှမ်းနိုင်ခဲ့ပါတယ်။

# ဖီအိုရင်တီးနားနည်းပြ မွန်တဲလား ရာထူးမှထုတ်ပယ်ခံရ

ဖီအိုရင်အသင်းနည်းပြ ဗင်စင်ဇို မွန်တဲလားအားအသင်းက အလုပ်ဖြုတ်လိုက်ပြီဖြစ်ပါတယ်။ အသက် ၄၀ အရွယ်သာရှိသေးတဲ့ နည်းပြ မွန်တဲလားရဲ့ လက်ရှိစာချုပ်မှာ နှစ်နှစ်ကျန်ရှိနေပါသေးတယ်။ သူဟာ ဖီအိုရင်တီးနားအသင်းကို စီးရီးအေဇယားနံပတ် ၄ နေရာသို့ ပို့ပေးခဲ့သူလည်း ဖြစ်ပါတယ်။ သို့ပေမယ့် နာပိုလီနဲ့ အေစီမီလန်တို့က သူ့ကိုဆက်သွယ်ခဲ့အတွက် နည်းပြအဖြစ်မှ ထုတ်ပယ်ခဲ့တယ်လို့ ဆိုပါတယ်။ ဖီအိုရင်တီးနားတာဝန်ရှိသူတွေက နည်းပြသစ်အမြန် ရှာဖွေသွားမယ်လို့ ဆိုပါတယ်။

# အမြန်လမ်းရယ် ...ကားရယ် ...ယာဉ်မောင်းသူရယ်

**သိပ္ပံစာရေးဆရာကိုကိုအောင်**

အမြန်လမ်းဆိုသည်မှာ မြို့တစ်မြို့မှ အခြားမြို့တစ်မြို့သို့ လည်းကောင်း၊ ဒေသတစ်ခုမှအခြားဒေသတစ်ခုသို့ လည်းကောင်း၊ နိုင်ငံတစ်နိုင်ငံမှ အခြားနိုင်ငံ တစ်နိုင်ငံသို့လည်းကောင်း မော်တော်ကားအမျိုးမျိုးတို့ဖြင့် မောင်းနှင်သွားလာရာတွင် အချိန်ကုန်သက်သာစေရန်အတွက် အဖြစ်နိုင်ဆုံး အတိုဆုံးသော လမ်းအူကြောင်းအတိုင်း စနစ်တကျ ဖောက်လုပ်ထားသော လမ်းမကြီးများကို ခေါ်ဆိုသည်။

နိုင်ငံတကာအဆင့်မီ စံချိန်စံညွှန်းပြည့်ဝသော အမြန်လမ်းမတို့မည်သည်မှာ အချက်သုံးချက်နှင့်ပြည့်စုံနေရန် လိုအပ်သည်။ ပထမအချက်မှာ မော်တော်ကားများအနေဖြင့် စက်စွမ်းရည်ရှိသလောက်မြန်နှုန်းမြင့်မြင့်ဖြင့် အချိန်ကုန်သက်သာဆုံးဖြစ်အောင် မောင်းနှင်နိုင်သော လမ်းမကြီးမျိုးဖြစ်ရန် လိုအပ်သည်။

ဒုတိယအချက်မှာ မောင်းနှင်သွားလာကြမည့် မော်တော်ကားများပေါ်တွင် လိုက်ပါစီးနင်းကြသူအားလုံးသည် ရုပ်ပိုင်းဆိုင်ရာ၌သာမက စိတ်ပိုင်းဆိုင်ရာ၌ပါ တစ်စုံတစ်ရာ ကျပ်တည်းမှုကိုမခံစားရဘဲ သက်သောင့်သက်သာဖြစ်စေသော လမ်းမကြီးမျိုးဖြစ်ရန် လိုအပ်သည်။

တတိယအချက်မှာ မောင်းနှင်သွားလာနေကြသည့် မော်တော်ကားများနှင့် ခရီးသည်များအားလုံးတို့အတွက် ဘေးအန္တရာယ်ကင်းရှင်းပြီး လုံခြုံစိတ်ချရမှု အပြည့်အဝရှိသော လမ်းမကြီးမျိုးဖြစ်ရန် လိုအပ်သည်။

ကမ္ဘာတစ်ဝန်းလုံး၌ မော်တော်ကားထုတ်လုပ်သည့် ကုမ္ပဏီများက တပ်ဆင်ထုတ်လုပ်ရောင်းချပေးနေသော မော်တော်ကားအမျိုးအစားများမှာ အများအပြားရှိနေသလို ခေတ်သစ်နည်းပညာ အမျိုးမျိုးဖြင့် အပြိုင်အဆိုင်ကြိုးပမ်း ထုတ်လုပ်ထားကြသော အင်ဂျင်အမျိုးမျိုးတို့ကလည်း မတူကွဲပြားသော စွမ်းရည်အမျိုးမျိုးရှိနေကြသည်။

ထိုထိုသောအင်ဂျင်များကို တပ်ဆင်ထားကြသည့် မော်တော်ကားအမျိုးမျိုးတို့သည် မြင့်မားသောစက်စွမ်းရည်နှင့်အညီ မြန်နှုန်းမြင့်မောင်းနှင်နိုင်ရန်အတွက် အမြန်လမ်းဖောက်လုပ်မှုနည်းပညာသည် အဆင့်မြင့်နည်းပညာဖြစ်ရန် လိုအပ်သလို အရည်အသွေးအားဖြင့်လည်း အထူးကောင်းမွန်ရန် လိုအပ်သည်။ လမ်းမကြီးတစ်လျှောက် မြန်နှုန်းမြင့်မြင့်မောင်းနှင်၍ မရနိုင်အောင် တုံ့ဆိုင်းမှုကိုဖြစ်စေသော အဟန့်အတားအမျိုးမျိုးတို့ ကင်းရှင်းနေခြင်းသည် အမြန်လမ်း၏အင်္ဂါရပ်ပင်ဖြစ်သည်။

ထို့အတူ မော်တော်ကားမောင်းနှင်နေသူနှင့် လိုက်ပါစီးနင်းနေသူများအနေဖြင့် လမ်းနှင့်ပတ်သက်သော စိုးရိမ်ကြောင့်ကြမှုများနှင့် ခန္ဓာကိုယ်အလွန်အမင်း ပင်ပန်းနွမ်းလျခြင်းမျိုးတို့မှ ကင်းဝေးအောင် စီမံဆောင်ရွက်ထားခြင်းသည်လည်း အမြန်လမ်း၏အင်္ဂါရပ်တစ်ခုဖြစ်သည်။

အလားတူပင် မောင်းနှင်သွားလာခွင့်မရှိသော စက်တပ်ယာဉ်များ၊ တိရစ္ဆာန်ဆွဲသော လှည်းများ၊ လက်တွန်းလှည်းများ၊ အနှေးယာဉ်များစသည်တို့ လုံးဝရှင်းလင်းနေအောင် အစီအစဉ်တကျ ပြုလုပ်ပေးထားခြင်းသည်လည်း အမြန်လမ်း၏ အင်္ဂါရပ်တစ်ခုပင်ဖြစ်သည်။

လမ်းမကြီးတစ်လျှောက် ကုန်းတက်နေရာများ၌ စက်စွမ်းအားနှင့်အညီ ညက်ညောစွာ မောင်းနှင်နိုင်သော အနေအထားမျိုးဖြစ်ရန်လိုအပ်သလို ကုန်းဆင်းနေရာများ၌လည်း ချောမွေ့လွယ်ကူစွာမောင်းနှင်သွားလာနိုင်သော အနေအထားမျိုးရှိရန် လိုအပ်သည်။ မြန်နှုန်းမြင့်မောင်းနေသော ကားတစ်စီးအတွက် မောင်းနှင်နေသော အမြန်နှုန်းနှင့်အညီ ရှေ့တူရူသို့ ကြိုတင်ကြည့်ရှုရာတွင် မြင်ကွင်းကွယ်နေသော နေရာမျိုးရှိမနေရန်လည်း အထူးလိုအပ်သည်။

အမြန်လမ်းမကြီးများသည် မြန်နှုန်းမြင့်မြင့်ဖြင့် မောင်းနှင်နေကြသည့် အစီးရေ ရာထောင်ချီသော မော်တော်ကားများအားလုံးအတွက် ယာဉ်ကြောစီးဆင်းမှု မြန်ဆန်ချောမွေ့စေရန် ရထားလမ်းနှင့်ကားလမ်းဆုံနေရာကဲ့သို့သော လမ်းဆုံလမ်းခွ အတားအဆီးများ ကင်းရှင်းနေရမည်ဖြစ်သည်။ ထို့အတူ လမ်းကွေ့လမ်းကောက်များ၌ အရှိန်ဖြင့် ကွေ့နိုင်အောင် လမ်းပခုံးစောင်းများကို အလိုက်သင့် မြှင့်တင်ပေးထားသည့် Super-elevation နည်းပညာကိုလည်း အဆင့်မီ၊ စံချိန်မီအောင် တည်ဆောက်ဖောက်လုပ်ပေးထားရန် လိုအပ်သည်။

အကြောင်းအမျိုးမျိုးဖြင့် မောင်းနှင်သွားလာနေကြသော မော်တော်ကားများနှင့် ခရီးသည်များသည် စက်ပိုင်းဆိုင်ရာချွတ်ယွင်းမှုကြောင့် ဖြစ်စေ၊ ကျန်းမာရေးဆိုင်ရာ ချို့ယွင်းမှုကြောင့်ဖြစ်စေ၊ ယာဉ်ထိခိုက်တိမ်းမှောက်မှုကဲ့သို့သော မှုခင်းဆိုင်ရာ ပြဿနာရပ်များကြောင့်ဖြစ်စေ၊ လုယက် အကြမ်းဖက်ခြင်းကဲ့သို့သော ရာဇဝတ်မှုဆိုင်ရာ ကိစ္စရပ်များကြောင့်ဖြစ်စေ၊ မိုးသည်းထန်ခြင်း၊ မုန်တိုင်းတိုက်ခြင်း၊ လျှင်လှုပ်ခြင်းကဲ့သို့သော သဘာဝဘေးအန္တရာယ်များကြောင့်ဖြစ်စေ၊ မီးလောင်ခြင်း၊ ပေါက်ကွဲခြင်းကဲ့သို့သော မတော်တဆဖြစ်ရပ်များကြောင့်ဖြစ်စေ အကူအညီတစ်စုံတစ်ရာလိုအပ်လာပါက လျင်မြန်စွာ ချိတ်ဆက်၍ အကူအညီတောင်းခံနိုင်စေရန် လွယ်လင့်တကူ တယ်လီဖုန်းဆက်သွယ်ပြောဆိုနိုင်သောနေရာများ၊ ရှေးဦးသူနာပြုဌာနများ၊ အရေးပေါ်ဆေးခန်းများ၊ မီးသတ်တပ်ဖွဲ့များ၊ လုံခြုံရေးတပ်ဖွဲ့များ၊ ကရိန်းကဲ့သို့သော



ယန္တရားများ၊ အောက်ဆီဂျင်ဘူးနှင့် အသက်ရှူကိရိယာများ၊ လူနာတင်ယာဉ်များ အစရှိသည်တို့ကို အမြန်လမ်းမကြီးတစ်လျှောက်လုံး၌ စနစ်တကျဖြင့် စီစဉ်ပေးထားရမည်ဖြစ်သည်။

မြန်မာနိုင်ငံ၌ လက်ရှိအသုံးပြုနေသော ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးတစ်လျှောက်တွင် ယာဉ်တိုက်မှု၊ တိမ်းမှောက်မှု၊ လမ်းဘေးထိုးကျမှု၊ တံတားလက်ရန်းကို ကျော်လွန်ပြီး ချောက်ထဲနှင့် ရေထဲသို့ ပြုတ်ကျမှုစသော အနိဋ္ဌာရုံဖြစ်ရပ်များစွာ ဖြစ်ပွားခဲ့သည်။ ထိုသို့သော ဖြစ်ပွားခဲ့ရမှုများအားလုံးကို ခြုံငုံသုံးသပ်ကြည့်မည်ဆိုပါက လမ်း၏အားနည်းချက်၊ ကား၏အားနည်းချက်နှင့် ယာဉ်မောင်း၏အားနည်းချက် စသောအားနည်းချက် သုံးမျိုးစလုံးကို တွေ့ရှိရမည်ဖြစ်သည်။

လမ်း၏အားနည်းချက်အနေဖြင့်ဆိုရလျှင် လက်ရှိအသုံးပြုနေကြသော အမြန် လမ်းမကြီးသည် အမြန်လမ်းတို့၏ အင်္ဂါရပ်နှင့် ရာနှုန်းပြည့်ကိုက်ညီမှု မရှိသေးသည့်အတွက် ယာဉ်အန္တရာယ်အချို့ကို ဖြစ်ပွားစေခဲ့ခြင်းဖြစ်သည်။ မြန်နှုန်းမြင့်မြင့် မောင်းနိုင်အောင် ကျယ်ဝန်းပြန့်ပြူးသောလမ်းနှင့် ရှင်းလင်းသော မြင်ကွင်းများရှိနေသော်လည်း လမ်း၏မျက်နှာပြင်သည် မြန်နှုန်းမြင့်မောင်းနှင်မှုအတွက် ရာနှုန်းပြည့် စိတ်ချရသောအနေအထားမျိုး မရှိသေးခြင်းသည် ကား၏သဘောတရားနှင့် လမ်း၏အနေအထားတို့ကို ချိန်ဆမောင်းနှင်ခြင်းမပြုနိုင်သူများအတွက် ယာဉ်အန္တရာယ်များကို ကျရောက်စေခဲ့သည်။

ကား၏ အားနည်းချက်အနေဖြင့်မူ လက်ယာကပ်မောင်းစနစ်ကို ကျင့်သုံးသော မြန်မာနိုင်ငံ၌ တင်သွင်းမောင်းနှင်နေကြသည့် မော်တော်ကားအများစုမှာ စတီယာရင်လက်ယာဘက်တပ်ကားများဖြစ်နေခြင်းပင်ဖြစ်သည်။ ကားမောင်းကျွမ်းကျင်မှု မရှိခြင်း၊ မူးယစ်သောက်စားမောင်းနှင်ခြင်း၊ ယာဉ်မောင်းအိပ်ငိုက်ခြင်း၊ ရှေ့ဘီးတာယာပွင့်ထွက်ခြင်းစသော ကိစ္စရပ်မျိုးမှအပ သာမန်အားဖြင့် တိမ်းမှောက်ခြင်း၊ အရှိန်လွန်ပြီးလမ်းဘေးကပ်တုံးများကို တိုက်မိခြင်းနှင့် လမ်းလယ်အတားအဆီးများကို တိုက်မိခြင်း၊ ကျော်တက်ရာမှ အရှိန်မထိန်းနိုင်ဘဲ တိုက်မိခြင်းစသော ဖြစ်စဉ်များကြောင့် အန္တရာယ်ဖြစ်ခဲ့ရသော ကားအများစုမှာ စတီယာရင်ကို လက်ယာဘက်၌တပ်ထားသော ကားများဖြစ်နေသည်ကို တွေ့ရှိရမည်ဖြစ်သည်။

နိုင်ငံတစ်နိုင်ငံ၌ ကျင့်သုံးနေသော ယာဉ်မောင်းစနစ် (လက်ဝဲကပ်မောင်း/ လက်ယာကပ်မောင်း)နှင့်ကိုက်ညီမှုမရှိသော မော်တော်ကားများကို ထုတ်လုပ်၊ တင်သွင်းမောင်းနှင်အသုံးပြုနေခြင်းသည် သာမန်လမ်းများပေါ်၌ သိသာမှုမရှိသော်လည်း အမြန်လမ်းကဲ့သို့သော မြန်နှုန်းမြင့် မောင်းနှင်နိုင်သည့် လမ်းများပေါ်၌ အရှိန်ပြင်းပြင်းမောင်းနှင်စေသည့်အခါ အန္တရာယ်ဖြစ်နိုင်သည့်အခွင့်အလမ်း သိသာစွာများပြားလာသည်။

*(ဆက်လက်ဖော်ပြပါမည်)*


## အထူးကျေးဇူးတင်ရှိခြင်း

၂၃-၅-၂၀၁၅(စနေနေ့) Inya Lake Hotel တွင်ကျင်းပခဲ့သော ကျွန်တော်၊ ကျွန်မတို့၏ စုလျားရစ်ပတ်ထိမ်းမြားမင်္ဂလာဧည့်ခံပွဲသို့ တက်ရောက်ချီးမြှင့်ပေးခဲ့သော ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးအထက်တန်းကျောင်း(TTC)မှ ကျောင်းအုပ်ဆရာမကြီးနှင့်တကွ ဆရာ၊ ဆရာမများ၊ အငြိမ်းစား ဆရာကြီး၊ ဆရာမကြီးများ၊ အခမ်းအနားမှူး ဦးရန်ပိုင်စိုး၊ နိုင်ငံကျော်အဆိုတော် စိုးစန္ဒာထွန်း၊ သားသားစွမ်းရည်ပိုင်ထွေး(ခ)စွမ်းစွမ်း၊ သမီးလေး မေမြင့်ရိမိုဇော်(ခ)ပြည့်ပြည့်၊ ညီမလေး ဝင်းလဲ့မြရည်စံနှင့် ဝင့်နိုးနိုးဇင်လေးမောင်၊ ချစ်သူငယ်ချင်း ဖြူ၊ ယဉ်၊ ပြည့်၊ မိတ်မိတ်၊ သန္တာ၊ ခိုင်ဇာ၊ MISY မှ ဝန်ထမ်းများ၊ ဝတ်စုံလက်ဝတ်ရတနာနှင့် မှတ်တမ်းတင်ဓာတ်ပုံဗီဒီယိုရိုက်ကူးပေးသော Aroma (Zula Studio)အဖွဲ့၊ မြင်သာဖိတ်စာနှင့်ပုံနှိပ်တိုက်၊ သီတဂူသစ်ခွခြံ၊ Marry Me Gfit Shop နှင့် Inya Lake Hotel မှ ဝန်ထမ်းများအားလုံးကို အထူးကျေးဇူးတင်ရှိပါသည်။

နှစ်ဖက်သောမိဘဆွေမျိုးများနှင့်
မောင်ရန်ဝင်းအောင်+မသင်းမြမြစံ(ခ)ပြည့်ပြည့်

ဟိုက်ခြောလစ်/လေဖိအား
Fully Auto အုတ်ရိုက်စက်
ခေတ်မီမြေအုတ်ရိုက်စက် ရပြီ
(၆၇)၊ သံသုမာလမ်း၊ သုဝဏ္ဏသွားဆေးတက္ကသိုလ်အနီး
09 420035 882, 09 73199 410
09 420035 884, 09 73199 257

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 6G/ 3552 ForLand, D/T လက်ဝယ်ရှိသူ ဦးခင်မောင်ဆန်း ၃/ဘအန(နိုင်)၀၅၂၅၁၃မှ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ထုတ်ပေးရန် လျှောက်ထားလာပါသည်။ ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ကညန၊ ပြည်နယ်ရုံး(ဘားအံမြို့)

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇)မြေကွက်အမှတ် ၉၇၁/က၊ မြေကွက်တည်နေရာအမှတ် ၉၇၁/က၊ အောင်ရွှေသီးလမ်း၊ (၇)ရပ်ကွက် ဒဂုံအရှေ့ ဦးလှဝင်း L/RGN ၀၃၈၇၃၈ အမည်ပေါက် နှစ်(၆၀)ငှားမြေအား အမည်ပေါက် ဦးလှဝင်းနှင့် ဇနီး၏ဇနီး ဒေါ်တင်တင်ဝင်းတို့ ကွယ်လွန်သဖြင့် သားသမီးများဖြစ်ကြသော ဦးမျိုးသူ ၁၂/ဗဟန(နိုင်) ၀၀၅၄၆၅၊ ဒေါ်သူသူအောင်(၁၂/ဗဟန(နိုင်)၀၂၆၅၈၇) တို့ထံမှ အတွေ့အထွေကိုယ်စားလှယ်လွှဲစာမှတ်ပုံတင် အမှတ် ၂၉၂၃/၃၀.၁၀.၁၄ဖြင့် လွှဲအပ်ခံရသူ ဒေါ်သက်ထားဆွီ ၁၂/ရကန(နိုင်)၀၇၃၀၆၂ က အမည်ပေါက်နှင့်ဇနီးသေဆုံးရေး ဦးမျိုးသူ+၁၏ သားသမီးများ တော်စပ်ကြောင်းပိုင်ဆိုင်ကျွမ်းကျိန်လွှာ၊ GPနှင့်ပါဝါ ကျမ်းကျိန်တို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့်အရောင်း မြေပုံကူးလျှောက်ထားလာရာ (၇)ရက်အတွင်း ကန့်ကွက် နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် BB/1976 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊
ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)

သွေးသည် အသက်

iStock® ကုန်ပစ္စည်းထိန်းကွန်ပျူတာစနစ်
- ကုန်ရောင်း/ကုန်ဝယ်စာရင်း
- ငွေစာရင်း
- ကုန်လက်ကျန်စာရင်း
- ကုန်တစ်မျိုးချင်းစီ၏ အမြတ်စာရင်း
- အကြွေးစာရင်း
- လုပ်ငန်းတစ်ခုလုံး၏ အရှုံးအမြတ်စာရင်း

Contact Us ...
YGN 09-254151516, 09-43029798, 09-43064181
MDY 09-43200283, 09-257333214
NPT 09-974432762, 09-974432763
Galaxy Software Co.,Ltd.
www.galaxy.com.mm

FAME
Nephrotec®
For healthy kidney
ကျောက်ကပ်ဆေး
TMR 012139 (0516)
၂/၂၀၁၂ တဆထလ/တိုး(၀၆၅၇)
ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified

FAME
Rejuvir®
Phytoestrogen supplement
ပျိုမေအားဆေး
TMR 007907 (1214)
၂/၂၀၁၂ တဆထလ/တိုး(၀၆၅၇)
ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified

## အိတ်ဖွင့်လေလံတင်အရောင်းကြော်ငြာ

၁။ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ လမ်းဦးစီးဌာန၏ အထူးအဖွဲ့/ခရိုင်/မြို့နယ်များရှိ အသုံးပြုပြီးသော ကတ္တရာပီပါခွံ (၇၅၈၆၃) လုံးအား ၂၄-၆-၂၀၁၅ရက်၊ ၁၃း၀၀နာရီတွင် ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး (စုစည်းခန်းမ)၌ အိတ်ဖွင့်လေလံစနစ်ဖြင့် ရောင်းချပေးသွားမည်ဖြစ်ပါသည်။

၂။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ ပြည်နယ်လမ်းဦးစီးဌာန၊ တောင်ကြီးမြို့သို့ ရုံးချိန်အတွင်းလာရောက်စုံစမ်းမေးမြန်းနိုင်ပါသည်။

**လေလံတင်ရောင်းချရေးကော်မတီ**

**ဖုန်း-၀၈၁-၂၁၂၁၀၁၆၊ ၀၈၁-၂၁၂၁၁၆၂**

---

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန**
**လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန**

## (တင်ဒါခေါ်ယူခြင်း)

၁။ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနတွင် အသုံးပြုရန်အတွက် လုပ်ငန်းသုံး ပုံစံ(၄)မျိုးအား ရိုက်နှိပ်လိုပါသဖြင့် ၁၁-၆-၂၀၁၅ ရက်မှစ၍ ၂၄-၆-၂၀၁၅ ရက်အထိ ရိုက်နှိပ်မည့်လုပ်ငန်းသုံးပုံစံ(၄)မျိုး၏ အသေးစိတ်အချက်အလက်များနှင့် တင်ဒါစည်းကမ်းချက်များအား လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ စီမံနှင့်ဘဏ္ဍာဌာနခွဲ၊ စီမံခန့်ခွဲရေးဌာနစု(၁)၊ ရုံးအမှတ်(၄၈)၊ နေပြည်တော်တွင် တစ်စောင်လျှင် ငွေကျပ် ၅၀၀၀ိ/-(ကျပ်ငါးထောင်တိတိ)ဖြင့် လာရောက်ဝယ်ယူနိုင်ပြီး ၂၄-၆-၂၀၁၅ ရက် ၁၆း၃၀ နာရီနောက်ဆုံးထား၍ ဈေးနှုန်းလွှာများ တင်သွင်း နိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

၂။ မေးမြန်းစုံစမ်းလိုပါက လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန စီမံနှင့်ဘဏ္ဍာဌာနခွဲ၊ စီမံခန့်ခွဲရေးဌာနစု(၁)၊ ဖုန်း-၀၆၇-၄၃၁၀၂၇ နှင့် ၀၆၇-၄၃၁၀၄၂ တို့သို့ ရုံးဖွင့်ရက်၊ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါသည်။

**လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန**

---

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန
မြန်မာ့သစ်လုပ်ငန်း
<u>အိတ်ဖွင့်တင်ဒါ (Open Tender) များ ခေါ်ယူခြင်း</u>

၁။ မြန်မာ့သစ်လုပ်ငန်းမှ အောက်ပါပစ္စည်းများကို ကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါ (Open Tender) ကို ပေးသွင်းရန် ဖိတ်ခေါ်ပါသည်-

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
| --- | --- | --- | --- |
| (က) | 1(S)/MTE/Local/2015 | ရုံးသုံးစာရေးကိရိယာ | (၁၅) မျိုး |
| (ခ) | 2(Off)/MTE/Local/2015 | ရုံးသုံးစက်ကိရိယာပစ္စည်းများ | (၈) မျိုး |
| (ဂ) | 3(M))/MTE/Local/2015 | Media Accessories | (၆) မျိုး |
| (ဃ) | 4(F)/MTE/Local/2015 | ရုံးသုံးပရိဘောဂပစ္စည်း | (၇) မျိုး |

၂။ ဈေးနှုန်းတင်သွင်းလွှာပုံစံများ
စတင်ရောင်းချမည့်ရက်/အချိန် - ၁၁.၆.၂၀၁၅ / နံနက် ၉း၃၀ နာရီ
တင်ဒါပိတ်မည့်ရက်/အချိန် - ၃၀.၆.၂၀၁၅ / မွန်းတည့် ၁၂း၀၀ နာရီထိ
တင်ဒါပုံစံတစ်စုံ - ၂၀၀၀ ကျပ်

အင်ဂျင်နီယာဌာန၊ မြန်မာ့သစ်လုပ်ငန်း
အမှတ်-၇၄/၇၆ ၊ ရွှေတိဂုံဘုရားလမ်း၊ ရန်ကုန်မြို့
ဖုန်း - ၂၅၄၆၇၆၊ ၀၉၇၃၂၀၇၉၆၆

---

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ ပင်မဓာတ်အားခွဲရုံများရှိ 25 Mvar Capacitor Bank များတွင် အသုံးပြုရန်လိုအပ်သော Capacitor Unit နှင့် Current Transformer များကို နိုင်ငံခြားငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်-

**တင်ဒါပုံစံရောင်းချမည့်ရက်** - ၉-၆-၂၀၁၅ ရက်
**တင်ဒါပိတ်မည့်ရက်** - ၆-၇-၂၀၁၅ ရက်
**တင်ဒါပိတ်မည့်အချိန်** - ၁၄း၀၀ နာရီ

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း**
**ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ် (၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၀၂၈၂**

---

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ ၂၃၀ ကေဗွီ တောင်တွင်းကြီး-ရွှေတောင်ဓာတ်အားလိုင်းနှင့် ၂၃၀ကေဗွီ မန်း-အမ်း ဓာတ်အားလိုင်းတို့အတွက် လိုအပ်သော Fitting ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်-

**တင်ဒါပုံစံရောင်းချမည့်ရက်** - ၉-၆-၂၀၁၅ ရက်
**တင်ဒါပိတ်မည့်ရက်** - ၂၂-၆-၂၀၁၅ ရက်
**တင်ဒါပိတ်မည့်အချိန်** - ၁၄း၀၀ နာရီ

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း**
**ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ် (၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၀၂၈၂**

---

## အိတ်ဖွင့်လေလံလျှောက်လွှာခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ နေပြည်တော်သတင်းစာတိုက်ရှိ သတင်းစာပုံနှိပ်လုပ်ငန်းမှရရှိသော စွန့်ပစ်ပစ္စည်းများအား အိတ်ဖွင့်လေလံစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါစနစ်တို့၏ အသေးစိတ်အချက်အလက်များကို ၁၆-၆-၂၀၁၅ရက် ၁၀း၀၀နာရီမှ ၁၄း၀၀ နာရီအတွင်း အောက်ပါလိပ်စာတွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၁၆-၆-၂၀၁၅ ရက် ၁၃း၀၀ နာရီမှ ၁၄း၀၀ နာရီအတွင်း နေပြည်တော်သတင်းစာတိုက်ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်သို့ လာရောက်ပေးပို့ရန် ဖြစ်ပါသည်။ သတ်မှတ်အချိန်ထက်ကျော်လွန်သော တင်ဒါများကိုထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အဆိုပါစွန့်ပစ်ပစ္စည်းအမျိုးအမည် အရေအတွက်နှင့်ပစ္စည်းမျက်မြင်အခြေအနေအား ကြည့်ရှုလိုသူများနှင့် အသေးစိတ်အချက်အလက်များသိရှိလိုပါက နေပြည်တော် သတင်းစာတိုက်သို့ သွားရောက်ကြည့်ရှုနိုင်ပြီး ဖုန်း-၀၆၇-၃၆၁၀၇ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**အိတ်ဖွင့်လေလံခေါ်ယူစိစစ်ရောင်းချရေးအဖွဲ့**
**သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း**
**နေပြည်တော်သတင်းစာတိုက်**
**ဇေယျာသီရိမြို့နယ်၊ နေပြည်တော်**

---

**ဧရာဝတီတိုင်းဒေသကြီး၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဧရာဝတီတိုင်းဒေသကြီး၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ ပုသိမ်မြို့တွင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် တိုင်းဒေသကြီး ရန်ပုံငွေဖြင့် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါသဖြင့် အိတ်ဖွင့်တင်ဒါခေါ်ယူမည်ဖြစ်ပါသည်။
(က) တိုင်းဒေသကြီးညွှန်ကြားရေးမှူးရုံးအား ခြံစည်းရိုးကာရံခြင်း။
(ခ) ပြည်တော်သာဝန်ထမ်းအိမ်ရာတွင် လေးခန်းတွဲခြောက်ထပ်တစ်လုံး ဆောက်လုပ်ခြင်း။
(ဂ) တိုင်းဒေသကြီးညွှန်ကြားရေးမှူးနေအိမ် တစ်ထပ်အဆောက်အအုံဆောက်လုပ်ခြင်း။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းများကို ၁၅-၆-၂၀၁၅ ရက်မှစတင်ရောင်းချမည်ဖြစ်ပြီး ၃၀-၆-၂၀၁၅ ရက် ၁၆း၀၀ နာရီ နောက်ဆုံးတင်သွင်းရမည်ဖြစ်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း ပုသိမ်မြို့၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ တိုင်းဒေသကြီးညွှန်ကြားရေးမှူးရုံး ဖုန်း-၀၄၂-၂၃၇၇၄၊ ၀၄၂-၂၁၁၁၃ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါစိစစ်ရေးလုပ်ငန်းကော်မတီ**

---

## ဘဏ္ဍာရေးဝန်ကြီးဌာန
## ပြည်တွင်းအခွန်များဦးစီးဌာန
## အခွန်ဆိုင်ရာကြီးကြပ်ရေးဌာနခွဲ
## ဝင်ငွေကြေညာလွှာတင်သွင်းရန်နှိုးဆော်ခြင်း

၁။ ၂၀၁၄ခုနှစ် ဧပြီ ၁ရက်မှ ၂၀၁၅ခုနှစ် မတ် ၃၁ရက်အထိဖြစ်သည့် ဝင်ငွေနှစ်အတွင်း ရရှိထားသော ဝင်ငွေအပေါ် ဝင်ငွေခွန်ဥပဒေအရ အခွန်စည်းကြပ်မှုခံယူရမည့် ကုမ္ပဏီ၊ အစုစပ်လုပ်ငန်းနှင့် ဖက်စပ်လုပ်ငန်းသမဝါယမအသင်း၊ ယင်းအသင်းနှင့် စုပေါင်းလယ်ယာအဖွဲ့များ၊ တစ်ဦးချင်းပုဂ္ဂိုလ်(လစာခေါ်င်းစဉ်မှ ဝင်ငွေသာရရှိသူမပါ)၊ တစ်ဦးချင်းပုဂ္ဂိုလ်တို့ စုပေါင်းထားသည့် အဖွဲ့အစည်း တည်ဆဲဥပဒေတစ်ရပ်ရပ်အရ မှတ်ပုံတင်၍ ဖွဲ့စည်းထားသည့် အဖွဲ့အစည်း (သို့မဟုတ်)အသင်းအဖွဲ့တို့သည်လည်းကောင်း၊ ဝင်ငွေကြေညာလွှာကို ပြည့်စုံစွာဖြည့်စွက်၍ ဝင်ငွေကြေညာလွှာ၏မှတ်ချက်တွင် ရှင်းလင်းဖော်ပြထားသည့်အတိုင်း လက်မှတ်ရေးထိုးခွင့်ရှိသူမှ လက်မှတ်ရေးထိုးပြီး သက်ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံး(သို့မဟုတ်)ကုမ္ပဏီများဆိုင်ရာ အခွန်ရုံး၊ (အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး) (သို့မဟုတ်) အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံးသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှ မှတ်ပုံတင်ချောစာဖြင့်ဖြစ်စေ ပေးပို့ရန်နှင့် လူကိုယ်တိုင်ပေးပို့ခြင်းဖြစ်ပါက ကြေညာလွှာလက်ခံရရှိကြောင်း လက်ခံဖြတ်ပိုင်းကို သက်ဆိုင်ရာရုံးမှ ပြန်လည်တောင်းခံထားရန် အသိပေးနှိုးဆော်အပ်ပါသည်။

၂။ ဝင်ငွေနှစ်အတွင်း လစာခေါ်င်းစဉ်မှသာ ဝင်ငွေရရှိသူများသည် ဝင်ငွေကြေညာလွှာပေးပို့ရန် မလိုအပ်ပါ။ သို့ရာတွင် အလုပ်ရှင်သည် ထိုသူများအတွက် လစာနှစ်ချုပ်စာရင်းကို သက်ဆိုင်ရာ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးသို့ ပေးပို့ရန် လိုအပ်ပါသည်။

၃။ **ကြေညာလွှာနှင့်အတူ ပူးတွဲတင်ပြရန်**
အခွန်ထမ်း၏ စီးပွားရေးလုပ်ငန်းနှင့်စပ်လျဉ်းသည့် ဝင်ငွေခွန်စည်းမျဉ်းများအရ ထားရှိရမည့် စာရင်းများအပါအဝင်ဖြစ်သော သက်ဆိုင်ရာဝင်ငွေနှစ်အတွက် စာရင်းရှင်းတမ်းတစ်စောင်ကို ဝင်ငွေကြေညာလွှာနှင့် ပူးတွဲတင်ပြရန် လိုအပ်ပါသည်။

၄။ **ပေးပို့ရမည့်နောက်ဆုံးရက်**
၂၀၁၅ ခုနှစ် ဇွန် ၃၀ ရက် (အင်္ဂါနေ့)

၅။ **ဝင်ငွေကြေညာလွှာတင်သွင်းရန် ပျက်ကွက်မှုအတွက် ပြစ်ဒဏ်**
ပေးဆောင်ရမည့်အခွန်အပြင် ယင်းအခွန်၏တစ်ဆယ်ရာခိုင်နှုန်းထက်မပိုသောငွေကို ဒဏ်ငွေအဖြစ် ပေးဆောင်စေနိုင်ပါသည်။

၆။ **ကြေညာလွှာပုံစံနှင့် လစာနှစ်ချုပ်ပုံစံရယူရန်**
ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံး (သို့မဟုတ်) ကုမ္ပဏီများဆိုင်ရာအခွန်ရုံး၊ (အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး) (သို့မဟုတ်)အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံးတို့တွင် အခမဲ့ရယူနိုင်သည့်အပြင် ပြည်တွင်းအခွန်များဦးစီးဌာန၏ ဌာနသုံး website ဖြစ်သည့် http//www.irdmyanmar.gov.mm မှလည်း ရယူနိုင်ပါသည်။

၇။ **စုံစမ်းရန်**
မရှင်းလင်းသည့်အချက်များကို ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံး(သို့မဟုတ်) ကုမ္ပဏီများဆိုင်ရာအခွန်ရုံး (အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး) (သို့မဟုတ်) အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး၊ (သို့မဟုတ်) အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး(Tax Service Unit) (ရန်ကုန်/မန္တလေး)တို့တွင် မေးမြန်းစုံစမ်းနိုင်ပါသည်။

**ညွှန်ကြားရေးမှူး**
**အခွန်ဆိုင်ရာကြီးကြပ်ရေးဌာနခွဲ**

---

## သမီးအဖြစ်မှရာသက်ပန်စွန့်လွှတ်ခြင်း

မဆုရတနာအောင် ၁၃/မဆန(နိုင်)၀၄၈၁၆၁ သည် မိဘများဆိုဆုံးမခြင်းကိုမနာခံဘဲ သဘောမတူလက်မခံနိုင်သည့် လုပ်ရပ်ကိုပြုလုပ်ပြီးငွေဆန္ဒအလျောက် နေအိမ်မှထွက်ခွာသွားပါသဖြင့် ၁၄-၅-၂၀၁၅ ရက် မှစ၍သမီးအဖြစ်မှရာသက်ပန် စွန့်လွှတ်လိုက်သည်။
**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

ဒေါ်ဌေးဌေးအောင် ၁၂/ဗဟန(နိုင်)၀၄၂၂၆၇

---

**အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန**
**စီမံကိန်းရေးဆွဲရေးဦးစီးဌာန**
**ဧရာဝတီတိုင်းဒေသကြီးစီမံကိန်းဦးစီးရုံး**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဧရာဝတီတိုင်းဒေသကြီး စီမံကိန်းဦးစီးရုံးလက်အောက်ရှိ ခရိုင်နှင့်မြို့နယ် စီမံကိန်းဦးစီးရုံးဝန်ထမ်းအိမ်ရာ ဆောက်လုပ်ခြင်း၊ အကြီးစားပြင်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်ရှိသည့်အတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါရောင်းချမည့်ရက်** - ၁၁-၆-၂၀၁၅ ရက်
**တင်ဒါပိတ်မည့်ရက်/အချိန်** - ၁၇-၆-၂၀၁၅ ရက်၊ ညနေ ၁၆း၀၀နာရီ

၃။ တင်ဒါစည်းမျဉ်း စည်းကမ်းများနှင့် တင်ဒါခေါ်ယူသည့်အချက်အလက်များ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၄၂-၂၉၀၈၆၊ ၂၉၀၈၇၊ ၂၉၀၈၈များသို့ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**
**ဧရာဝတီတိုင်းဒေသကြီးစီမံကိန်းဦးစီးရုံး**
**ပုသိမ်မြို့**

---

## နိုင်ငံခြားရေးဝန်ကြီးဌာန
## စီမံကိန်းနှင့်စီမံရေးရာဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ရန်ကုန် ရုံးအဆောက်အအုံ အထွေထွေအကြီးစားမွမ်းမံခြင်းလုပ်ငန်းများဆောင်ရွက်ရန် ဆောက်လုပ်ရေးကုမ္ပဏီလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ကြော်ငြာပါသည့်ရက်မှစ၍ ရုံးချိန်အတွင်း အဆောက်အအုံထောက်ပံ့ဌာနခွဲ၊ စီမံကိန်းနှင့်စီမံရေးရာဦးစီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၉)၊ နေပြည်တော်၌ တစ်စောင်လျှင် ကျပ်၁၀၀၀၀ိ/-(ကျပ်တစ်သောင်းတိတိ)နှုန်းဖြင့် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ သို့ဖြစ်ပါ၍ စိတ်ပါဝင်စားသူများသည် အချက်အလက်ပုံစံ၊ ဈေးနှုန်းပြည့်စုံစွာဖြင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ရန်ကုန်ရုံးအဆောက်အအုံ အထွေထွေအကြီးစားမွမ်းမံရန်အတွက် တင်ဒါခေါ်ယူရေးနှင့် လုပ်ငန်းကြီးကြပ်ရေးကော်မတီ၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၉)၊ နေပြည်တော် သို့ ၁၀-၇-၂၀၁၅ ရက် ၁၆း၀၀ နာရီအရောက် တင်ဒါပေးသွင်းရမည်။

၄။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက အောက်ပါဖုန်းနံပါတ်သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်-
(က) ဖုန်း-၀၆၇-၄၁၂၃၄၁ (ညွှန်ကြားရေးမှူး၊ အဆောက်အအုံထောက်ပံ့ဌာန)

---

## ဘဏ္ဍာရေးဝန်ကြီးဌာန
## ပြည်တွင်းအခွန်များဦးစီးဌာန
## အခွန်ဆိုင်ရာကြီးကြပ်ရေးဌာနခွဲ
## ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွက် ကုန်သွယ်လုပ်ငန်းခွန် နှစ်ချုပ်ကြေညာလွှာ တင်သွင်းရန် နှိုးဆော်ခြင်း

၁။ ၂၀၁၄ခုနှစ် ဧပြီ ၁ရက်မှ ၂၀၁၅ခုနှစ် မတ်လ ၃၁ရက်အထိဖြစ်သည့် ဘဏ္ဍာရေးနှစ်အတွင်း ကုန်သွယ်လုပ်ငန်းခွန်ဥပဒေအရ ကုန်သွယ်လုပ်ငန်းခွန်စည်းကြပ်ထိုက်သည့် ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေရရှိသည့် ပြည်ထောင်စုအစိုးရ၏ စီးပွားရေးအဖွဲ့အစည်း၊ နိုင်ငံပိုင်စက်ရုံ၊ အလုပ်ရုံ၊ ကုန်သွယ်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်း၊ စည်ပင်သာယာရေးအဖွဲ့၊ သမဝါယမအသင်း၊ တစ်ဦးချင်းပုဂ္ဂိုလ်၊ တစ်ဦးချင်းပုဂ္ဂိုလ်များစုပေါင်းထားသည့်အဖွဲ့အစည်း(သို့မဟုတ်)အသင်း၊ကုမ္ပဏီ၊အစုစပ်လုပ်ငန်းနှင့် ဖက်စပ်လုပ်ငန်းများအပါအဝင် မည်သူမဆို အောက်ဖော်ပြပါ ဆောင်ရွက်မှုများအတွက် နှစ်ချုပ်ကုန်ရောင်းကြေညာလွှာ(သို့မဟုတ်) နှစ်ချုပ်ဝန်ဆောင်မှုကြေညာလွှာကို ပြည့်စုံမှန်ကန်စွာဖြည့်စွက်၍ ကြေညာလွှာတွင်ဖော်ပြထားသည့် ရှင်းလင်းချက်ပါအတိုင်း လက်မှတ်ရေးထိုးခွင့်ရှိသူက လက်မှတ်ရေးထိုးပြီး သက်ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံး (သို့မဟုတ်) ကုမ္ပဏီများဆိုင်ရာအခွန်ရုံး (အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး)၊ (သို့မဟုတ်) အခွန်ထမ်းကြီးများ ဆိုင်ရာအခွန်ရုံးသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှ မှတ်ပုံတင်ချောစာဖြင့်ဖြစ်စေ ပေးပို့ရန်နှင့် လူကိုယ်တိုင်ပေးပို့ခြင်းဖြစ်ပါက ကြေညာလွှာလက်ခံရရှိကြောင်း ဖြတ်ပိုင်းကို သက်ဆိုင်ရာရုံးမှ ပြန်လည်တောင်းခံထားရန် အသိပေးနှိုးဆော်အပ်ပါသည်-
(က) ပြည်တွင်း၌ ကုန်စည်ထုတ်လုပ်ရောင်းချခြင်း
(ခ) ကုန်စည်တင်သွင်းခြင်း
(ဂ) ကုန်သွယ်မှုဆောင်ရွက်ခြင်း
(ဃ) ဝန်ဆောင်မှုဆောင်ရွက်ခြင်း

၂။ ၂၀၁၄ခုနှစ် ပြည်ထောင်စုအခွန်အကောက်ဥပဒေအရ ကုန်သွယ်လုပ်ငန်းခွန် မကျသင့်သည့် ကုန်စည်အမျိုးအစားများနှင့် ဝန်ဆောင်မှုလုပ်ငန်းများမှအပ သမဝါယမကဏ္ဍနှင့် ပုဂ္ဂလိက ကဏ္ဍများအတွက် အခွန်မစည်းကြပ်ထိုက်သည့် ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေပမာဏ သတ်မှတ်ချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-
(က) ကုန်သွယ်လုပ်ငန်းခွန်ကျသင့်သည့် ကုန်စည်များကို ပြည်တွင်း၌ ထုတ်လုပ်ရောင်းချခြင်းအတွက် ဘဏ္ဍာနှစ်တစ်နှစ်အတွင်း ထုတ်လုပ်ရောင်းရငွေ စုစုပေါင်း ကျပ်သိန်း ၁၅၀ တိတိ၊
(ခ) ကုန်သွယ်လုပ်ငန်းခွန်ကျသင့်သည့် ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်းအတွက် ဘဏ္ဍာနှစ်တစ်နှစ်အတွင်း ဝန်ဆောင်မှုရငွေ စုစုပေါင်း ကျပ်သိန်း ၁၅၀ တိတိ၊
(ဂ) ကုန်သွယ်မှုလုပ်ငန်းများဆောင်ရွက်ခြင်းအတွက် ဘဏ္ဍာနှစ်တစ်နှစ်အတွင်း ရောင်းရငွေ စုစုပေါင်း ကျပ်သိန်း ၁၅၀ တိတိ၊

၃။ **တင်သွင်းရမည့်နောက်ဆုံးရက်** - ၂၀၁၅ ခုနှစ် ဇွန် ၃၀ ရက်

၄။ **ပျက်ကွက်မှုအတွက်ပြစ်ဒဏ်။** လုံလောက်သောအကြောင်းမရှိဘဲ သတ်မှတ်ထားသောအချိန်အတွင်း ကြေညာလွှာတင်သွင်းရန် ပျက်ကွက်ပါက စည်းကြပ်မှုအရ ကျသင့်အခွန်၏ ၁၀ ရာခိုင်နှုန်းနှင့်ညီမျှသောငွေကို ဒဏ်ငွေအဖြစ် ပေးဆောင်ရပါမည်။

၅။ **ကြေညာလွှာပုံစံရယူရန်။** ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံး (သို့မဟုတ်) ကုမ္ပဏီများဆိုင်ရာအခွန်ရုံး(အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး) (သို့မဟုတ်) အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံးတို့တွင် အခမဲ့ရယူနိုင်သည့်အပြင် ပြည်တွင်းအခွန်များဦးစီးဌာန၏ ဌာနသုံး Website ဖြစ်သည့် http//www.irdmyanmar.gov.mm မှလည်း ရယူနိုင်ပါသည်။

၆။ **စုံစမ်းရန်။** မရှင်းလင်းသည့်အချက်များကို ဆိုင်ရာ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး (သို့မဟုတ်)ကုမ္ပဏီများဆိုင်ရာအခွန်ရုံး(အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး) (သို့မဟုတ်) အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး (သို့မဟုတ်) အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (Tax Service Unit)(ရန်ကုန်)၊ အမှတ် ၅၉/၆၁ မြေညီထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ် (သို့မဟုတ်) အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (Tax Service Unit) (မန္တလေး)၊ ၆၅ လမ်း၊ ၂၂×၂၃ လမ်းကြား၊ မန္တလေးတိုင်းဒေသကြီးတို့တွင် မေးမြန်းစုံစမ်းနိုင်ပါသည်။

**ညွှန်ကြားရေးမှူး**
**အခွန်ဆိုင်ရာကြီးကြပ်ရေးဌာနခွဲ**

# စစ်တက္ကသိုလ်ဗိုလ်လောင်းအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) ၂၀၁၆ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက်(၁၆)နှစ် အောက် မငယ်ရ၊ (၁၈)နှစ်ထက် မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (လူပျို)ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ပေါင်(၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

(င) **၂၀၁၄ခုနှစ်(သို့မဟုတ်)၂၀၁၅ခုနှစ်**တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် ဖြေဆို အောင်မြင်သူ ဖြစ်ရမည်။ (အမှတ်စာရင်း တင်ပြရန်မလို)

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၁၅ခုနှစ်၊ ဇူလိုင်လ (၃၁)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာတောင်းခံရရှိသော တိုင်းစစ်ဌာနချုပ်မှတစ်ဆင့် **စစ်ရာထူးခန့်ချုပ်ရုံး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)** သို့ ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း **အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ

(ခ) သင်္ချာ

၇။ အရည်အချင်းစစ်စာမေးပွဲကို မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ **၂၀၁၅ ခုနှစ်၊ ဩဂုတ်လ (၂၃)ရက်နေ့**တွင် ဖြေဆိုကြရမည်။

၈။ အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့်**နေရာနှင့်အချိန်**ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရမည်။ ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရ သည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# တပ်မတော်နည်းပညာတက္ကသိုလ်ဗိုလ်လောင်းအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) ၂၀၁၆ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက်(၁၆)နှစ် အောက် မငယ်ရ၊ (၁၈)နှစ်ထက် မကြီးရ။

( ခ ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (လူပျို)ဖြစ်ရမည်။

( ဂ ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ပေါင်(၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

( င ) **၂၀၁၅ခုနှစ်**တွင်ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် **သိပ္ပံဘာသာတွဲ(သို့မဟုတ်) ဝိပ္ပံဘာသာတွဲ**ဖြင့် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။ (အမှတ်စာရင်း တင်ပြရန်မလို)

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၁၅ခုနှစ်၊ ဇူလိုင်လ (၃၁)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာတောင်းခံရရှိသော တိုင်းစစ်ဌာနချုပ်မှတစ်ဆင့် **စစ်ရာထူးခန့်ချုပ်ရုံး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)** သို့ ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်နည်းပညာ တက္ကသိုလ် ဗိုလ်လောင်းသင်တန်း **အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်းဝင်ခွင့် အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ

( ခ ) သင်္ချာ

၇။ အရည်အချင်းစစ်စာမေးပွဲကို မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ **၂၀၁၅ ခုနှစ်၊ ဩဂုတ်လ (၂၂)ရက်နေ့**တွင် ဖြေဆိုကြရမည်။

၈။ အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့်**နေရာနှင့်အချိန်**ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရမည်။ ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/ မခံရ သည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) ၂၀၁၆ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက်(၁၆)နှစ် အောက် မငယ်ရ (၁၈)နှစ်ထက် မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (လူပျို)ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရပေါင်(၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

(င) **၂၀၁၅ ခုနှစ်**တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် **သိပ္ပံဘာသာတွဲ**ဖြင့်ဖြေဆို အောင်မြင်သူဖြစ်ရမည်။ (အမှတ်စာရင်းတင်ပြရန်မလို)

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၁၅ခုနှစ်၊ ဇူလိုင်လ (၃၁)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာတောင်းခံရရှိသော တိုင်းစစ်ဌာနချုပ်မှတစ်ဆင့် **စစ်ရာထူးခန့်ချုပ်ရုံး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)** သို့ ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီးအရည်အချင်းပြည့်မီသောလျှောက်လွှာရှင်များသာ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း **အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင် စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ

(ခ) ဇီဝဗေဒ

၇။ အရည်အချင်းစစ်စာမေးပွဲကို မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ **၂၀၁၅ ခုနှစ်၊ ဩဂုတ်လ (၂၁)ရက်နေ့**တွင် ဖြေဆိုကြရမည်။

၈။ အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့်**နေရာနှင့်အချိန်**ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရမည်။ ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရ သည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

## သတင်းနှင့်စာနယ်ဇင်းဝန်ထမ်းဟောင်းများအသင်း

ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ယခင်ကော်ပိုရေးရှင်းမှ သက်ရှိပင်စင်ထုတ်ယူဆဲ အငြိမ်းစားဝန်ထမ်းများ၏ သာရေး၊ နာရေး၊ ကျန်းမာရေး၊ လူမှုရေး ကိစ္စများတွင် ဝိုင်းဝန်းပူးပေါင်းကူညီဆောင်ရွက်ရန် ဝန်ထမ်းဟောင်းများအချင်းချင်း၊ မိသားစုအချင်းချင်း တစ်ဦးနှင့်တစ်ဦး မိသားစုတစ်စုနှင့်တစ်စု စည်းစည်းလုံးလုံးချစ်ချစ်ခင်ခင် ဖေးမကူညီဆောင်ရွက်ကြရန်ရည်ရွယ်၍ သတင်းနှင့်စာနယ်ဇင်းဝန်ထမ်းဟောင်းများအသင်း(ယာယီ)ကို ဂုဏ်ထူးဆောင်နာယကနှစ်ဦး၊ နာယက(၁၄)ဦး၊ ဥက္ကဋ္ဌ ဦးမြင့်ဆွေ (စာတည်းမှူးချုပ်-ငြိမ်း၊ ကြေးမုံသတင်းစာတိုက်)၊ အတွင်းရေးမှူး ဒေါ်ခင်ညိုဝင်း (မန်နေဂျာ ငြိမ်း၊ ကြေးမုံသတင်းစာတိုက်)နှင့် ဘဏ္ဍာရေးမှူး ဦးထွန်းလင်းအောင် (စာတည်းမှူး ငြိမ်း၊ မြန်မာ့သတင်းစဉ်၊ ပြည်တွင်း)၊ အထက်မြန်မာပြည်အတွက် ဆက်သွယ်ရေးတာဝန်ခံအဖြစ် ဦးသက်တင် (ငြိမ်း၊ မန္တလေးကိုယ်ပွားသတင်းစာတိုက်)တို့ပါဝင်သော အလုပ်အမှုဆောင် (၁၃)ဦး၊ စာရင်းစစ် ၂ ဦးတို့ဖြင့် ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

တစ်အုထုံ့ဆင်းမောင်နှမများသဖွယ် ချစ်ချစ်ခင်ခင်ကြင်ကြင်နာနာဖြင့် တစ်ချိန်က အတူလက်တွဲဆောင်ရွက်ခဲ့ကြသည့် ဆရာသမားများ၊ လုပ်ဖော်ကိုင်ဖက်မောင်နှမများခင်ဗျား -

သတင်းနှင့်စာနယ်ဇင်းမှ အငြိမ်းစားယူသွားကြသည့် အငြိမ်းစားဝန်ထမ်းများ၏ သာရေး၊ နာရေး၊ ကျန်းမာရေး၊ လူမှုရေးကိစ္စများတွင် တစ်တပ်တစ်အား စုပေါင်းပါဝင်ကူညီဆောင်ရွက်နိုင်ရန်အတွက် မိမိတို့အလုပ်အမှုဆောင်အဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်ကြပါရန် နှိုးဆော်အပ်ပါသည်။ အသင်းသားလျှောက်လွှာပုံစံတွင် လိုင်စင်ဓာတ်ပုံနှစ်ပုံ၊ သန်းခေါင်စာရင်းမိတ္တူများပူးတွဲ၍ အသင်းဝင်ကြေး နှစ်စဉ်ကြေးများပေးသွင်းပြီး ရာသက်ပန်အသင်းသား၊ သာမန်အသင်းသားများအဖြစ် ပါဝင်နိုင်ပြီဖြစ်ပါသည်။

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းတွင်ဖြစ်စေ၊ ကော်ပိုရေးရှင်းတွင်ဖြစ်စေ တစ်ဆက်တစ်စပ်တည်း လုပ်သက် ၃ နှစ်ကျော် တာဝန်ထမ်းဆောင်ခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် ပြောင်းရွှေ့၊ နုတ်ထွက်သွားသူ ဝန်ထမ်းများလည်း အသင်းသားအဖြစ် လျှောက်ထားနိုင်ပါသည်။

**ဆက်သွယ်ရန် -**

(၁) ဒေါ်ခင်ညိုဝင်း (မန်နေဂျာ-ငြိမ်း၊ ကြေးမုံသတင်းစာတိုက်)အတွင်းရေးမှူး ဖုန်း-၀၉-၅၄၀၂၇၃၁
(၂) ဦးဇော်ဝင်း (မန်နေဂျာ-ငြိမ်း၊ ကြေးမုံသတင်းစာတိုက်)အလုပ်အမှုဆောင် ဖုန်း-၀၉-၇၃၁၃၇၁၁၀
(၃) ဦးသန့်ဇင်ထွန်း (သတင်းထောက်ချုပ်-ငြိမ်း၊ ကြေးမုံ)ရုံးအဖွဲ့တာဝန်ခံ ဖုန်း-၀၁-၂၉၇၉၉၇
(၄) ဦးသက်တင် (လ/ထမန်နေဂျာ-ပုံနှိပ်၊ ငြိမ်း၊ မန္တလေးကိုယ်ပွားသတင်းစာတိုက်၊ အထက်မြန်မာပြည်) ဖုန်း-၀၉-၇၉၇၃၀၂၈၅၅

**အလုပ်အမှုဆောင်အဖွဲ့**
**သတင်းနှင့်စာနယ်ဇင်းဝန်ထမ်းဟောင်းများအသင်း (ယာယီ)**

## အထူးကျေးဇူးတင်ရှိခြင်း

**မောင်သုထက်ကျော်(မနတ-၅၂၃)အား**
**(အင်္ဂလိပ်၊ သင်္ချာ၊ ဓာတုဗေဒ၊ ဇီဝဗေဒ)ဘာသာရပ်များ**
**ဂုဏ်ထူးရရှိအောင်**
**သင်ကြားပြသလမ်းညွှန်ပေးခဲ့ကြပါသော မန္တလေးမြို့၊ C.A.E ကိုယ်ပိုင်အထက်တန်းကျောင်း မှ ဆရာကြီး၊ ဆရာမကြီးများအား**
**အထူးကျေးဇူးတင်ရှိပါသည်။**

သူငယ်တန်းမှ သတ္တမတန်းအထိသင်ကြားပေးခဲ့ကြပါသော အလက(အမရပူရမြို့)မှ ဆရာ၊ဆရာမများအားလည်းကောင်း တက္ကသိုလ်ဝင်တန်းစာမေးပွဲအား ဂုဏ်ထူးများ ရရှိအောင်သင်ကြားပေးခဲ့သည့် မန္တလေးမြို့၊ C.A.E ကိုယ်ပိုင်အထက်တန်းကျောင်းမှ ဆရာကြီး၊ ဆရာမကြီးများနှင့်တကွ အင်္ဂလိပ်စာ-ဦးဝေယံစိုးမိုး၊ သင်္ချာ-ဦးမျိုးညွန့်၊ ဓာတုဗေဒ-ဦးအေးအေး(သမီး-ဒေါ်လွဲ့လွဲ့အေး)နှင့် ဘာသာရပ်များကို အနီးကပ်လေ့ကျင့်သင်ကြားပေးပါသော ဒေါက်တာအောင်မျိုးဦးနှင့် ဒေါက်တာဟိန်းမင်းဦးတို့အား အထူးပင်ကျေးဇူးတင်ရှိပါသည်။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃ယ/၁၀၂၇၈ Loncin dream ယာဉ်လက်ဝယ်ရှိသူ ဦးအောင်မြင့်ဝင်း ၁၁/ကဖန(နိုင်)၀၆၂၉၅၈က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး၊ ကလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၉ယ/၃၃၁၇၈ ယာဉ်လက်ဝယ်ရှိသူ ဦးစည်သူရှိန် ၇/နတလ(နိုင်)၀၅၃၁၀၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပြည်)၊ ပြည်မြို့**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ မလှိုင်မြို့၊ အထက(၁) တက္ကသိုလ်ဝင်တန်းမှ မအေးသန့်ခိုင်၏ ဖခင်အမည်မှန်မှာ ဦးသောင်းရွှေ ၇/ပတတ(နိုင်)၀၈၈၀၁၇ ဖြစ်ပါကြောင်း။

**ဦးသောင်းရွှေ ၇/ပတတ(နိုင်)၀၈၈၀၁၇**

## အမည်ပြောင်း

ဦးမိုးဇော်၏သား နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ အမှတ် ၁၂၂၊ ပင်မအခြေခံပညာမူလွန်ကျောင်း ပထမတန်း(ခ)မှ မောင်လှံ့ဖြိုးဝေအား ယနေ့မှစ၍ ရှိုင်းဝေယံဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်ရှိုင်းဝေယံ**

## ဖခင်အမည်မှန်

မဘိမ်းမြို့၊ အ.ထ.က၊ တက္ကသိုလ်ဝင်တန်းမှ မငြိမ်းအိအိထွန်း၏ ဖခင်အမည်မှန်မှာ ဦးအောင်ရွှေမြင့် ၁၃/မဘန(နိုင်)၀၀၀၂၈၇ ဖြစ်ပါကြောင်း။

**ဦးအောင်ရွှေမြင့်**

## ဖခင်အမည်မှန်

အောင်လံမြို့နယ် ရွှေပန်းတောကျေးရွာ ရွှေပန်းတော အခြေခံပညာအထက်တန်းကျောင်း ပထမတန်းတွင် ပညာသင်ကြားနေသော မသီရိဆက်ပိုင်၏ ဖခင်အမည်မှန်မှာ ဦးတင်ကိုလတ်ဖြစ်ပါသည်။ **ဦးတင်ကိုလတ်**
**ရွှေပန်းတော**

# ဂုဏ်ယူဝမ်းမြောက်ခြင်း

၁၅-၅-၂၀၁၅ရက် နေပြည်တော်၌ ကျင်းပပြုလုပ်သည့် နိုင်ငံ့စွမ်းဆောင်ရည်ဆုချီးမြှင့်ပွဲအခမ်းအနားတွင်
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတ၏
သုံးနှစ်ဆက် **"အထူးဂုဏ်ထူးဆောင် နိုင်ငံ့စွမ်းဆောင်ရည်ဆု"**
**(နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာတာဝန် အများဆုံးသယ်ပိုးထမ်းဆောင်ခဲ့သော လုပ်ငန်းရှင် ပထမဆု)ကို**
**"ကမ္ဘောဇဘဏ်လီမိတက် ဥက္ကဋ္ဌ ဦးအောင်ကိုဝင်း"** အားလည်းကောင်း၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတ၏
**"နိုင်ငံ့စွမ်းဆောင်ရည်ဆု"**
**(နိုင်ငံတော်နှင့် ပြည်သူတို့အတွက် လူမှုရေးအကျိုးပြုမှု အကောင်းဆုံးလူမှုရေးအသင်းအဖွဲ့ဆု)ကို**
**"ကမ္ဘောဇအုပ်စုအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဒေါ်နန်းလိုင်းခမ်း"** အား
လည်းကောင်း ဂုဏ်ပြုချီးမြှင့်ခြင်းခံရသည့်အတွက် အထူးပင်ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် နောင်နှစ်များတွင်လည်း ယခုကဲ့သို့ နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာအများဆုံးထမ်းဆောင်နိုင်ပြီး နိုင်ငံအကျိုးပြုဆိုင်ရာ ကဏ္ဍအသီးသီး၌ ဆတက်ထမ်းပိုးတိုး၍ ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းများတောင်းအပ်ပါသည်။

**ဥက္ကဋ္ဌနှင့်အလုပ်အမှုဆောင်အဖွဲ့**
**ရှမ်းစာပေနှင့်ယဉ်ကျေးမှုအသင်း**
**တောင်ကြီးမြို့**

**ဥက္ကဋ္ဌနှင့်အလုပ်အမှုဆောင်အဖွဲ့**
**"နမ့်ခုံး" ရှမ်းများပရဟိတအသင်း**
**တောင်ကြီးမြို့**

## ဖခင်အမည်မှန်

အထက ဘော်ဆိုင်း၊ အဌမတန်းမှ မောင်ဇေယျာထွန်း၏ ဖခင်အမည်မှန်မှာ ဦးကျော်စွာဝင်း ၁၃/ကလန(နိုင်)၀၆၂၂၆၅ ဖြစ်ပါကြောင်း။

**ဦးကျော်စွာဝင်း**

## ဖခင်အမည်မှန်

အထက ဘော်ဆိုင်း၊ အဌမတန်းမှ မအေးနှင်းဦး၏ ဖခင်အမည်မှန်မှာ ဦးအောင်နိုင်ဦး ၁၃/ကလန(နိုင်)၀၄၆၂၃၈ ဖြစ်ပါကြောင်း။

**ဦးအောင်နိုင်ဦး**

## မိဘအမည်မှန်

ကွန်ဟိန်းမြို့၊ အထက နဝမတန်း (က)မှ မောင်လင်းအာကာကျော်၏ မိဘအမည်မှန်မှာ ဦးလင်းအောင်နိုင်-ဒေါ်ရီရီဝင်း ဖြစ်ပါကြောင်း။

**ဦးလင်းအောင်နိုင်-ဒေါ်ရီရီဝင်း**

## မိဘအမည်မှန်

ကွန်ဟိန်းမြို့၊ အထက သတ္တမတန်း (က)မှ မောင်အာကာဟိန်း၏ မိဘအမည်မှန်မှာ ဦးလင်းအောင်နိုင်-ဒေါ်ရီရီဝင်း ဖြစ်ပါကြောင်း။

**ဦးလင်းအောင်နိုင်-ဒေါ်ရီရီဝင်း**

## အမည်ပြောင်း

ဦးမောင်ထွေး၏သား ဆီဆိုင်မြို့၊ အထက ဘုရားဖြူ၊ နဝမတန်းမှ ခွန်မောင်ဖျောင်းအား ယနေ့မှစ၍ ခွန်ကြယ်လရောင်ဟု ပြောင်းလဲခေါ်ပါရန်။ **ခွန်ကြယ်လရောင်**

## ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ အထက(ခွဲ) ကျော်ရွာ အဌမတန်း(အောင်)မှ မစိုးနန္ဒာ၏ဖခင်အမည်မှန်မှာ ဦးဘိုဝင်း ၅/ကလထ(နိုင်)၀၃၁၀၅၀ ဖြစ်ပါကြောင်း။

**ဦးဘိုဝင်း ၅/ကလထ(နိုင်)၀၃၁၀၅၀**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၄ဂ/၅၂၃၅ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး၊(ရန်ကုန်အနောက်ပိုင်း)**

## ဖခင်အမည်မှန်

မြိတ်မြို့၊ အထက(၆) ကျွဲကူး တက္ကသိုလ်ဝင်တန်း(C)မှ မအိသဇင်မိုး၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဦးသိန်းဇော်မင်း ဖြစ်ပါကြောင်း။

**ဦးသိန်းဇော်မင်း**

## ယာဉ်မှတ်ပုံတင်စာအုပ်ပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3B/8877 Nissan Condor CM87FA, VAN(4x2) ယာဉ်လက်ဝယ်ရှိသူ ယုဇနရေလုပ်ငန်းကုမ္ပဏီလီမိတက်က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံးခွဲ (ရွာသာကြီး)**

## ဖခင်အမည်မှန်

ထားဝယ်မြို့၊ အထက(၃)၊ နဝမတန်းမှ မောင်ပြည့်ကိုခန့်၏ဖခင်အမည်မှန်မှာ ဦးသီဟလွင် ၆/ပလန(နိုင်)၀၇၃၉၆၆ ဖြစ်ပါကြောင်း။

**ဦးသီဟလွင် ၆/ပလန(နိုင်)၀၇၃၉၆၆**

## မွေးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

မြိတ်မြို့၊ ရဲဝင်းအတွင်း ရဲတပ်ကြပ်ကြီးဦးတင်မောင်ဦး အိမ်တွင်နေထိုင်သော ဒေါ်သန်းသန်းထွေး(ခ)ဒေါ်သန်းသန်းဆွေ၏မွေး အလိမ္မာ(ခ)မောင်ဟိန်းဇော်သည် အဘိုးအဘွားများအား အကြိမ်ကြိမ်ကိုယ်ထိလက်ရောက် စိတ်ဆင်းရဲအောင်ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ မွေးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။

**ဒေါ်သန်းသန်းထွေး(ခ)ဒေါ်သန်းသန်းဆွေ**
**၆/မအရ(နိုင်)၀၀၁၃၅၄**

## သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

အဖ ဦးခင်မောင်စီ(၁၂/လမန(နိုင်) ၀၈၄၄၄၉)နှင့် အမိ ဒေါ်ခင်သန်းဝင်း(၁၂/လမန(နိုင်)၀၈၄၁၆၇)တို့၏ သမီးဖြစ်သူ မအိအိမာ(၁၂/လမန(နိုင်)၀၀၃၀၇၃)သည် မိဘတို့၏ဂုဏ်သိက္ခာအား ထိခိုက်စေကာကာ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်စိတ်ဆင်းရဲအောင်ပြုလုပ်သွားပါသဖြင့် ၉-၆-၂၀၁၅ နေ့မှစ၍ သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင်တွင် ၎င်းနှင့် ပတ်သက်သောကိစ္စအဝဝအား လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။ စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

**ဦးခင်မောင်စီ၊ ဒေါ်ခင်သန်းဝင်း**

**ရွှေပြည်ဟိန်း ကုသိုလ်ဖြစ်ဆေးရုံ ဇွန်လ၊ ၂၀-၂၁၊ (၄၈)ကြိမ်မြောက် မျက်စိခွဲစိတ်နှစ်သစ်အလင်းဒါနပါဝင်လှူဒါန်းနိုင်**

မေလ (၂၄)ရက် (၄၇)ကြိမ်အထိ မျက်စိဝေဒနာရှင် ဦးရေ (၆၀၅၀) ပြည့် အလင်းဒါနပြုလုပ်ပြီးဖြစ်ပါသည်။ ဇွန်လ (၂၀၊ ၂၁)ရက်တွင် ၄၈-ကြိမ်မြောက် မျက်စိခွဲစိတ်အလင်းဒါနပြုလုပ်မည် ဖြစ်ရာ မျက်စိဝေဒနာရှင် (၁)ဦးအတွက် ခွဲစိတ်ခြင်းအလှူတော်ငွေ ၄၀၀၀၀ိ/- ကို အလင်းဒါန အလှူရှင်အဖြစ်ခံယူကာ ကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ ဘဏ်စာရင်းသို့ ထည့်သွင်း၍ဖြစ်စေ၊ လှူဒါန်းနိုင်ပါကြောင်း သတင်းကောင်းအစ်ပါသည်။

လှူဒါန်းရန်ဌာန - **သီတာဂူရွှေပြည်ဟိန်းစက္ခုဒါနဆေးရုံ၊ ရွှေပြည်ဟိန်းကျောင်း၊ ပြည်သာယာ၊ ရန်ကင်း။** (ILBC ၊ တာမွေလေး၊ သံလမ်း၊ အနီး) ဖုန်း - ၀၁-၅၄၁၄၉၃၊ ၀၉-၇၃၀၅၆၅၆၉

ရွှေဂုံတိုင်ကမ္ဘောဇဘဏ် - အရှင်စန္ဒမာသိရိလက်ခံရ (Account No. 007-50100701690301) ဘဏ်စာရင်းသို့ နီးရာဘဏ်၌ ထည့်သွင်း၍လည်းကောင်း၊ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

## အယူတော်ခံမှုဆိုင်ရန် ချိန်းဆိုသည့်နေ့ရက်ကို အယူတော်ခံတရားပြိုင်သို့ ကြားသိစေသည့်

## အကြောင်းကြားစာ

**(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၄၁၊ နည်းဥပဒေ-၁၄)**
**ပခုက္ကူခရိုင်တရားမရုံးတော်၌**
**၂၀၁၅ ခုနှစ် တရားမအယူခံမှုအမှတ်-၁၇**

၁။ ဦးတင်မောင် **နှင့်** ၁။မောင်တင်ကိုလတ်
၂။ ဒေါ်အိမ်သိန်း ၂။မနွယ်နီမောင်
၃။မောင်ထွန်းထွန်း
၄။ဒေါ်တင်မြင့်

**အယူခံတရားလိုများ** **အယူခံတရားပြိုင်များ**

၂၀၁၅ခုနှစ် မတ် ၅ရက်စွဲပါ ပေါက်မြို့နယ်တရားမရုံးတော်၏ တရားမကြီးမှုအမှတ်-၂၂/၂၀၁၄ ကို အယူတော်ခံမှု။

ယခုဤအယူခံမှုမှ ပေါက်မြို့နယ်၊ ပေခုနစ်ပင်ကျေးရွာနေ အမှတ်(၃) အယူခံတရားပြိုင် မောင်ထွန်းထွန်း(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

ယခုအမှုတွင် ပေါက်မြို့နယ်တရားမရုံးတော်ကချပေးသည့် ဒီကရီကို ဦးတင်မောင်ပါ-၂ဦးက အယူတော်ခံရာ ဤရုံးတော်တွင် မှတ်ပုံတင်စာရင်းတင်သွင်းပြီး ထိုအယူခံမှုကို ၂၀၁၅ ခုနှစ် ဇူလိုင် ၇ ရက် (၁၃၇၇ခုနှစ် ပထမဝါဆိုလပြည့်ကျော် ၆ရက်)တွင် ဆိုင်ရန် ဤရုံးတော်က ချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ၊ ဤအယူခံမှုတွင် သင့်အတွက်ဆောင်ရွက်ရန် တရားဥပဒေအရ ခွင့်ပြုထားသူကိုယ်စားလှယ်ဖြစ်စေ၊ မလာမရောက်ရှိခဲ့လျှင် ၎င်းအယူခံမှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ်ပြုလုပ်၍ စီရင်ဆုံးဖြတ်လိမ့်မည်။

ထို့ပြင် သင်ကအယူခံနိုင်ခွင့်ရှိသော ဤအမှုတွင် ဒီကရီကို အမိန့်-၄၁၊ နည်းဥပဒေ-၂၂ အရ ကန့်ကွက်လိုလျှင် အမိန့်-၄၁၊ နည်းဥပဒေ-၂၂အရ ချိန်းဆိုထားသည့် အချိန်အတွင်း ဤကဲ့သို့ သင်ကကန့်ကွက်လိုကြောင်း ဤအယူခံရုံး၌ အကြောင်းကြား အစီရင်ခံစာသွင်းရမည်။

၂၀၁၅ခုနှစ် ဇွန် ၅ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(မြင့်ဆွေကျော်)**
**ခရိုင်တရားသူကြီး**
**ပခုက္ကူခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀**
**သဃ်္ဃန်းကျွန်းမြို့နယ်တရားရုံးတော်၌**
**၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၁၆**

ဒေါ်အေးအေးမူ **နှင့်** ၁။ ဦးမောင်ချစ်
၂။ ဦးမြင့်စိုး

**တရားလို** **တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ (ဆ/က)ရပ်ကွက်၊ ရတနာသုခလမ်း၊ အမှတ် (၆၅/ဘီ)တွင် နေထိုင်သော (၁) ဦးမောင်ချစ်၊ (၂) ဦးမြင့်စိုး (ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

သင်တို့အပေါ်၌ တရားလို ဒေါ်အေးအေးမူက ပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ်၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၁၅ ခုနှစ် ဇူလိုင် ၁ ရက် (၁၃၇၇ ခုနှစ် ပထမဝါဆိုလပြည့်နေ့) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်တို့မလာရောက် ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်တို့ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ ခုနှစ် ဇွန် ၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

**(ဝင်းခင်မိုးဆင့်)**
**တွဲဖက်မြို့နယ်တရားသူကြီး(၁)**
**သဃ်္ဃန်းကျွန်းမြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ သပြေကုန်းရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/သပြေကုန်း၊ မြေကွက်အမှတ် (၂၇၈)၊ ဧရိယာ ၀ ဒသမ ၀၆၇၈ဧကရှိ ဦးမြင့်စိုးအမည်ဖြင့် ပိုင်ဆိုင်သော အငှားဂရန်မြေကွက်အား ဦးရဲမျိုးထွန်းဝင်း ၉/ပမန(နိုင်)၁၄၃၆၆၄ (ဘ) ဦးကျော်တင်မှ ပိုင်ဆိုင်ကြောင်းအထောက်အထားများတင်ပြပြီး မြေငှားစာချုပ်အမည်ပြောင်း လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ လသာမြို့နယ်၊ ကမ်းနားလမ်း၊ River Side Residence တိုက်အမှတ် ၄၅၆/၄၅၈၊ အခန်းအမှတ်(2A,2B)၊ အကျယ်အဝန်း(၂၀×၁၀၀)ပေစီရှိ နှစ်ခန်းတွဲ ၃-လွှာ ကွန်ဒိုတိုက်ခန်း ရေ၊ မီးစုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား တရားဝင်ပိုင်ဆိုင် ရောင်းချခွင့်ရှိသူ ဦးမျိုးမြင့် ၁၂/လသန(နိုင်)၀၀၃၇၄၄ ထံမှ ကျွန်ုပ်၏မိတ်ဆွေများက ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသော အထောက်အထားများနှင့်တကွ ကျွန်ုပ်၏ထံသို့ ဤကြော်ငြာစာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက ဥပဒေနှင့်အညီ ဆက်လက်အရောင်းအဝယ်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ခင်အေးမြင့် (စဥ်-၇၁၅၈)**
**LL.B, LL.M, D.B.L တရားလွှတ်တော်ရှေ့နေ**
**အမှတ် (G-1)၊ ကန်တော်ကလေးလမ်း၊ အောင်ဆန်းကွင်းမြောက်ဘက်တန်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၁၈၆၀၄၅၊ ၃၉၄၀၈၀**

## ဖခင်အမည်မှန်

ရန်ကုန်မြို့၊ တောင်ဒဂုံ၊ အထက(၅) စာစစ်ဌာနမှ တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူ မခိုင်သဉ္ဇာနွယ် ၁၂/တမန(နိုင်)၁၁၉၈၈၄၏ ဖခင်အမည်မှန်မှာ ဦးသန့်ဇော် ၁၀/မဒန(နိုင်)၀၆၂၀၆၁ ဖြစ်ပါကြောင်း။ **မခိုင်သဉ္ဇာနွယ်**

## ဂိုဒေါင်ငှားမည်

မြေ ၂ ဧက ဂိုဒေါင် (၁၉၅ × ၂၀၀)ပေ အမြင့်ပေ ၅၀၊ ၃၁၅ KVA ပွဲစားမလို။

**ဖုန်း-၀၉-၇၃၁၁၅၃၂၉**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ဝန်းသိုမြို့နယ်၊ ညောင်ခြေထောက်ကျေးရွာအုပ်စုနေ ဦးတင်ဦး ၅/ဝသန(နိုင်)၀၂၄၁၅၈၏ဖခင်မှာ ဦးဖိုးနီနှင့် ဦးချစ်မောင်သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရန်အောင်(၂)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၃/ဂုဏ်တန်မြောက်၊ မြေကွက်/ဦးပိုင်အမှတ် (၈၇ ᵃ)၊ ဧရိယာ ၀ ဒသမ ၀၄၂ ဧကရှိ ဦးဉာဏ်ထူးလှိုင်အမည်ပေါက် ဘိုးဘပိုင်မြေကွက်အား ဦးစိန်မြင့် ၁၂/တမန(နိုင်)၀၇၂၉၁၄ (ဘ)ဦးဖြူမှ ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး ဘိုးဘပိုင်မြေကွက်အမည်ပြောင်း လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ဃ/၂၂၀၃ Toyota Dyna X ZU 307, L/T (4x2) ယာဉ်လက်ဝယ်ရှိသူ ဒေါ်ပြုံးကြည် ၇/ပမန(နိုင်)၀၈၅၈၃၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (ပြည်)၊ ပြည်မြို့**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ ၂၀)**
**တောင်ကြီးခရိုင်တရားရုံး**
**၂၀၁၅ ခုနှစ် တရားမကြီးမှုအမှတ်-၃၁**

ဒေါ်အားလီ(ခ)ဒေါ်ရှင်းချင် **နှင့်** ဒေါ်ကြူကြူ

**တရားလို** **တရားပြိုင်**

တောင်ကြီးမြို့၊ အမှတ်(၁၇/က)၊ အနော်ရထာလမ်း၊ ကန်အောက်ရပ်ကွက်နေ ဒေါ်ကြူကြူ (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ငွေကျပ်သိန်း (၃၁၄၇၆၀၀၀ိ/-)ကိုရလိုမှုနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ ခုနှစ် ဇွန် ၁၉ရက် (၁၃၇၇ ခုနှစ် ပထမဝါဆိုလဆန်း ၃ ရက်) မွန်းမတည့်မီ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့်စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ ခုနှစ် ဇွန် ၅ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ခင်ဝင်းယုဆွေ)**
**ဒုတိယခရိုင်တရားသူကြီး(၄)**
**တောင်ကြီးခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းနှင့် အများသိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာဇံမြို့နယ်၊ အကွက် (၂၆၁)နေ ဦးကိုကိုကြီး ၉/မနတ(နိုင်)၁၀၅၇၄၉ ထံမှ စစ်ကိုင်းမြို့နယ်၊ ဇီးချောင်းကျေးရွာအုပ်စု၊ ပြုကံရွာရှိ အရှေ့(တောင်-မြောက်)၄၉ ပေ၊ ၅လက်မ၊ တောင်(အရှေ့-အနောက်) ပေ ၇၀မြေကွက်နှင့် မြေပေါ်ရှိ ၃×၃ခန်း (နှစ်ထပ်) အုတ်နံကပ်တိုက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ကျွန်ုပ်မိတ်ဆွေ ဒေါ်တင်တင်ဦး(ခ)စွန်ဒရီးက ၉-၉-၂၀၁၄ ရက်တွင် တန်ဖိုးငွေကျပ်သိန်း(၂၀၀)တိတိဖြင့် အပြီးအပိုင်ဝယ်ယူပိုင်ဆိုင်ခဲ့ပြီးဖြစ်ပါသည်။ ထိုကဲ့သို့ အရောင်းအဝယ်ပြုခြင်းနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ဤကြေညာချက်ပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းအထောက်အထားများဖြင့် ကျွန်ုပ်တို့ထံကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်တင်တင်ဦး (ခ) ဒေါ်စွန်ဒရီး၏ ညွှန်ကြားချက်အရ-**

**ဦးမြင့်သိန်း B.Sc, H.G.P**
**အထက်တန်းရှေ့နေ-၁၈၇၆၉/၉၀**
**ရွာထောင်ရပ်၊ စစ်ကိုင်းမြို့**
**ဖုန်း-၀၉-၂၅၆၃၉၉၆၃၆**

## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ သဲကုန်းမြို့နယ်၊ ညောင်ကုန်းအုပ်စု၊ ကွင်းအမှတ် (၉၁၄ ᵏ)၊ ညောင်ကုန်းကွင်းဦးပိုင်အမှတ် (၃၁၇+၃၁၆) ဧရိယာ ၀ ဒသမ ၁၂ဧက+ ၀ ဒသမ ၀၈ ဧက၊ စုစုပေါင်း ၀ဒသမ ၂၀ အား သဲကုန်းမြို့နယ်၊ ညောင်ကုန်းကြီးကျေးရွာအုပ်စု၊ ဆင်တဲကုန်းရွာနေ ဦးစန်းလွင်ဦး ၁၂/ဥကတ(နိုင်)၁၃၇၈၅၆-ဒေါ်ချိုချိုလွင်ဆွေ ၁၂/မရတ(နိုင်)၁၀၄၉၇၄ စိမ်းရောင်စိုစိုက်ပျိုးရေးဆေးဆိုင်ပိုင်ရှင် (၂)ဦးထံမှ ၂-၁၂-၂၀၁၄ရက်တွင် သဲကုန်းမြို့၊ ရပ်ကွက်(၁) လမ်းမတော်လမ်းနေ ဦးခင်ဇော်ဦး ၇/သကန(နိုင်)၀၇၅၄၃၉ မှ ညောင်ကုန်းကြီးကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ရှေ့မှောက်တွင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုပြီး အပြီးအပိုင်ဝယ်ယူပြီးဖြစ်ပါသည်။

ကန့်ကွက်လိုပါက ရက် ၃၀ အတွင်း ခိုင်လုံသောအထောက်အထားစာရွက်စာတမ်းများနှင့် မြို့နယ်မြေစာရင်းဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**ဦးခင်ဇော်ဦး**
**၇/သကန(နိုင်)၀၇၅၄၃၉**
**ရပ်ကွက်(၁)၊ လမ်းမတော်လမ်း**
**သဲကုန်းမြို့**

## ရောင်းရန်ကြော်ငြာစာ

**(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)**
**တောင်ငူခရိုင်တရားမရုံးတော်၌**
**၂၀၁၅ ခုနှစ် ဇာရီမှုအမှတ်-၁၀**

မြဝတီဘဏ်လီမိတက် (ပျဉ်းမနား) **နှင့်** ဦးအောင်မြင့်လွင်

**ဒီကရီရသူ** **တရားရှုံး**

၂၀၁၃ ခုနှစ် တရားမမှုအမှတ် ၆၉ တွင် စရိတ်များအပါအဝင် ငွေကျပ် ၃၃၈၆၃၆၆၂ အတွက် ဒီကရီအတည်ဇာရီပြုရာစာရင်း၌ဖော်ပြထားသော ပစ္စည်းများတွင် တရားရှုံး အကျိုးသက်ဆိုင်ခြင်းကို ၂၀၁၅ ခုနှစ် ဇွန် ၂၆ ရက် (၁၃၇၇ ခုနှစ် ပထမဝါဆိုလဆန်း ၁၀ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် ပစ္စည်းတည်ရှိရာအရပ်မှာ လေလံတင်၍ ရောင်းချလိမ့်မည်။

ရောင်းချခြင်းမှာ အများပြည်သူတို့ရှေ့ လေလံတင်ရောင်း၍ ၎င်းစာရင်းတွင်ဖော်ပြပါရှိသည့်အတိုင်း အစုအပုံများပြုပြီးလျှင် ပစ္စည်းကိုရောင်းချလိမ့်မည်။ ထိုစာရင်းတွင် ဖော်ပြပါရှိသည့်အတိုင်း အထက်အမည်ပါ တရားရှုံး၏ပစ္စည်းကို ရောင်းချလိမ့်မည်။ အဆိုပါပစ္စည်းပေါ်တွင် တင်ရှိသည့် ကြွေးမြီကစိပတ်တာဝန်များမှာ စုံစမ်းသိသာသမျှ အစုအသီးသီးနှင့်ဆိုင်ရာတည့်တည့် ၎င်းစာရင်းတွင် ဖော်ပြပါရှိသည့်အတိုင်းဖြစ်သည်။

ရောင်းချရာတွင် အများပြည်သူတို့မှာ ကိုယ်တိုင်သော်လည်းကောင်း၊ နေရာတကျအခွင့်အရေးလွှဲအပ်သည့် ကိုယ်စားလှယ်သော်လည်းကောင်း ဆွဲဝယ်စေရန် ဆင့်ဆိုကြော်ငြာလိုက်သည်။ သို့သော်လည်း အထက်အမည်ပါ တရားနိုင်သော်လည်းကောင်း၊ တရားနိုင်အတွက်သော်လည်းကောင်း ဆွဲဝယ်သည်ကို လက်ခံမည်မဟုတ်သည်သာမက၊ ၎င်းတို့သို့ တစ်စုံတစ်ရာ ရောင်းချခြင်းသည် ရုံးတော်အခွင့်အမိန့်တင်ရင်၍ အတည့်အလင်းမရမရှိလျှင် ခိုင်မာလိမ့်မည်မဟုတ်၊ ရောင်းချရန် နောက်ထပ်စည်းကမ်းချက်များမှာ အောက်၌ဖော်ပြထားသည်။

**ပစ္စည်းစာရင်း**

တောင်ငူမြို့နယ်၊ ရပ်ကွက်/ကျေးရွာအုပ်စု၊ မင်းကြီးညို၊ ကွင်းအမှတ်နှင့် အမည် ၃/ပန်းပဲအနောက်၊ ဦးပိုင်အမှတ် ၁၈၂/၈၁၃၊ မြေဧရိယာ ၀ ဒသမ ၁၆၅ဧက၊ ဦးအောင်မြင့်လွင်အမည်ပေါက် နှစ် ၃၀ဂရန်မြေနှင့် ယင်းမြေပေါ်ရှိ အမှတ် ၈၁၃၊ နန္ဒကျော်ထင်လမ်း၊ မင်းကြီးညိုရပ်ကွက်၊ တောင်ငူမြို့ဟုခေါ်တွင်သော ခြံဝင်းအတွင်းရှိ အဆောက်အအုံများအားလုံးနှင့် အကျိုးခံစားခွင့်များ။

**ကြမ်းခင်းဈေး ကျပ်သိန်း ၁၀၀၀။**

**ရောင်းချရန်နောက်ထပ်စည်းကမ်းချက်များ**

၁။ စာရင်းတွင်ဖော်ပြပါရှိသောအချက်များမှာ ရုံးတော်က သတင်းစကားရရှိ သိသာသမျှဖြစ်သည်။ သို့သော်လည်း ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်မစကားပါခြင်း သို့တည်းမဟုတ် ကြွင်းကျန်ခြင်းတစ်ခုခုအတွက် ရုံးတော်က တာဝန်ခံမည်မဟုတ်။

**တရားရှုံး၏အကျိုးသက်ဆိုင်သမျှကိုသာ ရောင်းချလိမ့်မည့်အကြောင်း လေလံဆွဲဝယ်ယူမည့်သူတို့အား အထူးသတိပြုကြရန် နှိုးဆော်လိုက်သည်။**

၂။ လေလံဆွဲတက်ရာ မည်မျှမည်ရွေ့တိုးတက်ရမည်ကို ရောင်းချသူအရာရှိက ဆုံးဖြတ်လိမ့်မည်။ ဆွဲတက်သည့်ငွေအတွက်နှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ မည်သူကဆွဲတက်သည်နှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ တစ်ခုခုအငြင်းအခုံဖြစ်ပွားသည့်အချက်တွင် ၎င်းပစ္စည်းစုကို ချက်ချင်းတစ်ဖန်ပြန်၍ လေလံတင်ရောင်းလိမ့်မည်။

၃။ အများဆုံးတိုးတက်ဆွဲဝယ်ယူသူမှာ ၎င်းပစ္စည်းတစ်ခုခုကို ဆွဲဝယ်ယူသူဖြစ်ကြောင်း ပြဋ္ဌာန်းလိမ့်မည်။ သို့သော်လည်း ၎င်းလူမှာ တရားဥပဒေနှင့်အညီ တိုးတက်ဆွဲဝယ်ရန် အရည်အချင်းနှင့် ပြည့်စုံသူဖြစ်စေရမည့်ပြင်၊ အမြင့်ဆုံးတိုးတက်ဆွဲဝယ်သည့်အတိုးမှာ နည်းပါးကြောင်းထင်ရှား၍ လက်ခံရန်မသင့်လျော်ကြောင်း လေလံရောင်းချသည့်အရာရှိက သို့တည်းမဟုတ် ရုံးတော်ကထင်မြင်လျှင် လက်မခံငြင်းပယ်ရန် ရုံးတော်က သို့တည်းမဟုတ် ၎င်းအရာရှိက ချင့်ချိန်တိုင်းထွာ၍ ဆောင်ရွက်ခွင့်ရသည်။

၄။ အမိန့်နံပါတ် ၂၁၊ နည်းဥပဒေ ၆၉ပါ ပြဋ္ဌာန်းချက်များကို အမြဲအထောက်အထားပြု၍ ရောင်းချမှုကို ဆောင်ရွက်သူအရာရှိက စဉ်းစားဆင်ခြင်၍ အကြောင်းဖော်ပြရေးမှတ်ပြီးလျှင် ရောင်းချခြင်းကို ရွှေ့ဆိုင်းခွင့်ရသည်။

၅။ ရွှေ့ပြောင်းနိုင်သည့်ပစ္စည်းအချက်တွင် ပစ္စည်းစုအသီးသီး၏အတိုးငွေကို ရောင်းချသည့်အခါတွင် ပေးချေရမည်။ သို့တည်းမဟုတ် ရောင်းချသူအရာရှိက ဆင့်ဆိုသည့်အတိုင်း ရောင်းချပြီးနောက် မြန်နိုင်သမျှ အချိန်အခါတွင် ပေးချေရမည်။ ပေးချေမပြုပျက်ကွက်လျှင် ပစ္စည်းကို ချက်ချင်းတစ်ဖန်ပြန်၍ လေလံတင်ရောင်းချလိမ့်မည်။

၆။ မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းဖြစ်သည့်အချက်တွင် ဆွဲဝယ်သူအဖြစ် ပြဋ္ဌာန်းခံရသူမှာ ရောင်းချသည့်အရာရှိထံသို့ ဝယ်ငွေတစ်ရာလျှင် နှစ်ဆယ့်ငါးကျပ်ကျသည်ကဲ့သို့ ပြဋ္ဌာန်းပြီးသည်နှင့် တစ်ပြိုင်နက်ပေးသွင်းရမည်။ သည်ကဲ့သို့ပေးသွင်းမပြု ပျက်ကွက်ခဲ့လျှင် ပစ္စည်းကို ချက်ချင်းတစ်ဖန်ပြန်၍ လေလံတင်ရောင်းလိမ့်မည်။

၇။ ဆွဲဝယ်သည့်ငွေအလုံးကို ဆွဲဝယ်သူက ပစ္စည်းရောင်းချသည့်ရက်ကိုပယ်၍ ပစ္စည်းကို ရောင်းပြီးနောက် ၁၅ ရက်မြောက်တွင် ရုံးမဆင်းမီ ပေးဆောင်ရမည်။ ၁၅ ရက်မြောက်နေ့မှာ တနင်္ဂနွေနေ့သော်လည်းကောင်း၊ တခြားရုံးပိတ်ရက်သော်လည်းကောင်းဖြစ်လျှင် ၎င်း ၁၅ရက်မြောက်နေ့နောက် ရုံးပထမဖွင့်သည့်ရက်တွင် ပေးဆောင်ရမည်။

၈။ အထက်ခွင့်ပြုသည့်အချိန်ကာလတွင် ဆွဲဝယ်ရာကျန်ငွေကို မပေးမဆောင်ပျက်ကွက်ခဲ့လျှင် ရောင်းချရန်ကြော်ငြာစာအသစ်ထုတ်ပြီးနောက် ၎င်းပစ္စည်းကို တစ်ဖန်ပြန်၍ရောင်းချလိမ့်မည်။ တင်ထားသည့်ကြေးငွေကိုလည်း ရောင်းချသည့်အတွက် စရိတ်များကိုပေးပြီးနောက် ရုံးတော်က သင့်သည်ထင်မြင်ခဲ့လျှင်၊ အစိုးရမင်းသို့ဆုံးရှုံးခဲ့စေ၍ ငွေမပေးမဆောင် ပျက်ကွက်သူမှာ ၎င်းပစ္စည်းကိုဖြစ်စေ နောက်တစ်ဖန်ရောင်းချရာရရှိသည့် ငွေတစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ ဆိုင်ရာဆိုင်ခွင့်အရပ်ရပ်မှ ဆုံးရှုံးစေရမည်။

၂၀၁၅ ခုနှစ် မေ ၂၅ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(မောင်မောင်အေး)**
**ခရိုင်တရားသူကြီး**
**တောင်ငူခရိုင်တရားရုံး**

**အထူးဝမ်းနည်းကြေကွဲခြင်း**
## ဦးဝင်းတင့် B.A (Law) LL.B
**အသက်(၆၂)နှစ်**

မန္တလေးမြို့၊ ၂၂လမ်း၊ ၈၈×၈၉လမ်းကြား၊ ယုဇနလမ်းထောင့်၊ စိန်ဒါးကုန်မာဆိုင်နေ မောင်ကိုကိုလေး-မယဉ်ငြိမ်းအေး၊ ဒေါက်တာသော်ဇင်၊ မောင်ဆက်ဖြိုးဝေတို့၏ဖခင်၊ ဒေါ်ယဉ်ယဉ်၏ချစ်လှစွာသောခင်ပွန်း၊ ရန်ကုန်ဝိဇ္ဇာ-သိပ္ပံတက္ကသိုလ်၊ အင်းဝဆောင်၌နေထိုင်ပြီး ဥပဒေပညာဌာနတွင် (၁၉၇၄-၇၉) ငါးနှစ်တာအတူ ပညာသင်ကြားခဲ့သော သူငယ်ချင်း ဦးဝင်းတင့်သည် ၉-၆-၂၀၁၅ရက်(အင်္ဂါနေ့) နံနက် ၁၁း၄၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးနှင့်ဇနီးမိသားစု**

## ဦးစံအုံးတင်(ဒိုက်ဦး၊ ကဝမြို့) အသက်(၈၂)နှစ်
**လက်ထောက်တိုင်းပညာရေးမှူး(ငြိမ်း)**
**လှည်းကူး၊ ကဝ၊ ထုံးကြီး၊ သပြု**

ကဝမြို့၊ ရန္တပိုလ်လမ်းနေ(ဦးလှတင်-ဒေါ်အေးစိန်)၊ ဒိုက်ဦးမြို့နေ(ဦးစိန်-ဒေါ်စောညွန့်)တို့၏သားသမက်၊ ရန်ကုန်မြို့နေ ဦးစိုးအောင်၊ ဒေါ်လှလှလွင်(နိုင်ငံခြားရေးဝန်ကြီးဌာန၊ ငြိမ်း)၊ ကဝမြို့နေ ဒေါ်သန်းနုရီ၊ ဦးခင်မောင်ရီ၊ ဒေါ်စန်းမြင့်ရီ၊ ဒေါ်တင်ဝင်းတို့၏အစ်ကိုကြီး၊ ဦးသက်တင်(ခေတ္တ-ဂျပန်)၊ ဒေါ်အေးအေးမွန်၊ ဦးကိုကိုလွင်-ဒေါ်မိုမိုမြင့်(အထက၊ အုန်းနဲ)၊ ဦးကိုကိုဇင်-ဒေါ်သင်းဝတ်ရည်တို့၏ဖခင်၊ ဦးစိုးမင်းလွင်-ဒေါ်ခင်ခင်ဥမ္မာ၊ ဦးစိုးဝင်းလွင်-ဒေါ်သီရိမင်းအောင်တို့၏ဘကြီး၊ မနှင်းဦးဝေ၊ မောင်သီဟအောင်၊ မောင်ဘုန်းမြတ်မင်းတို့၏အဘိုး၊ (ဒေါ်ခင်ပု)၏ခင်ပွန်းသည် ၁၀-၆-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁၀နာရီတွင် ကဝမြို့၊ ခရေလမ်း၊ ၂/၆ နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၆-၂၀၁၅ရက်(စနေနေ့)မွန်းလွဲ ၁နာရီတွင် ကဝမြို့နေအိမ်မှ အနောက်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများနှင့် တပည့်များအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

**အထူးဝမ်းနည်းကြေကွဲခြင်း**
## ဒုတိယဗိုလ်မှူးကြီးစိုးနိုင် (ငြိမ်း)
**EMPA 9th Batch**
**အသက်(၅၄)နှစ်**

၆-၆-၂၀၁၅ရက် (စနေနေ့) နံနက် ၁၁နာရီတွင် ကွယ်လွန်သွားသော အကိုကြီး ကိုစိုးနိုင်အတွက် EMPA 9th Batch မှ သူငယ်ချင်း၊ ညီအကိုမောင်နှမများအားလုံးမှ မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ချစ်သူငယ်ချင်း ညီအကိုမောင်နှမများ**
**EMPA 9th Batch**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
## ဦးကျော်မင်းသိန်း(ခ)ဦးချစ် (မော်လမြိုင်)
**(AGTI 90-MT, B.Sc. Math)**
**တွဲဖက်အတွင်းရေးမှူး၊ ဈေးသာယာရေးနှင့်**
**ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ အဆင့်မြင့်မင်္ဂလာဈေးကြီး**
**အသက်(၄၉)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊(၄)ရပ်ကွက်၊ သုမင်္ဂလာလမ်းမကြီး၊ အမှတ်(၉၈၈/ခ)နေ(ဦးတင်သိန်း)-ဒေါ်တင်တင်ရှိန်တို့၏သားကြီး၊ (ဦးသိန်းအောင်-ဒေါ်သောင်းရင်)တို့၏သားသမက်၊ ဒေါ်သီတာသိန်း (မင်္ဂလာဈေး)၊ ဥူးနန္ဒောဘာသ(ပျော်ဘွယ်၊ ရှမ်းဘုရားကလေးဓမ္မရိပ်သာ)၊ ဦးဇော်ဝင်း-ဒေါ်ချယ်ရီထွေး(မင်္ဂလာဈေး)၊ ဒေါ်မြင့်မြင့်အေး(မင်္ဂလာဈေး)တို့၏အစ်ကိုကြီး၊ ဒေါ်မိုးသန္တာ (မင်္ဂလာဈေး)၏ချစ်လှစွာသောခင်ပွန်း၊ မအိသန္တာကျော် (CITY MART Holding Co.,Ltd)၊ မထက်ထက်လင်းလက်ကျော်တို့၏ဖခင်၊ မောင်အောင်ကောင်းခန့်၏ဘကြီးသည် ၉-၆-၂၀၁၅ရက် (အင်္ဂါနေ့) ည ၇နာရီတွင် ကွယ်လွန်သွားပါ၍ ၁၁-၆-၂၀၁၅ရက်(ကြာသပတေးနေ့)မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၅-၆-၂၀၁၅ရက် (တနင်္လာနေ့) နံနက် ၇နာရီမှ မွန်းတည့် ၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

**ဝမ်းနည်းကြေကွဲခြင်း**
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
## ဦးကျော်မင်းသိန်း(ခ)ဦးချစ်
**အသက်(၄၉)နှစ်**

မင်္ဂလာတောင်ညွန့်မြို့နယ်၊ အဆင့်မြင့်မင်္ဂလာဈေး ဈေးသာယာရေးနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကော်မတီ တွဲဖက်အတွင်းရေးမှူးသည် ၉-၆-၂၀၁၅ ရက် (အင်္ဂါနေ့) ည ၇း၀၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဒေါက်တာစောလှထွန်း**
**တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်**
**မင်္ဂလာတောင်ညွန့်မြို့နယ်၊ အမှတ်(၁)မဲဆန္ဒနယ်**

## ဦးသန်းစိုးဝင်း
**အသက်(၄၃)နှစ်**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ တပင်ရွှေထီးလမ်း၊ အမှတ် ၃၂၉(B)နေ (ဦးမောင်ဟန်)-ဒေါ်စန်းရီတို့၏သား၊ (ဦးခင်မောင်)-ဒေါ်ချိုတို့၏သားသမက်၊ ဦးခင်ငွေး-ဒေါ်မိုမိုအောင်၊ ဒေါ်ခင်ခင်ချို [အထွေထွေမန်နေဂျာ၊ ဘဏ္ဍာရေး၊ ကစလ(၃)စက်မှုဝန်ကြီးဌာန]၊ (ဦးအောင်မိုး)-ဒေါ်စိုးစိုးဟန်၊ ဦးမြင့်ဦး-ဒေါ်အေးချိုတို့၏ညီ/မောင်၊ ဦးအောင်အောင်စိုင်းချို-ဒေါ်ဝတ်မှုံဖြိုးတို့၏အစ်ကို၊ ဒေါ်စိန်စိန်ကြည်(Q.A. Dept: Myanmar May Son Co., Ltd.)၏ခင်ပွန်း၊ တူ၊ တူမ ၁၃ယောက်တို့၏ဦးလေးသည် ၁၀-၆-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၉း၃၅နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၁၂-၆-၂၀၁၅ရက်(သောကြာနေ့)မွန်းလွဲ ၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ရဲတပ်ကြပ်အောင်ကိုလင်း
**(မှူခင်းရဲတပ်ဖွဲ့)**
**(လ-၂၀၃၇၁၉)**
**အသက်(၃၃)နှစ်**

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၄) ရပ်ကွက်၊ အဝေရာလမ်း၊ အမှတ် ၄/၁၁၁၇နေ ဦးစိန်ထွန်း-ဒေါ်အုန်းစိန်တို့၏သား၊ ဦးသိန်းဦး-ဒေါ်သေးသေး၊ ဦးစန်းဝင်း-ဒေါ်နန္ဒာလွင်၊ ဦးအောင်သန်းထွန်း-ဒေါ်အေးသီတာ၊ ဦးအောင်ကိုမင်း-ဒေါ်အိန္ဒြယ်ဦးတို့၏မောင်သည် ၁၀-၆-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၇း၅၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ကွယ်လွန်သွားပါသဖြင့် ၁၂-၆-၂၀၁၅ရက်(သောကြာနေ့)ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ဦးသန်းနိုင်(ခ)ဟုတ်စင်
**အသက်(၆၈)နှစ်**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ ရွှေဟသ်ာ ၄လမ်း၊ အမှတ် ၉၅နေ (ဦးယုံ-ဒေါ်ရီ) တို့၏သား၊ (ဒေါ်အေးအေးမြင့်)၏ ခင်ပွန်း၊ ဦးနိုင်နိုင်ဦး-ဒေါ်အေးသီတာနိုင်၊ ဦးယုမင်း-(ဒေါ်အေးသန္တာနိုင်)၊ မောင်ဇော်ဖြိုးနိုင် - မသော်တာဘုန်းတို့၏ဖခင်၊ ဦးစီ-ဒေါ်ကျင်ဖုန်း၊ (ဦးလှမြင့်)-ဒေါ်ကျင်ကြူ၊ ဦးစိန်ဝင်း-ဒေါ်ကျင်ညွန့်တို့၏မောင်၊ ဦးဘုန်းညွန့်-ဒေါ်ခင်သိန်း၊ (ဦးအုန်းကြည်)၊ ဒေါ်တင်တင်အုန်းတို့၏အစ်ကိုသည် ၉-၆-၂၀၁၅ရက်(အင်္ဂါနေ့)နံနက် ၁၀း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၆-၂၀၁၅ရက် (ကြာသပတေးနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ ကျန်ရစ်သူမိသားစု

**ဝမ်းနည်းကြေကွဲခြင်း**
## ဒေါ်ပိုး
**ကွေ့တန်းရှည်ကျေးရွာ**
**အသက်(၉၀)**

ဒုတိယဗိုလ်မှူးကြီးအေးကျော်(ငြိမ်း)၊ ဒေါ်ဝိုင်းနုအေးတို့၏မိခင် ဒေါ်ပိုး အသက်(၉၀)သည် ၄-၆-၂၀၁၅ရက် (ကြာသပတေးနေ့)တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**စစ်တက္ကသိုလ်အမှတ်စဉ်(၂၄)မှ**
**သူငယ်ချင်းများ**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်သန်းမေ (ပုသိမ်)
**အသက်(၈၅)နှစ်**

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ဓနသိဒ္ဓိရပ်ကွက်၊ တိုက် ၁၃၁၃၊ အခန်း ၀၂နေ (ဦးကျင်ရွှေ)၏ဇနီး၊ ဦးမြလွင်-ဒေါ်မြင့်မြင့်ကြည်(ဌာနခွဲမှူး၊ ဈေးများဌာန YCDC)၊ ဦးငွေးလွင်-ဒေါ်လှလှမော် (ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး) (မေသူစားသောက်ဆိုင်)တို့၏မိခင်ကြီး၊ ဗိုလ်ကြီးအောင်သူ-ဒေါ်မြရည်ဝင်း (လက်ထောက်မန်နေဂျာ)၊ မြန်မာ့အာမခံလုပ်ငန်း၊ ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒေါ်မြကေခိုင်(ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး)တို့၏အဘွားသည် ၉-၆-၂၀၁၅ရက် (အင်္ဂါနေ့) ညနေ ၃း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၆-၂၀၁၅ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁း၃၀နာရီတွင် ကွေ့ကြီးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၁၅-၆-၂၀၁၅ ရက် (တနင်္လာနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးစံအုံးတင်(ဒိုက်ဦး၊ ကဝ) အသက်(၈၂)နှစ်
**(လက်ထောက်တိုင်းပညာရေးမှူး၊ ငြိမ်း)**
**(လှည်းကူး၊ ကဝ၊ ထုံးကြီး၊ သပြု)**

ကဝမြို့၊ ရန္တပိုလ်လမ်းနေ(ဦးလှတင်-ဒေါ်အေးစိန်)၊ ဒိုက်ဦးမြို့နေ(ဦးစိန်-ဒေါ်စောညွန့်)တို့၏သားသမက်၊ဒိုက်ဦးမြို့နေ(ဦးကျောက်-ဒေါ်ခင်မြင့်)၊ဦးမောင်မောင်ငွေး(ညွှန်ကြားရေးမှူး၊ ငြိမ်း၊ မြန်မာ့ရေနံ)-ဒေါ်တင်သန်းတို့၏ညီ/မောင်၊ ဦးမောင်မောင်သန်း(မူ/အုပ်၊ငြိမ်း)-(ဒေါ်သန်းမြင့်)၊(ဒေါ်မူမူခင်)၊ ဦးမောင်မောင်လွင်(လက်ထောက်ညွှန်ကြားရေးမှူး၊ ငြိမ်း၊ စက်မှု-၁)-ဒေါက်တာနီလာရွှေ (ပါမောက္ခ၊ ငြိမ်း၊ ခန္ဓာဗေဒ၊ ဆေး-၁)၊ (ဗိုလ်မှူးချုပ်မင်းနိုင်) (အမှတ်-၂၊ စစ်ဆေးရုံ၊ ငြိမ်း)-ဒေါ်ကြူကြူခင်၊ ဦးမောင်မောင်မြင့်(မြန်မာ့ရေနံ၊ ငြိမ်း)-ဒေါ်ကျင်ယု၊ ဦးသန့်စင်(မြို့နယ်မှူး၊ ငြိမ်း၊ အထူးစုံစမ်းစစ်ဆေးရေး)-ဒေါ်စုစုခင် (ကထိက၊ ငြိမ်း၊ သတ္တဗေဒဌာန၊ M&Y)၊ ဒေါ်နွဲ့နွဲ့ကြည်၊ ဒေါ်စန်းစန်းခင် (မန်နေဂျာ၊ SYN-GENCA COMPANY)၊ ဦးဇော်မင်းအုန်း-ဒေါ်အုန်းအုန်းခင်၊ ဒေါ်ညွန့်မော်ဦး၊ ဒေါ်ချိုချိုသန့်၊ (ဦးဖေသက်ညွှန့်)-ဒေါ်နွယ်နွယ်ငွေး (Austrilia)၊ ဒေါက်တာ ခင်သန္တာငွေး(Austrilia)တို့၏ဦးလေး၊ ဦးသက်တင် (ခေတ္တ-ဂျပန်)၊ ဒေါ်အေးအေးမွန်၊ ဦးကိုကိုလွင်-ဒေါ်မိုမိုမြင့်(အထက၊ အုန်းနဲ)၊ ဦးကိုကိုဇင်-ဒေါ်သင်းဝတ်ရည်တို့၏ဖခင်၊(ဒေါ်ခင်ပု)၏ခင်ပွန်းသည် ၁၀-၆-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁၀နာရီတွင် အမှတ်(၂/၆)၊ ခရေလမ်း၊ ကဝမြို့နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၆-၂၀၁၅ရက်(စနေနေ့)မွန်းလွဲ ၁နာရီတွင် ကဝမြို့နယ်နေအိမ်မှ အနောက်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများနှင့်တပည့်အားလုံးတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

**ရဟန်းဒါယိကာမကြီး**
## ဒေါ်မြင့်မြင့်
**အသက်(၇၆)နှစ်**

ရန်ကုန်မြို့နေ (ဦးဘလှ-ဒေါ်တင် ကြည်)တို့၏သမီးကြီး၊ လက်ပံတန်းမြို့နေ (ဦးကျော်ဒင်-ဒေါ်မြတင်)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ စိန်ချယ်လမ်း၊ အမှတ် ၁၈၊ မြေညီထပ်နေ [ဦးထွန်းအောင် (လဝကဦးစီးမှူး၊ ငြိမ်း)]၏ဇနီး၊ ရန်ကုန်မြို့နေ(ဦးအေးသန့်)-ဒေါ်သန်းသန်းငွေး၊ ဦးစိန်လှိုင်-ဒေါ်စန်းရီမြင့်၊(ဦးစိုးပိုင်)-ဒေါ်စံပယ်ကျော်၊ ဦးဆန်းထွန်း-ဒေါ်လှမွန်မြင့်၊ ဦးသန့်ဇင်-ဒေါ်သန်းသန်းဦး၊ ဒေါ်ငွေးငွေးမြင့်၊ ဦးသိန်းဟန်ဦး-ဒေါ်စုစုတင်၊ ဦးအေးမြင့်ထွန်း-ဒေါ်ခင်မာဝင်း၊ ဦးတင်စိုးအောင်-ဒေါ်ထက်နန္ဒာအောင်၊ ဒေါ်မော်မော်အောင်၊ ဦးအောင်ကျော်ကျော်-ဒေါ်မိုးသီတာတို့၏မိခင်၊ မြေး ၂၂ယောက်၊ မြစ်ခြောက်ယောက်တို့၏ဘွားဘွားကြီးသည် ၁၀-၆-၂၀၁၅ရက် နံနက် ၀၀း၃၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၆-၂၀၁၅ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ဦးမျိုးမြင့်(ဘိုကလေး) အသက်(၆၉)နှစ်
**Chief Finance Officer (Business Division-4)**
**(Htoo Group of Company)**

ဧရာဝတီတိုင်းဒေသကြီး၊ ဘိုကလေးမြို့နယ်၊ အေရာကျေးရွာနေ (ဦးမောင်ငြိမ်း-ဒေါ်ခင်)တို့၏သား၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကျိုက္ကဆံရပ်ကွက်၊ ပုလဲလမ်း၊ အမှတ် ၁၄(ပထမထပ်)နေ ဒေါ်အေးအေးငြိမ်း(ခ)ဒေါ်အုပ်စိန်၏ခင်ပွန်း၊ မမေဖြူစင်မျိုး(Summit Parkview Hotel, Yangon)၏ချစ်လှစွာသောဖခင်၊ ဒေါ်ဝင်းလှ၏အစ်ကို၊ ဦးစိုးမြင့်-ဒေါ်နွယ်နွယ်မြင့်(အား/ကာ)၊ ဦးမောင်မောင်မျိုးမြင့်(CEO,Mercury Training Center)၊ ဦးတင်ထွဋ်မြင့်-ဒေါ်မာလာနွယ် (KBZ Bank)၊ ဦးမျိုးမင်းမြင့်-ဒေါ်မာလာခိုင်တို့၏ဦးလေး၊ မယွန်းဆုမြတ်၊ စမ်းချောင်း(၂)၊ မောင်စိုးသုတ(TTC လှိုင်)တို့၏ဘိုးဘိုးသည် ၁၀-၆-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၅နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံကြီး(ခုတင်-၅၀၀)၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၆-၂၀၁၅ရက်(သောကြာနေ့)နံနက် ၁၀း၃၀နာရီတွင် ဒဂုံမြို့နယ်၊ဦးဝိစာရလမ်း၊အမှတ်(၂)တပ်မတော်ဆေးရုံကြီး(ခုတင်-၅၀၀မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ [ဒဂုံမြို့နယ်၊ ဦးဝိစာရလမ်း၊ အမှတ်(၂)တပ်မတော်ဆေးရုံကြီး (ခုတင်-၅၀၀)မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။] ကျန်ရစ်သူမိသားစု

**ပုသိမ်မြို့နယ်အသင်း(ရန်ကုန်)**
## ဦးဝင်းမောင် (ပုသိမ်)
**ပုသိမ်အသင်းဝင်(ရာ/၃၃၄)**
**အသက်(၆၇)နှစ်**

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ ၃၉လမ်း(ထက်)၊ အမှတ် ၂၃၄၊ မြေညီထပ်နေ(ဦးချင်ပွမ်း-ဒေါ်ချစ်ချစ်)တို့၏သား၊ (ဦးအောင်သိန်း-ဒေါ်စောကြူး)တို့၏သားသမက်၊ [တန်ကြိုလန်း(ခ) ဒေါ်အေးအေးသိန်း]၏ခင်ပွန်း၊ ဦးမျိုးဇော်သင်း-ဒေါ်ဟန်နီဝင်း၊ ဦးကောင်းစံဝင်း၊ ဦးနေဝန်းနိုင်တို့၏ဖခင်၊ မောင်အုပ်စိုးခန့်၏အဘိုးသည် ၉-၆-၂၀၁၅ရက်(အင်္ဂါနေ့)ညနေ ၄နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၆-၂၀၁၅ရက် (ကြာသပတေးနေ့) ညနေ ၄နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အသင်းဝင်များ လိုက်ပါပို့ဆောင်ကြပါရန်။) (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။) အမှုဆောင်အဖွဲ့

## ဦးအုန်းမြင့် အသက်(၈၀)
**(အလုပ်ရုံမှူး၊ ငြိမ်း)(R.T.C)**

ရန်ကုန်မြို့၊တောင်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ သုတ ၂လမ်း၊ အမှတ် ၅၉နေ (ဦးသိန်းအောင်-ဒေါ်ကလေးမ) တို့၏သား၊ (ဦးချစ်စိန်-ဒေါ်သိန်းရင်) တို့၏သားသမက်၊ ဒေါ်ကြည်ကြည်ဝင်း၊ ဦးအေးထွဋ် - ဒေါ်မိုးမိုးမြင့်၊ ဦးကျော်တင့် - ဒေါ်ခင်ဆွေဦးတို့၏ ဖခင်၊ မြေးလေးယောက်၊ မြစ်တစ်ယောက်တို့၏အဘိုး၊ ဒေါ်အေးရွှေ၏ ခင်ပွန်းသည် ၁၀-၆-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၆-၂၀၁၅ ရက်(သောကြာနေ့)မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၆-၆-၂၀၁၅ရက် (အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

**ရွှေရင်ကျော် ဣစ္ဆာသယ**
**မဟိန္ဒိစေတိယ်ဇာတ်တော်ကြီး၏ဆရာကြီး**
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊**
**ရေတွင်း၊ ရေကန်၊ ဇရပ်၊ လမ်း၊**
**တံတား၊ ဂန္ဓာကုဋိတိုက်**
**ဒါယကာကြီး**
## ဆရာကြီးဦးကျော်ထွန်း
**အသက်(၈၅)နှစ်**

ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ ပန်းတနော်မြို့နယ်၊ ကျုံပတော ကျေးရွာနေ (ဦးဖိုးစိန်-ဒေါ်မြမေ)တို့၏သား၊(ဦးဖိုးဝ-ဒေါ်ဖွားတင့်)တို့၏သားသမက်၊ရန်ကုန်တိုင်းဒေသကြီး၊မင်္ဂလာဒုံမြို့နယ်၊ မင်္ဂလာဒုံဈေးယာဉ်ရပ်နားဝင်း၊ ၁၄လမ်းနေ ဦးသန်းထွန်းဦး [ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း၊ မင်္ဂလာဒုံမြို့နယ်၊ (အုပ်ချုပ်မှုဒါရိုက်တာ)၊ ၇၇၇ ခြေတုလက်တုလုပ်ငန်း] - ဒေါ်ထိုက်ထိုက်ဦး၊ ဦးသိန်းထွန်း-ဒေါ်ဖြူဖြူခိုင်တို့၏ဖခင်၊ (ဒေါ်ညွန့်ညွန့်)၏ ချစ်လှစွာသော ခင်ပွန်း၊မြေးလေးယောက်တို့၏အဘိုး (၇၇၇ ခြေတုလုပ်ငန်းပိုင်ရှင်)သည် ၈-၆-၂၀၁၅ရက် (တနင်္လာနေ့) ည ၇း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၆-၂၀၁၅ရက် (အင်္ဂါနေ့)တွင် ခန္ဓာကိုယ်အား တပ်မတော်ဆေးတက္ကသိုလ်သို့ လှူဒါန်းပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၄-၆-၂၀၁၅ ရက်(တနင်္ဂနွေနေ့)နံနက်တွင် မင်္ဂလာဒုံမြို့နယ်၊မင်္ဂလာဒုံဈေးယာဉ်ရပ်နားဝင်း၊ ၁၄လမ်း နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး**
## ဒေါ်စိန် (ကျောင်းကုန်း)
**အသက်(၈၀)**

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ၆လမ်း၊ အမှတ် ၄၂နေ (ဦးမောင်အင်-ဒေါ်ခ)တို့၏သမီး၊ ဦးမြရွှေ၏ဇနီး၊ ဦးဘသောင်း-ဒေါ်ကျင်သန်း၊ (မောင်မောင်အေး)တို့၏ ချစ်လှစွာသောမိခင်၊ မောင်စိုးထွဋ်လှိုင်(Final Part I, ဆေး-၁)၊ မသံသာဝင်းသန့် (3rd Yr. Eng) တို့၏အဘွားသည် ၁၀-၆-၂၀၁၅ရက် နံနက် ၁၁း၄၅နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၁၂-၆-၂၀၁၅ရက် (သောကြာနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ဗိုလ်မှူးညွန့်ဦး (ငြိမ်း)
**ကြည်း-၁၀၆၇၉ (OTS-32)**
**အထက်တန်းရှေ့နေ(ကလေးမြို့)**
**အသက်(၇၇)နှစ်**

မန္တလေးမြို့နေ (ဦးဝင်း-ဒေါ်ခင်ကြည်)တို့၏သားကြီး၊ (ဒေါ်တင်တင်)၊ ဒေါ်မြင့်မြင့်တို့၏အစ်ကို၊စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၊ ချမ်းမြေ့အောင်စည်ရပ်ကွက်၊ ရွှေကုံ့ကော်လမ်းသွယ်၊ အမှတ် ၂၆/၁၁နေ ဒေါ်မြင့်မြင့်တင်၏ ခင်ပွန်း၊ ဦးသန်းဇော်ဦး-ဒေါ်မြင့်မြင့်ဝင်း၊ ဒေါ်ဥမ္မာဦး (မူလွန်-နန်းမြို့)၊ ရဲအုပ်မင်းဇော်ဦး(သတရ)-ဒေါ်ခင်ပြုံးဆင့်၊ ကိုကျော်သူရ(ဂန့်ဂေါ)-မမင်းအေး(မအေးဘုံ)တို့၏ဖခင်၊ မြေးရှစ်ယောက်တို့၏အဘိုးသည် ၁၀-၆-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၆-၂၀၁၅ရက် (ကြာသပတေးနေ့) ညနေ ၄နာရီတွင် ကလေးမြို့ ဒိုးဝိုင်းချောင်းသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေများအား အကြောင်းကြား သိစေအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ကိုသန်းထိုက်(ခ)
## ကိုတရုတ်ကြီး
**အသက်(၃၃)နှစ်**

(ဦးမောင်အေး - ဒေါ်ခင်စန်းမြင့်)တို့၏သား၊ ဦးမျိုးမြင့်-ဒေါ်တင်ရီတို့၏သားသမက်၊အမှတ်၄၁၊ နိဗ္ဗာန်ကျောင်းလမ်း၊ ဆရာစံ မြောက်အနောက်ရပ်ကွက်၊ဗဟန်းမြို့နယ်နေ မအေးအေးမော်၏ချစ်လှစွာသောခင်ပွန်း၊ မလင်းလဲ့လဲ့ထွန်း Grade-II (ကုံကော်ဆောင်) အမက(၃)ဗဟန်း (မူလတန်းလွန်ကျောင်း)၏ ချစ်လှစွာသောဖခင်သည် ၉-၆-၂၀၁၅ရက်(အင်္ဂါနေ့) ည ၈း၄၅နာရီတွင် ကွယ်လွန်သွားပါ၍ ၁၁-၆-၂၀၁၅ရက် (ကြာသပတေးနေ့) ညနေ ၄နာရီတွင်ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၅-၆-၂၀၁၅ရက်(တနင်္လာနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

**ရဟန်းဒါယကာကြီး**
## ဦးတင်အေး
**အသက်(၉၆)နှစ်**

ဧရာဝတီတိုင်းဒေသကြီး၊ ဘိုကလေးမြို့နယ်နေ (ဦးဘိုးထိုက်-ဒေါ်စောမြိုင်)တို့၏သား၊ (ဒေါ်ညွန့်ကြည်)၏ခင်ပွန်း၊ (မခင်ဝင်းကြည်)၊ ကိုအောင်ကျော်စိုး-မငွေးငွေးဝင်း၊မောင်ကျော်စိုးမိုး၊မခင်သိန်းတို့၏ဖခင်ကြီး၊မရူပါစိုး၊ ဗိုလ်မှူးနောင်နောင်လတ်၊ မောင်ကောင်းကောင်းလတ်၊မဆုပိုပိုအောင်၊ မောင်စိုးနောင်နောင်တို့၏အဘိုးသည် ၉-၆-၂၀၁၅ရက် (အင်္ဂါနေ့)နံနက် ၉နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၆-၂၀၁၅ရက်(ကြာသပတေးနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၅-၆-၂၀၁၅ရက်(တနင်္လာနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိ တောင်ဥက္ကလာပမြို့နယ်၊ (၁၂)ရပ်ကွက်၊ မာဃ ၄လမ်း၊ အမှတ် ၇၀၅ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး**
## ဦးကျော်လှိုင်
**အသက်(၈၈)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်၊ (၂၃)ရပ်ကွက်၊ ရေတွင်းချောင်၊ အောင်ဇမ္ဗူလမ်း၊ အမှတ် ၇၂နေ (ဦးထွန်းစိန်-ဒေါ်စိန်မြ)တို့၏သား၊ ဒေါ်မြညွန့်(ရွှေလက်ထမင်းဆိုင်)၏ခင်ပွန်း၊ ဦးမြင့်သောင်း-ဒေါ်အေးအေးသန်း၊ ဦးအေးငြိမ်း-ဒေါ်အေးအေးသန်း၊ ဦးတင်ထွန်း-ဒေါ်ခင်မမ၊ ဦးမျိုးကျော်-ဒေါ်တင်တင်ခိုင်၊ ဦးဝင်းနိုင်-ဒေါ်ရီရီလှိုင်၊ ဦးကိုကိုနိုင်-ဒေါ်သီတာဝင်း၊ ဦးစိန်ဟန်-ဒေါ်အေးအေးသင်း၊ မမင်းမင်းဟန်တို့၏ဖခင်၊မြေး ၂၂ယောက်တို့၏အဘိုးသည် ၉-၆-၂၀၁၅ရက် (အင်္ဂါနေ့) ည ၈း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၆-၂၀၁၅ရက်(ကြာသပတေးနေ့)ညနေ၅နာရီတွင်ကျိုက္ကစုသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။(နေအိမ်မှကားများ ညနေ ၃း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၅-၆-၂၀၁၅ရက် (တနင်္လာနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

**ဝမ်းနည်းကြေကွဲခြင်း**
## ဦးဝင်းတင့် B.A (Law) LL.B
**အသက်(၆၂)နှစ်**

မန္တလေးမြို့နေ ဒေါ်ယဉ်ယဉ်၏ချစ်လှစွာသောခင်ပွန်း၊ မောင်ကိုကိုလေး-မယဉ်ငြိမ်းအေး၊ ဒေါက်တာသော်ဇင်၊ မောင်ဆက်ဖြိုးဝေတို့၏ချစ်လှစွာသောဖခင် ဦးဝင်းတင့်သည် ၉-၆-၂၀၁၅ရက် နံနက် ၁၁း၄၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရသည့်အတွက် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။ သူငယ်ချင်း ကောင်းရာသုဂတိလားပါစေ။

**ဦးအောင်ဇော်သိန်း-ဒေါက်တာမာမာအေး**
**ပြည်ထောင်စုတရားလွှတ်တော်ချုပ်**

**ဝမ်းနည်းကြေကွဲခြင်း**
## ဦးအေးကို (မြိုင်ကလေး)
**အသက်(၇၇)နှစ်**

စက်မှုဝန်ကြီးဌာန၊ ဝန်ကြီးရုံးမှ ညွှန်ကြားရေးမှူး ဦးကျော်သီဝ-ဒေါ်နှင်းမြမြမိုးတို့၏ဖခင် ဦးအေးကိုသည် ၈-၆-၂၀၁၅ရက်(တနင်္လာနေ့)နံနက် ၇နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးဆောင်ညွှန်ကြားရေးမှူးနှင့်ဝန်ထမ်းမိသားစု**
**မြန်မာ့ဆေးဝါးလုပ်ငန်း**

## ဒေါ်ကြာခိုင် (စစ်တွေ)
**အသက်(၈၈)နှစ်**

စစ်တွေမြို့၊ အမျိုးသားကျောင်းအုပ်ကြီး (ဦးထွန်းအောင် - ဒေါ်စံဝင်းဖြူ) တို့၏သမီး၊ (ဦးစောသာ)၊ (ဦးသာဒိုးအောင်)၊ (ဒေါ်သာန)၊ (ဦးဖသထော်)၊ (ဒေါ်မေခါ)၊ ဦးသာဇံအောင်တို့၏ညီမ၊ (ဦးလှဘော်သူ၊ အိုးအိမ်ဦးစီးဌာန)၏ဇနီး၊Capt ဦးစံဘော်အောင်-ဒေါက်တာဒေါ်သြီမီကျော်ဇော၊ ဒေါ်နီနီခိုင်၊ ဦးရွှေဘော်တို့၏မိခင်၊ မအေးမီမီစံဘော် (ဆေး-၁)၊ မောင်ရဲမြတ်စံဘော်(သွား/ဆေး)တို့၏အဘောင်ရှင်သည် ၇-၆-၂၀၁၅ရက်(တနင်္ဂနွေနေ့)ညနေ ၄း၁၈ နာရီတွင် ၃၄လမ်း၊ အမှတ် ၁၈၀/၃ နေအိမ်၌ ကွယ်လွန်သွားပါ၍ ၈-၆-၂၀၁၅ရက်(တနင်္လာနေ့)ညနေ ၅နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အားအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၃-၆-၂၀၁၅ရက်(စနေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ ၃၄လမ်း (အထက်လမ်း)၊ ကျောက်တံတားမြို့နယ်၊(၂)ရပ်ကွက် ဓမ္မာရုံသို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
## ဦးလှသောင် အသက်(၈၁)နှစ်

ရန်ကုန်မြို့၊မင်္ဂလာဒုံမြို့နယ်၊ထောက်ကြန့်မြို့၊ ဈေးရပ်ကွက်၊ အမှတ် ၉နေ (ဦးမြတ်သာဒွန်း-ဒေါ်အေးဆင့်)တို့၏သား၊ မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ် (ဦးအောင်တင်-ဒေါ်သောင်းခင်)တို့၏သားသမက်၊ ထောက်ကြန့်မြို့နေ (ဦးအောင်ကြင်-ဒေါ်ကြည်)တို့၏ညီ/မောင်၊ ဦးစိုးမြင့်-ဒေါ်ခင်စိန်၊ လှည်းကူးမြို့နေ (ဦးအုန်းလွင်-ဒေါ်မြမြ)၊ မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်နေ ဦးတရုတ်ဖြူ-ဒေါ်မြစန်းတို့၏ အစ်ကို၊ ထောက်ကြန့်မြို့နေ ကိုချစ်ကိုကို-မစန်းလှထွန်း၊ ကိုဝင်းကိုကို-မမို့မို့ဝင့်တို့၏ဖခင်၊ မအိနေခြည်ကို၊ မောင်အောင်ခန့်ကိုတို့၏အဘိုး၊ ဒေါ်မြရှင်၏ ချစ်လှစွာသောခင်ပွန်းသည် ၉-၆-၂၀၁၅ရက် (အင်္ဂါနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၆-၂၀၁၅ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ထောက်ကြန့်မြို့နေအိမ်မှ မြို့ရှောင်လမ်းသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု

## ဒေါ်ရင်ရင် အသက်(၈၆)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ယောမင်းကြီးလမ်း၊အမှတ် ၇၄/၃နေ (ဦးအောင်ဆင်-ဒေါ်ငွေသန်း)တို့၏သမီး၊ ဦးကြူး၏ဇနီး၊ဦးစောလှိုင်-ဒေါ်သန္တာချစ်ဆိုင်၊ ဦးသိန်းအောင် - ဒေါ်ခင်မာကြူး၊ ဒေါက်တာသီတာကြူး (ဆေးရုံအုပ်၊ ရန်ကုန် အရိုးရောဂါအထူးကု ဆေးရုံကြီး)တို့၏မိခင်၊ မဇွန်ပွင့်အောင် [Project Officer (Nanyang Technological University)]၊ မောင်ပြည့်ဖြိုးအောင် (Nanyang Polytechnic) တို့၏ အဘွားသည် ၁၀-၆-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၆-၂၀၁၅ရက်(တနင်္ဂနွေနေ့)နံနက် ၉နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၇နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

**ခရစ်တော်၌အိပ်ပျော်ခြင်း**
## PI DIM KHAN VUNG
**အသက်(၇၈)နှစ်**

တီးတိန်မြို့၊ လွယ်ဘွာလ်ရပ်ကွက်နေ (PU NGUL KHAW NANG)၏ ဇနီး၊ ကလေးမြို့နေ (Capt. CIN THANG - PI NING KHAW CING), PI NIANG MAN CING တို့၏သမီးကြီး၊ PA SUAN CIN KHUP - NU VUNG KHAN HUAI, NU TUAN ZEN NIIANG-(PA TUAL MANG), PA THANG LAM KHAI-NU KAI KHAN CIIN, SIAMA CIIN NGAIH DIM, SIA DO LAM SUM, NU CING ZAM LUN-PA GIN SIAN KAM, NU MANG KHAN NIANG-PA PAU CIN KHUP, NU CIN KHAN DON-PA KHUP DEIH CIN, SIAMA CING KHAN BAN တို့၏မိခင်၊ မြေး ၂၀ တို့၏အဘွားသည် ၉-၆-၂၀၁၅ရက် နံနက် ၄း၃၀နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၁-၆-၂၀၁၅ရက် ညနေ ၃နာရီတွင် နေအိမ်၌ ဝတ်ပြုဆုတောင်းပြီး တီးတိန်မြို့ လွယ်ဘွာလ်ရပ်ကွက် ခရစ်ယာန်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

# မြန်မာနိုင်ငံတွင် ပထမဆုံး ယူနက်စကို၏ ဇီဝအဝန်းနယ်မြေဖြစ်လာသည့် အင်းလေးဒေသ



သတင်း-မိုးသူဇာစိုး၊ ဓာတ်ပုံ-ပြန်/ဆက်

**နေပြည်တော် ဇွန် ၁၀**

ပြင်သစ်နိုင်ငံ ပါရီမြို့တွင် ဇွန် ၈ ရက်မှ ၁၂ ရက်အထိ ကျင်းပလျက်ရှိသည့် (၂၇)ကြိမ်မြောက် ကုလသမဂ္ဂပညာရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာအဖွဲ့(ယူနက်စကို)၏ လူသားနှင့်ဇီဝအဝန်းနယ်မြေ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကောင်စီအစည်းအဝေး၌ ရှမ်းပြည်နယ်တောင်ကြီးခရိုင် ညောင်ရွှေမြို့နယ်ရှိ အင်းလေးကန်ဒေသကို မြန်မာနိုင်ငံ၏ ပထမဆုံး ဇီဝအဝန်းနယ်မြေ (Biosphere Reserve) အဖြစ် ဇွန် ၉ ရက်တွင် အတည်ပြုသတ်မှတ်ခဲ့ကြောင်း သိရသည်။

ယခုနှစ်တွင် ယူနက်စကိုသို့ နိုင်ငံပေါင်း ၁၉ နိုင်ငံမှ နေရာဒေသ ၂၆ ခုကို ဇီဝအဝန်းနယ်မြေအဖြစ် အဆိုပြုတင်သွင်းခဲ့ရာ နယ်မြေဒေသ ၂၀ ကို အတည်ပြုသတ်မှတ်နိုင်ခဲ့ခြင်းဖြစ်သည်။ သို့ဖြစ်၍ ၂၀၁၄ ခုနှစ်တွင် ကမ္ဘာတစ်ဝန်းရှိ နိုင်ငံပေါင်း ၁၁၉ နိုင်ငံတွင် လူသားနှင့်ဇီဝအဝန်းနယ်မြေပေါင်း ၆၃၁ ခုရှိရာမှ ယခုနှစ်တွင် ၆၅၁ ခုအထိ သတ်မှတ်နိုင်ခဲ့ပြီဖြစ်သည်။

*စာမျက်နှာ ၁၀ ကော်လံ ၁* ✻

# မြန်မာ ယူ-၂၃ အသင်း ဆီမီးတွင် ဗီယက်နမ်နှင့် ကစားရမည်

သတင်း-ညီမြတ်သော်တာ
ဓာတ်ပုံ-စိုးညွန့်(ခေတ္တစင်ကာပူ)

**စင်ကာပူ ဇွန် ၁၀**

ဆီးဂိမ်းအမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များကို ယနေ့ ညပိုင်းက စင်ကာပူနိုင်ငံရှိ ဂျလန်းဘီဆာကွင်း၌ ယှဉ်ပြိုင်ကစားရာ မြန်မာနှင့် ကမ္ဘောဒီးယားတို့ သုံးဂိုးစီ သရေကျသွားသည်။

မြန်မာအသင်းမှာ အုပ်စုတွင်းပွဲစဉ်များတွင် ရှုံးပွဲမရှိ ကစားကာ အုပ်စုဗိုလ်အဖြစ် ဆီမီးသို့ တက်သွားပြီဖြစ်သည်။ အရန်ကစားသမားများကို အသုံးပြုခဲ့သည့် မြန်မာအသင်းမှာ နောက်ကျဂိုး နှစ်ဂိုးကြောင့်သာ သရေကျခဲ့ခြင်းဖြစ်သည်။ ဆီမီးအဆင့်သို့ တက်ရောက်ပြီဖြစ်သည့် မြန်မာအသင်းမှာ အပြောင်းအလဲများ ပြုလုပ်ခဲ့ပြီး ပုံမှန်ပွဲထွက်နေကျ ကစားသမားများထဲမှ ကျော်ဇင်လွင်၊ ရဲဝင်းအောင်၊ ဖြိုးကိုကိုသိန်း၊ ရဲကိုဦးနှင့် ရှိုင်းသူရတို့သာ ပါဝင်ခဲ့သည်။ အရန်ကစားသမားအများအပြား ပါဝင်လာသည့် မြန်မာအသင်းမှာ ခြေစွမ်းပြနိုင်ခြင်းမရှိဘဲ ကမ္ဘောဒီးယားအသင်း၏ ဖိအားပေးခြင်းကို ခံခဲ့ရသည်။ ၂၇ မိနစ်တွင် မြန်မာအသင်း ဂိုးစပေးခဲ့ရပြီး ဆောပန်ကွမ်က ကမ္ဘောဒီးယားအတွက် ဂိုးစတင်သွင်းယူခဲ့ခြင်းဖြစ်သည်။ ပထမပိုင်းပြီးခါနီးတွင် မြန်မာအသင်း ပယ်နယ်တီ နှစ်ကြိမ်ဆက်ပေးခဲ့ရပြီး ကမ္ဘောဒီးယားအတွက် ဗာသန်နာကာက ဒုတိယဂိုး ထပ်မံသွင်းယူခဲ့သည်။

ပထမပိုင်းတွင် နှစ်ဂိုးပြတ်ရှုံးနေသည့် မြန်မာအသင်းမှာ ဒုတိယပိုင်းတွင် အမာခံကစားသမားများဖြစ်သည့် ကောင်းဆက်နိုင်၊ စည်သူအောင်နှင့် လှိုင်းဘိုဘိုတို့ကို ထည့်သွင်းကစားခဲ့သည်။ ၅၂ မိနစ်တွင် သီဟဇော်က မြန်မာအသင်းအတွက် ချေပဂိုးသွင်းယူပေးခဲ့သော်လည်း နှစ်မိနစ်အကြာတွင် ဗာသန်နာကာက ကမ္ဘောဒီးယားအတွက် တတိယဂိုးသွင်းယူပြီး ဦးဆောင်ခဲ့သည်။ ပွဲပြီးခါနီးမှ မြန်မာအသင်း ကစားပုံကောင်းလာခဲ့ပြီး ၈၉ မိနစ်တွင် ကောင်းဆက်နိုင်က ဒုတိယဂိုး၊ အချိန်ပိုမိနစ်တွင် စည်သူအောင်က တတိယဂိုးသွင်းယူခဲ့သောကြောင့်



မြန်မာအသင်းနှင့် ကမ္ဘောဒီးယားတို့ ယှဉ်ပြိုင်ကစားစဉ်။

*စာမျက်နှာ ၉ ကော်လံ ၂* ✪

## မြန်မာ့ရုပ်မြင်သံကြားမှ မြန်မာနှင့် ထိုင်း ပိုက်ကျော်ခြင်း အမျိုးသားနှစ်ယောက်တွဲပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် ဇွန် ၁၀**

(၂၈)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ပိုက်ကျော်ခြင်း အမျိုးသားနှစ်ယောက်တွဲပွဲစဉ်၌ မြန်မာအသင်းနှင့် ထိုင်းအသင်းတို့ ယှဉ်ပြိုင်ကစားကြပုံများကို မြန်မာ့ရုပ်မြင်သံကြား News Channel နှင့် Entertainment Channel တို့မှ ဇွန် ၁၁ ရက် နံနက် ၉ နာရီခွဲမှစတင်ပြီး တိုက်ရိုက်ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

အရာကောင်း (ဒေါ-၂) အဝ်လိပ်စာ (၁) ဒေါက်တာထွန်းထွန်းနိုင်မှ တည်ထောင်သော
တက - ၁၃/၄၃/၀၈၄
ကောင်းထက်ကျော်
တန်းစုံ ကိုယ်ပိုင်အထက်တန်းကျောင်း
အဆင့်မြင့် စာသင်ဝိုင်းများ
အထူးစခန်းသွင်း ဘော်ဒါဆောင်
ယခုနှစ်အောင်စာရင်းတွင်
မနှင်းရည်သင်း ဆဝဗဟ - ၆၈၆ ဘာသာစုံဂုဏ်ထူး (ကိုယ်ပိုင်ကျောင်း)
မငြိမ်းဆုသာ ဆတမ - ၇၇ ဘာသာစုံဂုဏ်ထူး (စာသင်ဝိုင်း) (လှူရည်ချွန်နှစ်ထပ်ကွမ်း)
မမေပိပိမောင် ဆဝဗဟ - ၂၉၅ ဘာသာစုံဂုဏ်ထူး (စာသင်ဝိုင်း)
မခင်ရွှေပါသင်း ဆလသ - ၂၅၇ ဘာသာစုံဂုဏ်ထူး (စာသင်ဝိုင်း)
မသီရိနန္ဒာအောင် ဆဒဂ - ၄၇၉ ဘာသာစုံဂုဏ်ထူး (စာသင်ဝိုင်း)
မငြိမ်းဆုသာ ဆတမ-၇၇ ဘာသာစုံဂုဏ်ထူးသည် သိပ္ပံဘာသာတွဲတွင် စုစုပေါင်းရမှတ် - ၅၅၁ မှတ်ဖြင့်
မြန်မာတစ်နိုင်ငံလုံး အဆင့် (၆) The Whole Myanmar 6 ရရှိပါသဖြင့်
ကောင်းထက်ကျော်ပညာရိပ်မွန်မှ အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း
၅ ဘာသာဂုဏ်ထူးရှင် - ၁၈ ဦး
၄ ဘာသာဂုဏ်ထူးရှင် - ၂၃ ဦး
၃ ဘာသာဂုဏ်ထူးရှင် - ၂၀ ဦး
၂ ဘာသာဂုဏ်ထူးရှင် - ၁၁ ဦး
၁ ဘာသာဂုဏ်ထူးရှင် - ၂၆ ဦး
နှင့်အတူ
HOT LINE - 09 421 168127, 09 420 700008, 01 548339,01 552348
ဖြအမှတ် - ၃၃ (ဗီ - ၂)၊ ၅၀(Big)၊ နတ်မောက်လမ်းသွယ် (၁) မြန်မာ့အလင်းသတင်းစာတိုက်လမ်း၊ ဗိုလ်စိန်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www.facebook.com/MYANMAALINNEWS

